ကြေးမုံ
The Mirror Daily
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 8 May 2020 ၁၀၀၀၆



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

# အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲ ပါဝင်ဆင်နွှဲကြရန် ရေးသားဖော်ပြ

**နေပြည်တော် မေ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲ ပါဝင်ဆင်နွှဲကြရန် ၎င်း၏ဖေ့စ်ဘွတ် စာမျက်နှာမှ ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိမ်တွင်းဖြစ် ပိတ်စနှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲ ပြုလုပ်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ နှာခေါင်းစည်း တစ်ခု သို့မဟုတ် တစ်ခုထက်များလည်း ရပါကြောင်း၊ ကိုယ်တိုင်ချုပ်ရမည်ဖြစ်ပြီး လက်နှင့်ပဲ ချုပ်ချုပ်၊ စက်နှင့်ပဲ ချုပ်ချုပ် ရပါကြောင်း၊ အရောင်၊ ဒီဇိုင်းကို နှစ်သက်ရာ ရွေးချယ်နိုင်ပါကြောင်း။

**LIKE အများဆုံးရရှိသူ (၃)ဦးကို ဆုချီးမြှင့်မည်**

မိမိကိုယ်တိုင်လည်း နှာခေါင်းစည်းတစ်ခုကိုချုပ်ပြီး နှာခေါင်းစည်း တပ်ထားသည့်ပုံကို မေလ ၁၃ ရက်တွင် မိမိ၏ ဖေ့စ်ဘွတ်တွင် တင်မည် ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများ မိမိတင်သည့် Facebook Post အောက် Comment တွင် မိမိတို့ကိုယ်တိုင်လုပ်ထားသည့် နှာခေါင်းစည်း ဓာတ်ပုံလေးတွေကို တင်ပေးကြရန်ဖြစ်ကြောင်း၊ မေလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ သုံးရက်အတွင်း တင်လာကြသည့် နှာခေါင်းစည်းဓာတ်ပုံများထဲမှ ပြည်သူများ အနှစ်သက်ဆုံးအဖြစ် LIKE အများဆုံးရရှိသူ (၃)ဦးကို ရွေးချယ်ပြီး ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ရွေးချယ်ရာတွင် ကျန်းမာရေးနှင့် ညီ၊ မညီ၊ ဘယ်လိုချုပ်ထားသည်ဆိုတာတွေကို ထည့်စဉ်းစားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် ပိတ်စနှာခေါင်းစည်းလှလှလေးတွေချုပ်ရင်း ဒီပြိုင်ပွဲမှာ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြရန်ဖြစ်ကြောင်း ဖိတ်ခေါ်ရေးသားထားသည်။

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**ရန်ကုန် မေ ၇**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



စင်ကာပူနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

လူငယ်များနှင့် Stay at Home
စာမျက်နှာ » ၆

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါမှ ပြန်လည်နာလန်ထူနိုင်ရန်အတွက် မေလ လစာကို လျှော့ဒါန်းကြရန် သီရိလင်္ကာအစိုးရက အစိုးရဝန်ထမ်းများကို မေတ္တာရပ်ခံ
စာမျက်နှာ » ၁၁

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅



ကြေးမုံ

# မိမိကိုယ်ကိုယ်သာ အားကိုးနေရမည်

မိမိတို့တွင် ကြုံတွေ့နေရသော ဒုက္ခဆင်းရဲအပေါင်းတို့သည် "ဘယ်သူမပြု မိမိမှု" မိမိတို့ ကိုယ်နှိုက်သာလျှင် လုပ်ဆောင်ဖန်တီးခဲ့ခြင်းသာ ဖြစ်သည်။ ခန္ဓာသဘောအရလည်းကောင်း၊ လောကသဘောအရလည်းကောင်း၊ တရားသဘောအရလည်းကောင်း မိမိကိုယ်ကိုယ် နှိပ်စက်သူသည် မိမိသာလျှင် ဖြစ်သည်။ မိမိကိုယ်ကိုယ် ဒုက္ခပြုသူသည် မိမိသာပင် ဖြစ်ပေသည်။ ထို့ကြောင့် မိမိကိုယ်ကိုယ် နှလုံးသွင်းဆင်ခြင်ပြီး သင့်တင့်လျောက်ပတ်စွာ ပြုပြင်စီမံ နေထိုင်ရမည် ဖြစ်သည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူခါနီးအချိန်ကာလတွင် ရဟန်းသံဃာနှင့် တပည့်သာဝကများအား "ကိုယ့်ကိုယ်ကိုယ်သာ အားကိုးနေရမည်၊ တရားကိုသာ ကိုင်းကျွန်းပမာ မှီခိုအားထား၍ နေရမည်၊ အခြားအားကိုးရာမရှိ" ဟု အကြိမ်ကြိမ်အထပ်ထပ် မိန့်တော်မူခဲ့သည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် -

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဟု နောက်ဆုံးဩဝါဒစကားကို မှာကြားမိန့်တော်မူသည်။ " ချစ်သားတို့ - သင်တို့အား ယခုနောက်ဆုံးစကား မှာကြားပေအံ့ - ဖြစ်ပေါ်သမျှသဘာဝတို့သည် ပျက်စီးရသည်ချည်းသာတည်း။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ရစ်ကြကုန်လော့" ဟူ၍ဖြစ်သည်။

မျက်မှောက်ကာလ ဖြစ်ပေါ်သမျှသော သဘာဝတို့သည် ပျက်စီးခြင်းသဘောဖြစ်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။ ထို့ကြောင့် မြဲမြံသောသတိဖြင့် ကောင်းသောအမှုတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်သည်။ လက်ရှိတွင် ကပ်ရောဂါဘေး၊ သဘာဝဘေးတို့ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ အနိစ္စသဘောအရ ပျက်စီးခြင်းသဘောတို့ကို မလွဲမသွေကြုံတွေ့ရမည်ဖြစ်၍ ထိုဘေးတို့ကို မြဲမြံသောသတိဖြင့် ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်သည်။

ယခုအခါ ရောဂါကပ်ဘေးကို မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရသည်။ ရောဂါကပ်ဘေးတွင် ကူးစက်ခြင်းမခံရစေရေးအတွက် ကုသိုလ်တရားများကို ပွားတိုးအားထုတ်ရင်း မြဲမြံသောသတိဖြင့် သတိမူဆင်ခြင်နေထိုင်ကြရမည် ဖြစ်သည်။ ရောဂါကူးစက်ခြင်း၊ တိုးပွားခြင်းတို့သည် မိမိတို့ကြောင့်ပင်ဖြစ်သည်ကို သတိပြုရမည် ဖြစ်သည်။ အနေအထိုင်ဆင်ခြင်ပါ၊ အကာအကွယ်ပြုလုပ်ပါတို့ကို မလိုက်နာသောကြောင့် ဖြစ်သည်။ မြဲမြံသောသတိဖြင့် လိုက်နာကြလျှင် ရောဂါကင်းဝေးမည် ဖြစ်သည်။

တစ်ဖန် ယခုအချိန်ကာလသည် နွေရာသီလည်းဟုတ်၊ မိုးကြိုရာသီလည်းဟုတ်သည်။ နွေရာသီ၏ အပူဒဏ်ကို လူအများ ထူးထူးကဲကဲ ခံစားနေကြရသည်။ ဤသည်မှာ ပျက်စီးခြင်းသဘာဝတရား ဖြစ်သည်။ နွေရာသီ ကာလ အပူရှိန်ပြင်းထန်ချိန်နှင့် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ ယခင်ထက်ပို၍ မြဲမြံသောသတိဖြင့် အထူးဂရုစိုက် လိုက်နာဆင်ခြင်နေထိုင်ကြရမည် ဖြစ်သည်။ အပူဒဏ်ကို ကာကွယ်ကြရမည်ဖြစ်သလို ရောဂါကူးစက်မှုကိုလည်း ကာကွယ်ကြရမည်။

အပူဒဏ်ခံစားနေရစဉ်၊ ကူးစက်ရောဂါကြုံတွေ့နေရစဉ် ရာသီအကူးအပြောင်း၌ ထပ်မံဖြစ်ပွားလာနိုင်သည့် အပူဒဏ်ကြောင့် အားအင်ကုန်ခန်းမှု၊ ရောဂါအခံများတိုးလာစေမှု၊ ကိုဗစ် - ၁၉ ထက်ပင် အသက်သေဆုံးမှုဖြစ်စေနိုင်သော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောဘေးတို့ကိုလည်း သတိထားရမည် ဖြစ်သည်။ ထိုသဘာဝဘေး၊ ရောဂါဘေးအမျိုးမျိုးတို့ကို သတိထားဆင်ခြင်ပြီး ကိုယ့်ကိုယ်ကိုယ်သာ အားကိုးကာ သတိထားဆင်ခြင်နေထိုင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရုပ်ဝတ္ထုခန္ဓာတို့သည် ပျက်စီးခြင်းသဘောတရားများသာဖြစ်သည်။ အနိစ္စသဘောတရားများသာ ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ နောက်ဆုံးမိန့်မှာကြားခဲ့မှုအရ ဖြစ်ပေါ်သမျှ သဘာဝတို့သည် ပျက်စီးရသည်ချည်းသဘောသာဖြစ်၍ လက်ရှိဘဝတွင် မြဲမြံသောသတိဖြင့် သတိမူဆင်ခြင်နေထိုင်ပြီး သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါသတည်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၇**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် -၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ဆဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စည်းကမ်းထိန်းသိမ်း ကြရန်လို**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိအခြေအနေအထိ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကို ထိန်းချုပ်နိုင်ခြင်း မရှိသေးသဖြင့် Home Stay သာနေကြရန်၊ မဖြစ်မနေ အရေးကြီးသော ကိစ္စရှိမှသာ အပြင်သို့ထွက်ခြင်း၊ ယာယီတာဝန်သွားခြင်းများ လုပ်ဆောင်ကြရန် လိုကြောင်း၊ ရောဂါကူးစက်မှုအန္တရာယ် ကြီးမားနိုင်သည့်အတွက် တပ်မတော်သားများသာမက တပ်တွင်း၊ တပ်ပြင်နေ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် အလုပ်ကိစ္စမရှိဘဲ အပြင်သို့ သွားလာခြင်းမပြုကြရန်နှင့် စည်းကမ်းထိန်းသိမ်းကြရန် လိုကြောင်း၊ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနိုင်ရန် အရေးကြီးသည့်အတွက် ယခုထက် ပိုမိုစစ်ဆေးနိုင်မည့်နည်းလမ်းများ ဆောင်ရွက်ကြရန် လိုကြောင်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ တပ်မတော်ပိုင် စက်ရုံ၊ အလုပ်ရုံများတွင် သတ်မှတ်ချက်များအတိုင်း စစ်ဆေးမှုနှင့် စည်းကမ်းထိန်းသိမ်းမှုများကို တိတိကျကျ စစ်ဆေးကြပ်မတ်လိုက်နာကြရန် လိုကြောင်း။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား နယ်စပ်ဂိတ်များတွင် လိုအပ်သော စစ်ဆေးမှုလုပ်ငန်းစဉ်များ ပြုလုပ်နိုင်ရန် အရေးကြီးကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့အတွက် တာဝန်ပေးထားသည့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများအားလုံးကိုလည်း စစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ ထပ်မံ၍ မှာကြားလိုသည်မှာ အခြေအနေမှန်ကို အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန် လိုအပ်ကြောင်း၊ တာဝန်ပေး၍ လုပ်ဆောင်သည် မဟုတ်ဘဲ လူတိုင်း လူတိုင်း တာဝန်သိသိဖြင့် လုပ်ဆောင်ကြရန် လိုကြောင်း မှာကြားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၂၂၄ | ၂,၃၅၈,၀၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၅၀ | ၉,၈၈၅ | ၃၇,၉၀၇,၂၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၉ | ၇၂,၂၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၁၆၄ | ၃,၈၂၇,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၈၉ | ၁,၃၄၄,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၇

ရန်ကုန်(ရွှေဈေး) ၁၁၇၄၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၄၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၅/၄၇၅ ကျပ် | ၄၄၀/၄၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၂၀/၄၆၅ ကျပ် | ၄၈၅/၅၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၀၀/၃၃၀ ကျပ် | ၃၃၀/၃၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၅/၄၈၅ ကျပ် | ၄၅၅/၄၈၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၁၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၃၅/၃၄၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၇.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၀၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၁၂၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၁၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၀၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၂.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၄.၇၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၃.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၀၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၀၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၀ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၉/၂၀၁၇)၊ ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၁/၂၀၁၈) နှင့် ၁၅.၁.၂၀၁၉ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၁၉၅၉၈<br>ဗိုလ်မှူးကြီး ဝင်းလွင်ဦး | အစား | ကြည်း ၂၃၀၈၉<br>ဗိုလ်မှူးကြီး စောကြည်နိုင် |
| (၂) | ကြည်း ၁၉၉၉၁<br>ဗိုလ်မှူးကြီး တင်ထွန်းဦး | အစား | ကြည်း ၂၁၆၆၂<br>ဗိုလ်မှူးကြီး သန်းလှိုင် |
| (၃) | ကြည်း ၂၀၇၂၆<br>ဗိုလ်မှူးကြီး မောင်ဆန်း | အစား | ကြည်း ၁၈၈၃၇<br>ဗိုလ်မှူးကြီး မင်းသော် |
| (၄) | ကြည်း ၂၂၆၃၅<br>ဒုတိယဗိုလ်မှူးကြီး/ဗိုလ်မှူးကြီး ခင်မောင်ဆွေ | အစား | ကြည်း ၂၈၂၈၆<br>ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၁/ ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၁.၈.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇)၊ ၁၅. ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၂/၂၀၁၈) နှင့် ၂၇. ၁. ၂၀၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၂၀)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လေ ၁၉၁၄<br>ဗိုလ်မှူးချုပ် ဇော်မြင့်စန်း | အစား | လေ ၂၀၈၄<br>ဗိုလ်မှူးကြီး အောင်မျိုးကျော် |
| (၂) | ကြည်း ၂၀၈၇၀<br>ဗိုလ်မှူးကြီး ခင်မောင်နိုင် | အစား | ကြည်း ၂၂၆၂၁<br>ဗိုလ်မှူးကြီး ခိုင်မင်း |
| (၃) | ကြည်း ၂၀၅၉၅<br>ဗိုလ်မှူးကြီး နိုင်ဦး | အစား | ကြည်း ၂၁၁၀၉<br>ဗိုလ်မှူးကြီး စောထွန်းအောင် |
| (၄) | ကြည်း ၁၉၇၂၇<br>ဗိုလ်မှူးကြီး လှဝင်းအောင် | အစား | ကြည်း ၂၃၈၀၂<br>ဗိုလ်မှူးကြီး စိန်ဝင်း |
| (၅) | ကြည်း ၁၉၇၅၃<br>ဗိုလ်မှူးကြီး သန်းထိုက် | အစား | ကြည်း ၂၀၆၀၁<br>ဗိုလ်မှူးကြီး အောင်မျိုး |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၉၂ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေ လ ၇ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၆/၂၀၁၇) နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၀၆၁၅<br>ဗိုလ်မှူးကြီး ကျော်ကျော်ဦး | အစား | ကြည်း ၂၃၇၅၂<br>ဗိုလ်မှူးကြီး ခင်မောင်မောင် |
| (၂) | ကြည်း ၂၇၉၄၄<br>ဗိုလ်မှူး တေဇာလင်း | အစား | ကြည်း ၄၃၁၆၉<br>ဗိုလ်မှူး ဉာဏ်လင်းထွန်း |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၂၅၂၀၄<br>ဗိုလ်မှူး နေလင်း | အစား | ကြည်း ၂၀၀၈၀<br>ဗိုလ်မှူးကြီး နေဝင်းအောင် |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၂၉၉၈၉<br>ဗိုလ်ကြီး တင်ဌေး | အစား | ကြည်း ၁၉၃၁၀<br>ဗိုလ်မှူးကြီး သက်နိုင် |
| (၅) | ကြည်း ၄၆၈၀၄<br>ဗိုလ်ကြီး စိုးသူ | အစား | ကြည်း ၅၉၂၆၆<br>ဗိုလ်ကြီး ဇင်မင်းထွန်း |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၄၀၃၅<br>ဗိုလ်မှူး ဝင်းနိုင်အောင် | အစား | ကြည်း ၂၃၀၁၃<br>ဗိုလ်မှူးကြီး သန့်ဇင်ဦး |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၄၈၂၀၀<br>ဗိုလ်ကြီး သိန်းတန် | အစား | ကြည်း ၆၂၅၂၂<br>ဗိုလ်ကြီး ကျော်သူ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**❍ စင်ကာပူနိုင်ငံမှ**

၁၄၄ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines –MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပထမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၇–၅–၂၀၂၀ ရက်၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

လက်ရှိတွင် ပြည်ပနိုင်ငံအသီးသီး၌ အမှန်တကယ် အခက်အခဲကြုံတွေ့နေသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၃၀–၄–၂၀၂၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၆ ဦး၊ ၂–၅–၂၀၂၀ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ၁၉၅ ဦး၊ ၆–၅–၂၀၂၀ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၃၈ ဦးနှင့် ထိုင်းနိုင်ငံမှ ၁၃၅ ဦး၊ ၇–၅–၂၀၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ၁၄၄ ဦး စုစုပေါင်း ၆၀၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director အား Teleconference ဖြင့် လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၇**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director, Ms. Mariam J. Sherman အား Teleconference ဖြင့် လက်ခံတွေ့ဆုံခဲ့သည်။

**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ COVID–19 Economic Relief Plan (CERP) အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တုံ့ပြန်ရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှ Myanmar COVID–19 Emergency Response Project အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ နှင့် Essential Health Services Access Project (EHSAP) အတွက် ချေးငွေ အမေရိကန်ဒေါ်လာ ၅ သန်း ပံ့ပိုးပေးမည့်ကိစ္စနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ထို့ပြင် ကမ္ဘာ့ဘဏ်၏ Global Pandemic Emergency Facility (PEF) အစီအစဉ်မှ မြန်မာနိုင်ငံသို့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၈ သန်းပံ့ပိုးပေးမည့်အခြေအနေ၊ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပစ္စည်းဝယ်ယူရေးဆိုင်ရာကိစ္စရပ်များ၊ Myanmar: National Food and Agriculture Systems Project အတွက် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ တိုးမြှင့်ပံ့ပိုးပေးမည့် အခြေအနေ၊ Additional Financing အဖြစ် Essential Health Services Access Project အတွက် IDA မှ အမေရိကန်ဒေါ်လာ ချေးငွေသန်း ၁၀၀ နှင့် ကမ္ဘာ့ဘဏ်၏ Global Financing Facility အစီအစဉ်မှ ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁၀ သန်း ပံ့ပိုးပေးမည့်အခြေအနေ၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ Country Partnership Framework (2019–2023) အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီဆောင်ရွက်နေသည့် အခြေအနေများအား ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်းတို့ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director ဦးဆောင်သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေး

**နေပြည်တော် မေ ၇**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director, Ms. Mariam J. Sherman ဦးဆောင်သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြုလုပ်သည့် Teleconference သို့ တက်ရောက်ကြသည်။

ယင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်းတို့က မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တုံ့ပြန်ရေးဆောင်ရွက်မှု၊ ကိုဗစ်–၁၉ ကြောင့် အများဆုံး ထိခိုက်ခံခဲ့ရသည့် CMP, Tourism နှင့် SMEs များသို့ ကိုဗစ်–၁၉ ရန်ပုံငွေထူထောင်၍ ပံ့ပိုးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ကြသော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများနှင့် ထောက်ပံ့ငွေများရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းနေမှုများနှင့် လယ်ယာလုပ်ငန်းကဏ္ဍတွင် လယ်သမားများသို့ ချေးငွေများ အမြန်ဆုံးပံ့ပိုးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ US/USAID၊ UK/DFID၊ Australia/DFAT၊ Japan International Cooperation Agency (JICA)၊ Asian Development Bank (ADB) နှင့် IMF တို့မှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံ၏ COVID–19 Economic Relief Plan (CERP) အား ကြိုဆိုကြသည်။ ၎င်းတို့က CERP အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပံ့ပိုးကူညီသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ COVID–19 response activities များအတွက် ပံ့ပိုးပေးသည့် ငွေကြေးနှင့် အကူအညီများကို လျင်မြန်စွာ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တုံ့ပြန်ရေးဆောင်ရွက်မှုများ အောင်မြင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များက ယခုကဲ့သို့ ဝိုင်းဝန်းကူညီပံ့ပိုးပေးမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ချေးငွေနှင့် ထောက်ပံ့ငွေများ အများဆုံးသုံးစွဲကြမည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများနှင့် အမြန်ဆုံးညှိနှိုင်းဆွေးနွေးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ လစဉ်ပုံမှန်တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

အဆိုပါ Teleconference သို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ဦးဗရတ်ဆင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့နှင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့တို့ COVID -19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် ပူးပေါင်းအကောင်အထည်ဖော်ရေး ဆွေးနွေး



**နေပြည်တော် မေ ၇**

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဝင်များနှင့် UN Resident Coordinator ဖြစ်သူ Ola Almgren ဦးဆောင်သည့် EU၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ နော်ဝေ၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ အစ္စရေးနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNCDF၊ UNDP၊ UNESCO၊ UNFPA ၊ UNIDO ၊ UNOPS ၊ UNRCO၊ FAO မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ILO IMF၊ World Bank၊ ADB၊ DIFID၊ INGO Forum၊ JICA မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများဖြစ်သည့် UMFCCI၊ MCPAD ၊ LRC တို့မှ ကိုယ်စားလှယ်တို့သည် COVID –19 Economic Relief Plan–CERP နှင့်စပ်လျဉ်း၍ ပူးပေါင်းအကောင်အထည်ဖော်ရေးကိစ္စရပ်များကို ယနေ့မွန်းလွဲ ၂ နာရီက Video Conference စနစ်ဖြင့် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက COVID –19 ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရဦးဆောင်၍ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နေမှု၊ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (COVID –19 Economic Relief Plan–CERP) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တွဲဖက်အတွင်းရေးမှူး (၁) ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းတို့က COVID –19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ဆိုင်ရာ မျှော်မှန်းချက်ပန်းတိုင်၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဘဏ္ဍာငွေစိစစ်တွက်ချက်ရန်အတွက် အချက်အလက်များ အသုံးပြုဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်အသီးသီးတို့က ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် COVID – 19 စီးပွားရေးထိခိုက်မှုများကို သက်သာစေရန် ကုစားမှုအစီအစဉ်များအတွက် လမ်းပြမြေပုံအဖြစ် CERP ထုတ်ပြန်ခဲ့ခြင်းအပေါ် ကြိုဆိုထောက်ခံပါကြောင်း၊ CERP တွင် ဖော်ပြထားသည့် ပန်းတိုင်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့် ချိတ်ဆက်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ CERP ၏ ပန်းတိုင်၊ မဟာဗျူဟာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေပါကြောင်း ဆွေးနွေးသည်။

COVID –19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ခန့် သုံးစွဲရမည်ဖြစ်ကြောင်း ဖွံ့ဖြိုးမှုဆိုင်ရာ စီးပွားရေးပညာရှင်များက ခန့်မှန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၇**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

**ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။**

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၀)တွင် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၀) တွင် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများကို အဆိုပါဝန်ကြီးရုံး၌ Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။



### သက်ရောက်မှု အလွန်ကြီးမား

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ပုံမှန်လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ကိုဗစ်-၁၉ ကာလနှင့်ကိုက်ညီသော Video Conferencing စနစ်ဖြင့် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၊ လူမှုရေးတို့အပေါ် အကျိုးသက်ရောက်မှုသည် ကြီးမားပြင်းထန်ပြီး မြန်မာနိုင်ငံလည်း ခံစားရကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကျိုးသက်ရောက်မှုများမှာ အလွန်ကြီးမားပါကြောင်း၊ အာရှ - ပစိဖိတ်ဒေသအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှု ပထမရက်(၁၀၀)အစီရင်ခံစာအရ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကိုဗစ်-၁၉ ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်ခံစားရမှုများ၊ အကြမ်းဖက်ခံရမှုများ၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေရှိသော နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်-၁၉ ၏ အမျိုးသမီးများအပေါ် ပေါင်းစပ်သက်ရောက်မှုများကို ခံစားနေရသည်ကို ဖော်ပြထားပါကြောင်း။

### ပူးပေါင်းညှိနှိုင်း

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့တို့ကို ဖွဲ့စည်း၍ စီမံချက်၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ၏ အထူးလိုအပ်ချက်များနှင့် အခန်းကဏ္ဍများကို လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်ချက်များကိုလည်း တာဝန်ရှိသူများက ရှင်းလင်းပေးမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား - မ တန်းတူညီမျှရေးကိစ္စရပ်များကို ဆောင်ရွက်နေသည့် မိမိတို့ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ၏ အကျိုးဆက်များကြောင့် မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသည့် အခြေအနေများကို မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တုံ့ပြန်ဆောင်ရွက်မှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်း ဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေသောကာလအတွက်သာမက ကိုဗစ်-၁၉ ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက်လည်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အမျိုးသမီးများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးကုသမှုခံယူရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများရယူရန် အခက်အခဲများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများတွင် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ၆၀ ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရှေ့တန်းတွင် ပါဝင်နေရသည့်အတွက် ရောဂါပိုးနှင့် ပိုမိုထိတွေ့နိုင်ဖွယ်ရှိပါကြောင်း၊ အသွားအလာကန့်သတ်ခြင်း (Quarantine) အစီအစဉ်များကြောင့် အမျိုးသမီးများ၏ အလုပ်အကိုင်နှင့် စီးပွားရေးများအပေါ်လည်း အကျိုးသက်ရောက်မှုများရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ၂၄ နာရီ ဖွင့်လှစ်

မိမိတို့အနေဖြင့် အမျိုးသမီးအလုပ်သမားများအတွက် ပြန်လည်ကုစားမှုများ၊ အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေးများကို ဆောင်ရွက်ပေးနိုင်ရန်ကိစ္စများကို ဆွေးနွေးပေးကြစေလိုကြောင်း၊ လေ့လာချက်များအရ ကိုဗစ်-၁၉ ကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ မြင့်တက်လာသည်ဟုဖော်ပြလာကြသဖြင့် မြန်မာနိုင်ငံ၏အခြေအနေကိုလည်း လေ့လာသုံးသပ်ရန် လိုအပ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရှိလာပါက တိုင်ကြားနိုင်ရေးအတွက် Help Line ဝန်ဆောင်မှုကို ယခင်အတိုင်း ၂၄ နာရီ ဖွင့်လှစ်ထားရှိပါကြောင်း၊ ထို့အပြင် ယာယီ Hot Line များထားရှိပြီး စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် အထူးစီမံချက်များဖြင့် ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက်သာမက အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အမျိုးသမီးများအတွက် ဆောင်ရွက်ပေးမှုများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိကသတင်းစကား (၁၀)ချက်နှင့် ခွင့်ပြုထားသည့် အခြေအနေများမှလွဲ၍ လူငါးဦးအထက် စုဝေးခြင်းမပြုရန် ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြစေရန်လည်း တိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ကိုဗစ်-၁၉ ကြောင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်ထူထောင်ကုစားရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### ပုံမှန်တင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးဦးစိုးအောင်က ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ လက်ရှိတုံ့ပြန်ဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အမျိုးသမီးများအတွက် ဆောင်ရွက်မှုများကို ကော်မတီသို့ ပုံမှန်တင်ပြပေးကြရန် တိုက်တွန်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် လူမှုရေးဝန်ကြီးများက ကိုဗစ်-၁၉ ကာလအတွင်း ဖြစ်ပွားခဲ့သော အမျိုးသမီးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားသည့်ကိစ္စများ၊ ပံ့ပိုးကူညီမှုများ၊ Quarantine နေရာများတွင် ကျား- မ အကြမ်းဖက်မှုများ မရှိစေရေး ဆောင်ရွက်မှုများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် Quarantine ထားရှိရန် စီစဉ်ထားမှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

### ဖြန့်ဝေပေးရန် လိုအပ်

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား-မ ရေးရာတန်းတူညီမျှရေးကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား-မ တန်းတူညီမျှရေးပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ ဝိသာခါဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့်ချိတ်ဆက်၍ အလှူငွေများ၊ အကာအကွယ်သုံးပစ္စည်းများ၊ အစားအသောက်များကို ပါဝင်ကူညီလျက်ရှိသည့် ကိစ္စများ၊ ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းကရင်ဆိုင်နေကြသည့် အမျိုးသမီးများနှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူဆောင်ရွက်နိုင်မည့် ကိစ္စများ၊ ကိုယ်/စိတ် ပင်ပန်းမှုဖြေလျှော့သည့် လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို အွန်လိုင်းမှတစ်ဆင့် မျှဝေပေးနိုင်ရန်ကိစ္စများ၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ အသံဖိုင်များ၊ ဗီဒီယိုအတိုများကို တိုင်းရင်းသားဘာသာစကားမျိုးစုံဖြင့် ပြည်သူလူထုထံသို့ ဖြန့်ဝေပေးရန်လိုအပ်သည့်ကိစ္စများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက Quarantine နေရာများရှိ ထိခိုက်လွယ်အုပ်စုများအတွက် သီးခြားအသိပညာပေးမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း နည်းစနစ်များကို လက်တွေ့ဆောင်ရွက်ပေးနိုင်ရေး၊ စေတနာ့ဝန်ထမ်းများနှင့်ချိတ်ဆက်၍ လိုအပ်ချက်စာရင်းများ ကောက်ယူပံ့ပိုးကူညီနိုင်ရေးနှင့် အမျိုးသမီးအရေး ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး ဆောင်ရွက်လိုသည့် စစ်တမ်းကောက်ယူမှုများကိုလည်း ကော်မတီထံသို့ တင်ပြညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်များနှင့် Stay at Home

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် အချိန်လေးလကျော် ငါးလတာကာလအတွင်း ကမ္ဘာတစ်ဝန်းသို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ခရီးနှင်ခဲ့ပြီ ဖြစ်သည်။ မေလ ၇ ရက်နေ့အထိစာရင်းအရ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၃၈၂၀၇၅၇ ဦးနှင့် သေဆုံးသူ ၂၆၅၀၉၆ ဦးအထိ ရှိသွားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မေလ ၇ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၇၆ ဦးနှင့် သေဆုံးသူ ၆ ဦးရှိနေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် အသွားအလာကန့်သတ်မှုကို မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်ထားသည်။ ထို့ကြောင့် ပြည်သူများသည် အိမ်ထဲမှာသာနေထိုင်ရလျက်ရှိကြသည်။

**ကျောင်းများပိတ်ထား**

မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါပိုး အတည်ပြုလူနာစတင်တွေ့ရှိခဲ့သည့် မတ်လ ၂၃ ရက်နေ့တွင် အခြေခံပညာကျောင်းများ ပိတ်ထားပြီဖြစ်သော်လည်း တက္ကသိုလ်များတွင်မူ စာမေးပွဲများကျင်းပနေဆဲ ဖြစ်သည်။ သို့သော် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိတက္ကသိုလ်နှင့် ကောလိပ်အားလုံးကို ပိတ်ခဲ့ရသည်။ ကပ်ရောဂါဆိုးကြီး ထိန်းချုပ်နိုင်မှုအပေါ် မူတည်၍သာ ကျောင်းများပြန်ဖွင့်နိုင်မည်ဖြစ်သည်။ ဆိုရလျှင် ဖွံ့ဖြိုးပြီး ဓနအင်အားကြွယ်ဝသည့် နိုင်ငံကြီးများ၌ပင်လျှင် လက်ရှိအချိန်အထိ ကပ်ရောဂါထိန်းချုပ်နိုင်စွမ်း မရှိသေးပေ။

**ကြိုတင်လေ့လာထားသင့်**

လက်ရှိအချိန်တွင် ကပ်ရောဂါဆိုးကြီးဖြစ်ပွားနေမှုကြောင့် ကျောင်းများပိတ်ထားရသည်မှာ နှစ်လပင်ပြည့်တော့မည် ဖြစ်သည်။ အသွားအလာကန့်သတ်ထားမှုနှင့် လူစုလူဝေးလုပ်ဆောင်မှုကိုပါ တားမြစ်ထားသဖြင့် ကျောင်းသားကျောင်းသူများသည် ကျူရှင်နှင့် ပြင်ပသင်တန်းများ တက်ရောက်နိုင်ခြင်းမရှိဘဲ Stay at Home- အိမ်ထဲမှာသာ နေထိုင်ကြရလျက်ရှိသည်။ ထိုသို့ ကပ်ရောဂါဆိုးကြီး ဖြစ်ပွားနေချိန်တွင် လူငယ်များ၊ တက္ကသိုလ်ဝင်တန်းတက်ရောက်ကြမည့် သားငယ်၊ သမီးငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာ အသုံးချသွားသင့်ပေသည်။ ကျူရှင်တက်ခွင့်မရရှိသည့်တိုင်အောင် မြန်မာဖတ်စာမှ ခက်ဆစ်နှင့် ကဗျာများ၊ သဒ္ဒါဖွင့်ဆိုချက်များနှင့် လေ့ကျင့်ခန်းများကို ကြိုတင်လေ့လာကျက်မှတ်ထားနိုင်ပေသည်။ ထို့အပြင် အင်္ဂလိပ်စာတွင်လည်း ပြဋ္ဌာန်းချက်စာအုပ်ပါ ကဗျာများနှင့် ဝေါဟာရဖွင့်ဆိုချက်များကို ကြိုတင်လေ့လာကျက်မှတ်ထားနိုင်ပါသည်။ အလားတူအခြားသောဘာသာရပ်များကိုလည်း တတ်နိုင် သမျှ ကြိုတင်လေ့လာထားမည်ဆိုလျှင် ပုံမှန်ကျောင်းဖွင့်ချိန်၌ သင်ကြားရေးတွင် များစွာအထောက်အကူပြုမည် ဖြစ်သည်။

**မိမိကိုယ်ကိုခိုင်းပါ**

ပုံမှန်အားဖြင့် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများသည် လာမည့်ပညာသင်နှစ်အတွက် သင်ရိုးပြတ်သင်သည့် ကျူရှင်များတွင် ကြိုတင်တက်ထားခြင်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာအပါအဝင် အခြားသင်တန်းတစ်ခုခုတက်ရောက်ခြင်းဖြင့် အကျိုးရှိစွာဖြတ်သန်းလေ့ရှိသည်။ အထူးသဖြင့် တက္ကသိုလ်ဝင်တန်းတက်ကြမည့်ကျောင်းသူကျောင်းသားများသည် ကျူရှင်ကြိုတက်ထားလေ့ရှိကြသည်။ ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ရောဂါကြောင့် မည်သည့်သင်တန်းကိုမျှ တက်ရောက်ခွင့်မရဘဲ အိမ်ထဲမှာသာ နေထိုင်ကြရသည်။ ထိုသို့ နေထိုင်ရာတွင် လူငယ်အများစုသည် လူမှုကွန်ရက်အသုံးပြုခြင်း၊ ဂိမ်းကစားခြင်း၊ ရုပ်သံဇာတ်လမ်းတွဲများကြည့်ခြင်းဖြင့် အချိန်ကုန်လေ့ရှိကြသည်။

**☆ လူငယ်များအနေဖြင့် Stay at Home ကာလတွင် ကျူရှင်နှင့် သင်တန်းများ တက်ရောက်နိုင်ခြင်းမရှိသည့်တိုင်အောင် မိမိအိမ်မှာပင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာ လေ့လာခြင်း၊ လာမည့်ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်များကို ကြိုတင်လေ့လာခြင်း၊ မိဘများကို ကူညီလုပ်ကိုင်ခြင်း၊ သုတ၊ ရသစာအုပ်များ ဖတ်ရှုခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ပြုလုပ်သွားသင့်။**

**☆ Stay at Home ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုခုကို ပုံမှန်သာလုပ်ဆောင်သွားမည်ဆိုလျှင် အလေ့အထဖြစ်လာလိမ့်မည်။**

သာဓကအနေဖြင့် စာရေးသူတို့နေထိုင်သည့်အိမ်ရာတွင် တချို့သော တက္ကသိုလ်ကျောင်းသားများသည် ကျောင်းပိတ်ထားသဖြင့် ထွေထွေထူးထူး အလုပ်မရှိဘဲ ဂိမ်းကစားခြင်း၊ လူမှုကွန်ရက်အသုံးပြုခြင်းဖြင့် အချိန်ဖြုန်းနေကြသည်။ ဖြစ်သင့်သည်မှာ ကျောင်းပိတ်သည့်ကာလတွင် မိဘများကို တတ်နိုင်သမျှ ကူညီလုပ်ကိုင်ခြင်း၊ အိမ်သန့်ရှင်းရေးပြုလုပ်ခြင်း၊ သုတ၊ ရသစာအုပ်များဖတ်ခြင်း၊ လမ်းလျှောက်ခြင်းအပါအဝင် ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ခြင်းဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချသွားသင့်ပေသည်။ ဖြစ်နိုင်မည်ဆိုလျှင် ပဋ္ဌာန်းနှင့် ပရိတ်တရားတော်တို့ကို မှန်မှန်ကန်ကန်ရွတ်ဖတ်ပူဇော်တတ်အောင် လေ့ကျင့်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ကြိုးစားလေ့ကျင့်သွားသင့်ပေသည်။ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားနေသည့်အချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချသွားမည်ဆိုလျှင် ဘဝတစ်လျှောက်လုံးအတွက် ကောင်းသောအလေ့အထကို မွေးမြူသွားနိုင်လိမ့်မည် ဖြစ်သည်။

အမှန်တော့ လူတိုင်းသည် နေ့စဉ်ဘဝကို ပေါ့ပေါ့ပါးပါးဖြင့် ဖြတ်သန်းလိုကြသည်။ ဆရာကြီး အောင်သင်း၏စကားကို ကိုးကားပြောရလျှင် လူတစ်ဦးသည် ငယ်စဉ်ကတည်းက မိမိကိုယ်ကိုမခိုင်းခဲ့လျှင် အသက်အရွယ်ရလာသည့်အချိန်တွင် သူများအခိုင်းခံရပေလိမ့်မည် ဖြစ်သည်။ ထိုအချိန်မှ ကြိုးစားမည်ဆိုလျှင် အချိန်နှောင်းသွားပြီဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက မြင့်မြင့်မားမားတွေးခေါ်ပြီး တန်ဖိုးရှိသောအချိန်တွေကို အကျိုးရှိစွာအသုံးချခဲ့မည်ဆိုလျှင်၊ ကြိုးစားခဲ့မည်ဆိုလျှင် အသက်အရွယ်ရလာသည့် အချိန်တွင် ပင်ပင်ပန်းပန်း ရုန်းကန်ကြရတော့မည် မဟုတ်ပေ။

**လူငယ်များနှင့် Stay at Home**

ဖြစ်သင့်သည်မှာ မိဘများအနေဖြင့် ကလေးငယ်များကို ထိန်းကျောင်းတည့်မတ်ပေးရန် လိုအပ်သည်။ ကလေးများစိတ်ဝင်စားသည့် သုတ၊ ရသ စာအုပ်များ ငှားရမ်းပေးခြင်း၊ ဖြစ်နိုင်ပါက လူငယ်များအတွက် ရေးထားသောစာအုပ်များကို ဖတ်ခိုင်းသင့်ပေသည်။ ထို့အပြင် ဆရာကြီး ဦးဖိုးကျား၊ သိပ္ပံမောင်ဝနှင့် အခြားသော စာရေးဆရာများ၏ဝတ္ထုတိုလေးများကို ဖတ်ခိုင်းမည်ဆိုလျှင် ကလေးများ၏နှလုံးသားကို နူးညံ့ပျော့ပျောင်းလာပါမည်။ ထို့အပြင် အင်္ဂလိပ်သဒ္ဒါနှင့် ပုံပြင်စာအုပ်လေးများကို ဖတ်ခိုင်းသင့်ပါသည်။ သို့မှသာလျှင် ကျောင်းများပြန်ဖွင့်ချိန်တွင် စာနှင့်မစိမ်းတော့ဘဲ အမြဲတမ်းထိတွေ့နေမည် ဖြစ်သည်။

ဆိုရလျှင် ကမ္ဘာ့နိုင်ငံအားလုံးသည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် အသည်းအသန်ကြိုးပမ်းနေရသည်။ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ပြီး ဓနအင်အားကြွယ်ဝလှသည့် နိုင်ငံကြီးများ၌ပင်လျှင် ရောဂါကူးစက်မှုနှုန်းမြင့်မားလျက်ရှိသည့်အပြင် အဖိတ်အစဉ်လည်း များလျက်ရှိပေသည်။ ထိုသို့သော အခြေအနေမျိုးတွင် မိမိတို့နိုင်ငံအနေဖြင့်လည်း အထိုက်အလျောက် ထိခိုက်ဆုံးရှုံးမှုဖြစ်မည်မှာ အသေအချာပင် ဖြစ်သည်။ သို့သော် ပြည်သူတစ်ဦးတစ်ယောက်ချင်းစီကသာ ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို လိုက်နာဆောင်ရွက်သွားမည်ဆိုလျှင် အိမ်ထဲမှာသာ နေထိုင်မည်ဆိုလျှင် ကပ်ရောဂါဆိုးကြီးကို အချိန်တိုအတွင်း ထိန်းချုပ်နိုင်မည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။

ထိုသို့ ကပ်ရောဂါဆိုးကြီးထိန်းချုပ်နိုင်ရေးအတွက် Stay at Home ကာလအတွင်း လူငယ်များ၊ အထူးသဖြင့် ကျောင်းသူကျောင်းသားများအနေဖြင့် အချိန်ကို အကျိုးရှိရှိ အသုံးချသွားသင့်ပေသည်။ လူငယ်များအနေဖြင့် Stay at Home ကာလတွင် ကျူရှင်နှင့် သင်တန်းများ တက်ရောက်နိုင်ခြင်းမရှိသည့်တိုင်အောင် မိမိအိမ်မှာပင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာလေ့လာခြင်း၊ လာမည့်ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်များကို ကြိုတင်လေ့လာခြင်း၊ မိဘများကို ကူညီလုပ်ကိုင်ခြင်း၊ သုတ၊ ရသစာအုပ်များ ဖတ်ရှုခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုပြုလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ပြုလုပ်သွားသင့်ပေသည်။ Stay at Home ကာလတွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်သည့် အလေ့အကျင့်ကောင်း တစ်ခုခုကို ပုံမှန်သာလုပ်ဆောင်သွားမည်ဆိုလျှင် အလေ့အထဖြစ်လာလိမ့်မည် ဖြစ်သည်။ အမှန်တော့ လူတစ်ဦးသည် အချိန်ကို အကျိုးရှိရှိအသုံးချနိုင်သည့် အလေ့အထကောင်းသာ ရှိနေမည်ဆိုလျှင် ဘဝရည်မှန်းချက်ကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်လေ့ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ကပ်ရောဂါဆိုးကြီးထိန်းချုပ်နိုင်ရေးအတွက် Stay at Home ကာလအတွင်း စိတ်အလိုမလိုက်ဘဲ ဘဝတိုးတက်အောင်မြင်ရေးတွင် အထောက်အကူပြုစေမည့် အရာတစ်ခုခုကို လုပ်ဆောင်ခြင်းအားဖြင့် အဓိပ္ပာယ်ရှိသော နေ့ရက်များကို ကျော်ဖြတ်သွားနိုင်ကြပါစေ။ ။

## မင်းဘူး(စကု)မြို့နယ်အတွင်း ရေအခက်အခဲဖြစ်ပေါ်နေသည့်နေရာများ၌ ရေပြတ်လပ်မှုမရှိစေရေး ဖြန့်ဝေပေးလျက်ရှိ

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်အတွင်း ရေအခက်အခဲဖြစ်ပေါ်နေသော မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် မင်းဘူးမြို့နယ် မီးသတ်ဦးစီးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဖြန့်ဝေပေးရာတွင် မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက် သုခကာရီသီလရှင် စာသင်တိုက်၊ အမှတ် (၃) ရပ်ကွက် သံကန်တောရကျောင်း၊ စကုမြို့ ကန်ဦးသဘာဝဓမ္မရိပ်သာနှင့် ရပ်ကွက်/ ကျေးရွာများသို့ ရေဂါလန်စုစုပေါင်း ၆၄၀၀ ကို မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် နေရာများသို့ သွားရောက်၍ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆက်လက်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့ မီးသတ်ဦးစီးရုံးမှ သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**



## မိုင်းခတ်မြို့နယ်၌ သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**မိုင်းခတ် မေ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ် - ၁၉ ကာလအတွင်း Home Garden စိုက်ပျိုးနိုင်ရန် သီးနှံမျိုးစေ့ ၁၇ မျိုးအား ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်နှင့်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများထံ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလအတွင်း အတတ်နိုင်ဆုံး အပြင်မထွက်ရန် တားမြစ်ထားသည့်အတွက် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးဖြစ်သည့် Home Garden စိုက်ပျိုးနိုင်ရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ကျေးရွာရှိပြည်သူများအား မုန်လာဥဖြူ၊ မုန်လာဥနီ၊ ဆလတ်၊ ခရမ်းချဉ်၊ ဘိုစားပဲစသည့်သီးနှံမျိုးစေ့ ၁၇ မျိုးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးဒေ (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း သတင်းစာလပေး ဆက်သွယ်ဝယ်ယူနိုင်

မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးဝင်းညွန့် | အောင်မြေသာစံ | ၀၉-၂၅၆၅၆၅၆၈၁ |
| ၂။ | ဦးသန်းထွန်း | ချမ်းအေးသာစံ | ၀၉-၃၃၅၃၂၄၈၇ |
| ၃။ | ဦးအောင်စိုး | မဟာအောင်မြေ | ၀၉-၄၃၀၁၂၈၆၂ |
| ၄။ | ဦးအောင်ကျော်မင်း | ချမ်းမြသာစည် | ၀၉-၄၀၂၇၂၇၂၈၈ |
| ၅။ | ဦးကံသာ | ပြည်ကြီးတံခွန် | ၀၉-၄၀၂၅၉၆၂၇၇ |
| ၆။ | ဒေါ်ဆွေဆွေမော် | အမရပူရ | ၀၉-၇၉၇၃၀၅၃၅၄ |
| ၇။ | ဦးဝင်းဗိုလ် | မတ္တရာ | ၀၉-၄၄၄၀၃၂၆၉၉ |
| ၈။ | ဦးမောင်မောင် | မြစ်သား | ၀၉-၇၇၅၇၄၃၅၁၉ |
| ၉။ | ဦးဝင်းမောင် | စဉ့်ကူး | ၀၉-၇၉၉၁၁၁၄၁၆ |
| ၁၀။ | ဦးထွန်းအောင်ကျော် | စဉ့်ကိုင် | ၀၉-၄၀၂၇၂၃၆၅၀ |
| ၁၁။ | ဦးကိုကိုနိုင် | တံတားဦး | ၀၉-၂၅၆၃၆၄၁၀၂ |
| ၁၂။ | ဦးသန်းငွေး | ကျောက်ဆည် | ၀၉-၇၈၉၇၅၈၇၀၃ |
| ၁၃။ | ဦးလှငွေ | ထန်းတပင် | ၀၉-၇၉၈၀၈၀၈၆၆ |
| ၁၄။ | ဒေါ်ခင်မာကြူ | မိုးကုတ် | ၀၉-၇၈၈၂၁၂၆၅၅ |
| ၁၅။ | ဦးမောင်လတ် | ပြင်ဦးလွင် | ၀၈၅-၂၂၂၅၃ |
| ၁၆။ | ဦးဉာဏ်ရင် | ထီးချိုင့် | ၀၉-၄၄၀၁၂၀၃၀၄ |
| ၁၇။ | ဦးအေးကို | ငါန်းဇွန် | ၀၉-၂၅၈၀၇၈၅၅၉ |
| ၁၈။ | ဒေါ်ကေသွယ် | တောင်သာ | ၀၉-၄၀၀၀၁၆၄၃၂ |
| ၁၉။ | ဦးညွန့်ဝေ | သာစည် | ၀၉-၇၈၅၆၁၅၉၉၄ |
| ၂၀။ | ဦးပေါ်ဦး | မြင်းခြံ | ၀၉-၂၂၁၅၁၁၇ |

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်

"Keep Clapping"

"လက်ခုပ်တီးလို့ဆက်လက်အားပေးဂုဏ်ပြုကြပါစို့"

# မေ ၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိသူ ၁၄ ဦး ထပ်တိုး၊ စုစုပေါင်း ပိုးတွေ့လူနာ ၁၇၆ ဦးအထိ ရှိလာ

နေပြည်တော် မေ ၇

မေ ၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ၁၄ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၇၆ ဦးအထိရှိလာကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၁၄ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ ၂ ဦးနှင့် အင်းစိန်မြို့နယ်မှ ၁၂ ဦးတို့ ဖြစ်ပြီး အသက် ၁၂ နှစ်အရွယ် တစ်ဦး၊ ၁၈ နှစ်အရွယ် တစ်ဦး၊ အသက် ၂၀ အရွယ် ၁၀ ဦး၊ အသက် ၄၃ နှစ်အရွယ် ၁ ဦးနှင့် ၅၂ နှစ်အရွယ် တစ်ဦးတို့ ဖြစ်သည်။

ပိုးတွေ့လူနာ ၁၇၆ ဦးအနက် သေဆုံးသူ ၆ ဦး၊ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း ၆၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၇ ဦးနှင့် မေ ၆ ရက်မှ မေ ၇ ရက်အထိ စောင့်ကြည့်လူနာ အသစ် ၇၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၂၂၇ | ၁၇၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၆၀၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၁ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၇၆ | ၆ |

- အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၂၆၆၇၈၅ | ၂၁၃၁၃၈ | ၇၄၉၆၂ |
| စပိန် | ၂၅၆၈၅၅ | ၁၆၃၉၁၉ | ၂၆၀၇၀ |
| အီတလီ | ၂၁၄၄၅၇ | ၉၃၂၄၅ | ၂၉၆၈၄ |
| ဗြိတိန် | ၂၀၁၁၀၁ | စိစစ်ဆဲ | ၃၀၀၇၆ |
| ရုရှား | ၁၇၇၁၆၀ | ၂၃၈၀၃ | ၁၆၂၅ |
| ပြင်သစ် | ၁၇၄၁၉၁ | ၅၃၉၇၂ | ၂၅၈၀၉ |
| ဂျာမနီ | ၁၆၈၆၅၅ | ၁၃၉၉၀၀ | ၇၃၂၂ |
| တူရကီ | ၁၃၁၇၄၄ | ၇၈၂၀၂ | ၃၅၈၄ |
| ဘရာဇီး | ၁၂၇၃၈၉ | ၅၁၃၇၀ | ၈၆၀၅ |
| အီရန် | ၁၀၃၁၃၅ | ၈၂၇၄၄ | ၆၄၈၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၀၉၃၉ | ၁၇၁၂ | ၂၀ |
| အင်ဒိုနီးရှား | ၁၂၇၇၆ | ၂၃၈၁ | ၉၃၀ |
| ဖိလစ်ပိုင် | ၁၀၃၄၃ | ၁၆၁၈ | ၆၈၅ |
| မလေးရှား | ၆၄၆၇ | ၄၇၇၆ | ၁၀၇ |
| ထိုင်း | ၂၉၉၂ | ၂၇၇၂ | ၅၅ |
| ဗီယက်နမ် | ၂၈၈ | ၂၃၃ | ၀ |
| မြန်မာ | ၁၇၆ | ၆၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၁ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

# မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၀၀ ကို MAI လေကြောင်းလိုင်းမှ မေ ၈ ရက်တွင် အခမဲ့ သွားရောက်ခေါ်ဆောင်မည်

ရန်ကုန် မေ ၇

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ထားသဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ Myanmar Airways International (MAI) လေကြောင်းလိုင်းမှ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၃၅ ဦးကို ယမန်နေ့က အခမဲ့ပြန်လည်သယ်ဆောင်လာခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ကဏ္ဍအလိုက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ခေါ်ဆောင်ပေးရာတွင် ထိုင်းနိုင်ငံတွင် အခက်အခဲဖြစ်ခဲ့သည့် မြန်မာနိုင်ငံသား ခရီးသည်များအား သွားရောက်သယ်ဆောင်မှုနှင့်ပတ်သက်၍ MAI လေယာဉ်မှူးကြီး ဦးတက်တိုးဟန်က "ထိုင်းနိုင်ငံထဲမှာ ပိတ်မိနေတဲ့ မြန်မာနိုင်ငံသားတွေက မြန်မာနိုင်ငံကို ပြန်လာလိုကြောင်း ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကို အကြောင်းကြားတာတွေ ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ MAI က နေပြီး ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၃၅ ဦးကို အခမဲ့ပြန်လည်ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် လေယာဉ်ပေါ်၌ တစ်ဦးနှင့်တစ်ဦး မကူးစက်စေရန်နှင့်ပတ်သက်၍ "MAI လေကြောင်းလိုင်းဟာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာတဲ့အပြင် IATA ရဲ့ IOSA Audit အသိအမှတ်ပြုလက်မှတ်ရထားတဲ့ တစ်ခုတည်းသော မြန်မာနိုင်ငံမှ လေကြောင်းလိုင်းဖြစ်တဲ့အတွက် ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုပြီးအဓိကထားပါတယ်။ ဒါကြောင့် လေယာဉ်အမှုထမ်း ရှစ်ဦးလုံး PPE အပြည့်အစုံ ဝတ်ဆင်တာ၊ ထိတွေ့မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်တာ၊ လေယာဉ်တစ်စင်းလုံးကို မသွားခင်မှာတစ်ကြိမ်၊ ဗန်ကောက်မှာ တစ်ကြိမ် ကာကွယ်တဲ့ဆေးဖျန်းတာတွေကို ဆောင်ရွက်ပါတယ်။ ရန်ကုန်ပြန်ရောက်တော့လည်း Remote Parking မှာပဲရပ်ပြီး လူအယောက် ၂၀ ကို ဘတ်စ်ကားတစ်စီးနှုန်းနဲ့ စနစ်တကျ လေဆိပ်ထဲ ပို့ဆောင်ပေးခဲ့ပါတယ်" ၎င်းက ထပ်မံရှင်းပြသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် MAI လေကြောင်းလိုင်းအနေဖြင့် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ၁၉ ခေါက် ပျံသန်းမောင်းနှင်ခဲ့ပြီး ခရီးသည် ၂၀၀၀ ခန့်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆေးနှင့်ဆေးပစ္စည်း တန် ၆၀ ခန့်ကို အခမဲ့သယ်ပို့ပေးခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်သည် ဒုတိယတစ်ခေါက်ဖြစ်ပြီး ပထမအကြိမ်တွင် ဖောင်ကြီးတွင် ဖွင့်လှစ်ထားသည့် COVID-19 Medical Center အတွက် လိုအပ်သည့် ဆေးနှင့်ဆေးရုံသုံးပစ္စည်းများကို တရုတ်နိုင်ငံ Zhengzhou Xinzheng International လေဆိပ်မှ လေယာဉ်တစ်စင်းစာ သွားရောက်သယ်ဆောင်ခဲ့သည်။

MAI လေကြောင်းလိုင်းသည် ကမ္ဘောဇဘဏ်နှင့်ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းနှင့် ငွေကျပ်သိန်း ၆၀၀၀ ကျော် အကုန်အကျခံကာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် လူကုန်ကူးခံခဲ့ရသော မြန်မာလုပ်သားဒုက္ခသည်များ၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာလုပ်သားဒုက္ခသည်များနှင့် အိန္ဒိယနိုင်ငံ Port Blair တွင် ရောက်နေသည့် မြန်မာရေလုပ်သားဒုက္ခသည်များ အပါအဝင် စုစုပေါင်း လူဦးရေ ၆၀၀၀ ကျော်ကို အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး လမ်းစရိတ် တစ်သိန်းစီ ကူညီပေးခဲ့သည်။

ပြည်ပရောက်မြန်မာနိုင်ငံသားများကို ပြန်လည်သယ်ဆောင်ခဲ့ခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ MAI လေကြောင်းလိုင်းမှာ ဝန်ထမ်းပေါင်း ၁၉၀၀ ကျော်ရှိပါတယ်။ ယခုကာလမှာ စီးပွားရေးအရ ထိခိုက်မှုအရှိဆုံး လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်ပရောက်နေပြီး ကိုယ့်ထက်ခက်ခဲနေတဲ့သူတွေကို သွားရောက်ခေါ်ဆောင်ရတဲ့ ကယ်ဆယ်ရေးလေယာဉ်ကို MAI က လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ မောင်းနှင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်" ဟု ဆက်လက်ပြောပြသည်။

MAI အနေဖြင့် မေ ၈ ရက်တွင် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၀၀ ကို အခမဲ့ သွားရောက်ခေါ်ဆောင်မည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင်လည်း အခက်အခဲ ကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ရဟန်း၊ သံဃာ၊ လူပုဂ္ဂိုလ်များကိုလည်း ယခုလအတွင်း ထပ်မံသွားရောက်ခေါ်ဆောင်မည်ဟု သိရသည်။

ကိုကျော်

## ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မြို့မနှစ်ခြင်း၊ လော်ဝေါ် နှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ဝေါ်အေဂျီ၊ လီဆူနှစ်ခြင်း၊ မဒိန်၊ ခတ်ချို၊ နောင်ဟီး၊ မိုင်းနားကက်သလစ်၊ မိုင်းနားဖွံ့ဖြိုးရေးခြံ IDP စခန်း စုစုပေါင်း ၁၀ ခုသို့ သွားရောက်၍ နှာခေါင်းစည်း ၈၅၅၄ ခု၊ လက်ဆေးစင် ၁၀ ခု၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ Handspaker ၁၀ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick ၁၀ ခုနှင့် ဗီနိုင်းနှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဃောသိတာရုံကျောင်းတိုက်၊ ဗုဒ္ဓေါမော်ကျောင်းတိုက်၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊ ဆည်ကြီးကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်းတိုက်၊ မဟာဝိဇယကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ဒက္ခိုင်းကျောင်းတိုက်၊ မဟာအောင်မြေဘုံကျောင်းတိုက်၊ တေဇာရာမကျောင်းတိုက်၊ သာသနာ့ဗိမာန်ကျောင်းတိုက်၊ မဟာသိမဝံသကျောင်းတိုက်များရှိ ယာယီတိုက်ပွဲရှောင်စခန်း စုစုပေါင်း ၁၄ ခုသို့ သွားရောက်၍ နှာခေါင်းစည်း ၂၂၃၄ ခု၊ လက်ဆေးဆပ်ပြာ ၂၈၂ ဘူး၊ အပူချိန်တိုင်းကိရိယာ ၁၄ ခု၊ Handspaker ၁၄ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick ၁၄ ခုတို့ကို ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ရှိ နမ့်ဖက်ကာနှစ်ခြင်းအသင်းတော်နှင့် နမ့်ဖက်ကာနယ်မြေ (၄) IDP စခန်း စုစုပေါင်း နှစ်ခုသို့ သွားရောက်၍ စခန်းတစ်ခုလျှင်ထုံး ၁၀ အိတ်နှုန်းဖြင့် စုစုပေါင်း ထုံးအိတ် ၂၀ တို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကရင်ပြည်နယ်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၇

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်နေချိန်တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်ရှိ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများမှ နွေစပါး၊ မိုးစပါးများ အလှည့်ကျစိုက်ပျိုးရန်၊ မြေသားပြုပြင်ခြင်း၊ တမန်းနှိုးခြင်း၊ အငှားဝန်ဆောင် ထွန်ယက်ပြုပြင်ပေးခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဇာသပြင်ကော့ကျိုက်ကျေးရွာတွင် လယ်ယာမြေ ၃၅ ဧက၊ နောင်လုံအနောက်ကျေးရွာတွင် လယ်ယာမြေ ၂၅ ဧက၊ သံလှယ်ကော့ပနော့ကျေးရွာတွင် လယ်ယာမြေ ၇၇ ဧက၊ တရုတ်လှကျေးရွာတွင် လယ်ယာမြေ ၁၆၂ ဒသမ ၅ ဧက၊ ထုံးအိုင်ကျေးရွာတွင် လယ်ယာမြေ ၁၇၁ ဧက၊ ဝင်းကြံကျေးရွာတွင် လယ်ယာမြေ ၂၅ ဧက၊ သံလွင်မြစ်အနောက်ဘက်ခြမ်း ကုန်းတန်းကြီးကျေးရွာတွင် လယ်ယာမြေ ၁၇၁ ဧက၊ ရေကျော်ကြီးကျေးရွာတွင် ဧက ၄၀၊ မြိုင်ကျေးရွာတွင် လယ်ယာမြေ ဧက ၁၆၀၊ လှိုင်းဘွဲမြို့နယ် ဒိုင်းပြကျေးရွာတွင် ၅၅ ဧက စုစုပေါင်း ၉၂၁ ဒသမ ၅ ဧကအား မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဘားအံမြို့နယ် ကော့ပနော့၊ ခရားသံလှယ်၊ ကော့ဝါးဆူးကျေးရွာများ၊ မွန်ပြည်နယ် ဘီလူးကျွန်း၊ ချောင်းဆုံ၊ ကမာကေးကျေးရွာ၊ ဘားအံမြို့နယ် ရွှေတောကျေးရွာ၊ လှိုင်းဘွဲမြို့နယ် ဒိုင်းပြကျေးရွာ၊ ကော့မြတ်ကြီးကျေးရွာများရှိ ၁၆၅၁ ဧကတို့အား ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် နွေစပါးနှင့် မိုးစပါးများ အချိန်မီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြွေလှေ့လိုပါက လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများမှ နေရာဒေသမရွေး သင့်လျော်သောဈေးနှုန်းများဖြင့် အခက်အခဲမရှိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





# ကိုရီးယားစစ်ပွဲတွင် ကူညီတိုက်ခိုက်ပေးခဲ့သည့်နိုင်ငံများမှ စစ်ပြန်များထံသို့ တောင်ကိုရီးယားနိုင်ငံက နှာခေါင်းစည်းများ ပေးပို့မည်

**ဆိုးလ် မေ ၇**

နှစ် ၇၀ မြောက် ကိုရီးယားစစ်ပွဲနှစ်ပတ်လည်နေ့တွင် ကိုရီးယားစစ်ပွဲအတွင်း ကူညီတိုက်ခိုက်ပေးခဲ့ကြသည့် နိုင်ငံများမှ စစ်ပြန်များထံသို့ ကျေးဇူးတင်သည့်အနေဖြင့် နှာခေါင်းစည်းအရေအတွက် တစ်သန်းပေးပို့မည်ဖြစ်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲတွင် အမေရိကန် ဦးဆောင်သည့် ကုလသမဂ္ဂ ညွှန့်ပေါင်းတပ်ဖွဲ့က ကျောထောက်နောက်ခံပြုသည့် တောင်ကိုရီးယားတပ်ဖွဲ့များသည် မြောက်ကိုရီးယားနှင့် တရုတ်တပ်ဖွဲ့များကို စစ်ပွဲရပ်သွားသည်အထိ တိုက်ခိုက်ခဲ့ကြသည်။ ယင်းစစ်ပွဲသည် ငြိမ်းချမ်းရေးသဘောတူစာချုပ်ဖြင့်မဟုတ်ဘဲ ယာယီစစ်ပြေငြိမ်းရေးစာချုပ်ဖြင့် ပြီးဆုံးခဲ့သည်။

တောင်ကိုရီးယားအစိုးရ၏ အဆိုအရ အမေရိကန်၊ ဗြိတိန်နှင့် တူရကီနိုင်ငံတို့ အပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် ၂၂ နိုင်ငံမှ စစ်သားများနှင့် ဆေးဘက်ဆိုင်ရာအရာရှိ နှစ်သန်းနီးပါးသည် ကိုရီးယားစစ်ပွဲတွင် ပါဝင်ခဲ့ကြပြီး ၃၇၉၀၉၂ ဦး သေဆုံးကာ ၁၀၃၄၆၀ ဒဏ်ရာရရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ထိုအချိန်က စစ်ပွဲ၏ လက်ကျန်ပြာပုံအတိမှ ၁၁ နိုင်ငံမြောက် ကမ္ဘာ့စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံအဖြစ်သို့ တိုးတက်လာသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာများနှင့် ထိတွေ့ခဲ့သူများကို ခြေရာခံရှာဖွေခြင်း၊ ဗိုင်းရပ်စ်စမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးကုသမှုပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သည့် အစီအစဉ်ကို အခြေခံသည့် တောင်ကိုရီးယားနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုနှင့်ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ပုံကို ကမ္ဘာ့နိုင်ငံများက ချီးမွမ်းခဲ့ကြသည်။



ကိုရီးယားစစ်ပွဲတွင် ပါဝင်ခဲ့သည့် စစ်ပြန်များကို တွေ့ရစဉ်။

ကိုရီးယားစစ်ပွဲတွင် ကူညီတိုက်ခိုက်ပေးခဲ့သည့် ၂၂ နိုင်ငံစလုံးသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လတ်တလောတွင် အခက်အခဲများကြုံတွေ့နေရကြောင်း၊ အသက်အရွယ်ကြီးနေပြီဖြစ်သည့် ကိုရီးယားစစ်ပြန်များကို နှာခေါင်းစည်းများ ထောက်ပံ့ရန်ကိစ္စသည် အရေးကြီးကိစ္စဖြစ်ကြောင်း၊ စစ်ပြန်များ၏ ပျမ်းမျှအသက်သည် ၈၈ နှစ်ဖြစ်၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ခုခံနိုင်စွမ်း နည်းပါးသူများဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ မျိုးချစ်ပုဂ္ဂိုလ်များနှင့် စစ်ပြန်များရေးရာဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်သည်။

နှာခေါင်းစည်းထက်ဝက်ကို အမေရိကန်နိုင်ငံသို့ ပေးပို့မည်ဖြစ်သည်။ အမေရိကန်သည် တောင်ကိုရီးယားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်ပြီး ကိုရီးယားစစ်ပွဲအတွင်း ညွှန့်ပေါင်းတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် ၉၀ ရာခိုင်နှုန်းကို အမေရိကန်က ထောက်ပံ့ကူညီခဲ့သည်။ နိုင်ငံအများစုတွင်ရှိသော တောင်ကိုရီးယားသံရုံးများမှတစ်ဆင့် အသက်ရှင်သန်နေဆဲဖြစ်သည့် ခန့်မှန်းခြေ စစ်ပြန်ဦးရေ ၄၀၀၀၀၀ ထံသို့ နှာခေါင်းစည်းများကို ပေးပို့မည်ဖြစ်သည်။ **ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**



## ဘောရစ်ဂျွန်ဆင်၏ ခရီးသွားလာမှု ပြန်လည်ဖြေလျှော့မည့် အစီအမံကို အောက်လွှတ်တော်အမတ်များ မေးမြန်းဆွေးနွေး

**လန်ဒန် မေ ၇**

ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာမှုပြန်လည်ဖြေလျှော့ရေးအစီအမံနှင့်ပတ်သက်ပြီး ဗြိတိန်အောက်လွှတ်တော်ရှိ ဥပဒေပြုအမတ်များက မေးမြန်းဆွေးနွေးခဲ့သည်။ ဗြိတိန်အနေဖြင့် အီတလီအားဖြတ်ကျော်ပြီး ဥရောပတစ်ခွင်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအများဆုံးနိုင်ငံအဖြစ် ရောက်ရှိနေချိန်တွင် အတိုက်အခံလေဘာပါတီ၏ခေါင်းဆောင်အသစ် ကားစတာမာက ဂျွန်ဆင်အား အဆိုပါအစီအမံနှင့်ပတ်သက်ပြီး မေးမြန်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယခုလာမည့် တနင်္ဂနွေနေ့တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာမှုပြန်လည် ဖြေလျှော့ရေးအစီအမံအား တင်ပြသွားမည်ဟု ဂျွန်ဆင်က ပြောကြားသည်။ အခြားတင်ပြမည့်အချက်မှာ နိုင်ငံအတွင်း လူပေါင်း ၂၀၀၀၀၀ အား ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမည့်အစီအစဉ်ကို မေလအကုန်တွင် ဆောင်ရွက်မည့်အရေးဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခရီးသွားလာမှု ကန့်သတ်ချက်များကို မည်သို့ဖြေလျှော့မည်ဟူသော ကိစ္စသည် ဝက်စ်မင်စတာအား လွှမ်းမိုးနေသည်။

"အစိုးရရဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတွေကို ပြည်သူတွေက စိတ်ဝင်စားနေကြပါတယ်၊ ဒါပေမယ့် စိတ်မကောင်းစရာတစ်ခုကတော့ ပြည်သူပေါင်း ၂၉၄၂၇ ဦးဟာ ဒီရောဂါကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်"ဟု စတာမာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါမှ ပြန်လည်နာလန်ထူနိုင်ရန်အတွက် မေလ လစာကို လှူဒါန်းကြရန် သီရိလင်္ကာအစိုးရက အစိုးရဝန်ထမ်းများကို မေတ္တာရပ်ခံ

**ကိုလံဘို မေ ၇**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါနှင့် ရက်သတ္တပတ်များစွာ ကြာမြင့်သည့် အသွားအလာ ကန့်သတ်တားမြစ်မှုများကြောင့် ချည့်နဲ့နေသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်မြှင့်တင်ရန်အတွက် မေလ လစာကို အစိုးရသို့ လှူဒါန်းကြရန် ၁ ဒသမ ၅ သန်းရှိသည့် အစိုးရဝန်ထမ်းများကို သီရိလင်္ကာအစိုးရက ကြာသပတေးနေ့က မေတ္တာရပ်ခံခဲ့သည်။

လူ ၂၇၉ ဦး သေဆုံးခဲ့သည့် ယခင်နှစ် အီစတာပွဲတော်တွင် ဗုံးပေါက်ကွဲမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် အကျိုးအမြတ်များစွာရရှိသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပျက်စီးဆုံးရှုံးမှုတို့မှ ပြန်လည်နာလန်ထူနိုင်ရန်အတွက် သီရိလင်္ကာနိုင်ငံသည် ရုန်းကန်ကြိုးစားနေရသည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကြောင့် အစိုးရက နိုင်ငံတစ်ဝန်းတွင် အသွားအလာ တားမြစ်ကန့်သတ်မှုများကို မတ် ၂၀ ရက်တွင် စတင်ချမှတ်ခဲ့ပြီး စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အားလုံးနှင့် အစားအစာနှင့် ဆေးဝါးရောင်းချသည့်ဆိုင်များမှအပ ဈေးဆိုင်အားလုံးကို ပိတ်ထားသည်။

အစိုးရဌာနများထံ ပေးပို့သည့် မေတ္တာရပ်ခံချက်တွင် သီရိလင်္ကာသမ္မတ၏ အတွင်းရေးမှူး ပီဘီ ဂျာယာဆန်ဒရာက တပ်မတော်မှ စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် အစိုးရဝန်ထမ်းများအားလုံးအား ၎င်းတို့၏ မေလ လစာကို လူမှုရေးတာဝန်သိမှုဖြင့် လှူဒါန်းကြရန် မေတ္တာရပ်ခံသည်။ ပြီးခဲ့သည့်လက ဝန်ထမ်းများ ခရီးမသွားနိုင်ကြောင်း၊ ဈေးဝယ်မထွက်နိုင်ကြောင်း၊ အသုံးစရိတ်အများကြီး လျော့ကျခဲ့ကြောင်း အဆိုပါမေတ္တာရပ်ခံစာတွင် ဂျာယာဆန်ဒရာက ရေးသားထားသည်။

အခြားနိုင်ငံများမှ ချေးငွေများနှင့် အကူအညီများရရှိရန် ကြိုးစားနေချိန်တွင် မိမိတို့၏ ပြည်တွင်းအင်အားကိုလည်း ပြသရမည်ဖြစ်ကြောင်း၊ ကပ်ဆိုက်သော ကာလတွင် လူမှုရေးတာဝန်သိမှုအဖြစ် ယင်းလှူဒါန်းမှုကို စဉ်းစားသင့်ကြောင်း ဂျာယာဆန်ဒရာက ပြောကြားသည်။ လှူဒါန်းငွေများသည် အသုံးစရိတ်လိုငွေပြမှုကို သိသိသာသာ လျှော့ချရန်နှင့် ရူပီး ၁၀၀ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅၂၅ သန်း) ချွေတာခြင်းဖြင့် နိုင်ငံ့ကြွေးမြီကို ကိုင်တွယ်နိုင်ရန် အစိုးရအတွက် အကူအညီဖြစ်စေမည်ဖြစ်ကြောင်း ဂျာယာဆန်ဒရာ က ပြောကြားသည်။ ၎င်း၏ မေလ လစာကိုလည်း လှူဒါန်းမည်ဖြစ်ကြောင်း ဂျာယာဆန်ဒရာက ပြောကြားသည်။

အစိုးရက ထုတ်ပြန်သည့် စာရင်းအရ သီရိလင်္ကာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၉၇ ဦးနှင့် သေဆုံးသူ ကိုးဦးရှိသည်။ နှစ်ကြိမ် သက်တမ်းတိုးခဲ့ရသည့် အသွားအလာ တားမြစ်ကန့်သတ်ချက်အမိန့်ကို တနင်္လာနေ့တွင် ရုပ်သိမ်းရန်ရှိသည်။ သီရိလင်္ကာ ဗဟိုဘဏ်က စီးပွားရေး ပြန်လည်ကောင်းမွန်စေရန်အတွက် အတိုးနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ ဗုဒ္ဓဟူးနေ့က လျှော့ချခဲ့သည်။ ယခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက် အတိုးနှုန်း လျှော့ချခြင်းလည်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**

## ဘာရိန်းနိုင်ငံ၌ ကျန်းမာရေးလုပ်သား ၅၉ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**မနားမား မေ ၇**

ယခုနှစ် ဖေဖော်ဝါရီလက ဘာရိန်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ရာ ထိုအချိန်ကတည်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရှေ့တန်းမျက်နှာစာ၌ တိုက်ပွဲဝင်နေကြသော ကျန်းမာရေးလုပ်သား ၅၉ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း ဘာရိန်းအာဏာပိုင်များက ယနေ့ပြောကြားသည်။

ရောဂါကူးစက်ခံရသူများအနက် ၃၃ ဦးသည် ဆရာဝန်များ၊ သူနာပြုများနှင့် အခြားဆေးဘက်ဆိုင်ရာ ပညာရှင်များဖြစ်ပြီး ကျန် ၂၆ ဦးသည် ကျန်းမာရေးဌာနမှ အောက်ခြေဝန်ထမ်းများဖြစ်ကြကြောင်း ဘာရိန်းကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနာဂျတ်အာဘူအယ်လ်ဖာတက်က ပြောကြားသည်။

သို့သော် ရောဂါကူးစက်ခံရသည့် ကျန်းမာရေးလုပ်သားများအနက် အယောက် ၄၀ သည် ပြန်လည်ကျန်းမာလာကြောင်း အရာရှိက ထပ်မံပြောကြားသည်။

ဘာရိန်းနိုင်ငံတွင် ယမန်နေ့ ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၃၄ ဦးရှိပြီး ၎င်းတို့အနက် ရှစ်ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျော်တီ**

## အိန္ဒိယတောင်ပိုင်း ဓာတုစက်ရုံ ဓာတ်ငွေ့ယိုစိမ့်မှုတွင် လူ ၁၁ ဦး သေဆုံး၊ ၁၀၀ ကျော် ဆေးရုံတင်ပို့ကုသ

**ဘန်ဂါလူရူ မေ ၇**

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဝိသာခါပတ်နမ်ခရိုင်အနီး တည်ရှိသည့် ဓာတုစက်ရုံ LG Polymers ၌ ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသန္တရအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားလိုက်သည်။

ဓာတုစက်ရုံ၌ သံသယဖြစ်ဖွယ်ရာ ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားပြီးနောက် အဆိုပါခရိုင်အတွင်းရှိ ကျေးရွာများမှ လူ ၁၂၀ ကျော်ကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဓာတုစက်ရုံဝန်းကျင်ရှိ ကျေးရွာသုံးရွာထက်မနည်းကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း ၎င်းက ဆိုသည်။ "ဒီကျေးရွာတွေ ဘေးလွတ်ရာပြောင်းရွှေ့တာပြီးစီးဖို့ အနည်းဆုံး တစ်နာရီလောက်ကြာမယ်လို့ ကျွန်တော်တို့ မျှော်မှန်းပါတယ်"ဟု ၎င်းက ဆိုသည်။ LG Polymers ဓာတုစက်ရုံ၌ ဓာတ်ငွေ့ယိုစိမ့်မှုတစ်ခုဖြစ်ပွားသည်ဟု မဟာဝိသာခါပတ်နမ် မြူနီစီပယ်ကော်ပိုရေးရှင်း (GVMC) က တွစ်တာ၌ ဖော်ပြခဲ့ပြီး စက်ရုံအနီးဝန်းကျင်ရှိ ပြည်သူများ အိမ်တွင်းနေထိုင်ကြရန် မေတ္တာရပ်ခံခဲ့သည်။

တွစ်တာတွင် ဖော်ပြခဲ့သည့် ဓာတ်ပုံများတွင် အခင်းဖြစ်ရာနေရာ၌ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ကားများနှင့် လူနာတင်ယာဉ်များ အပါအဝင် အရေးပေါ်ဌာနများမှ တပ်ဖွဲ့ဝင်များ၏ပုံများပြသခဲ့သည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဂျာမနီနိုင်ငံက အသွားအလာကန့်သတ်မှု အစီအမံများ ဖြေလျှော့မည်




**ဘာလင် မေ ၇**

ဂျာမနီအဓိပတိ အိန်ဂျလာမာကယ်လ်က ဈေးဆိုင်အားလုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် အသွားအလာကန့်သတ်မှု သိသိသာသာဖြေလျှော့မည့် အစီအစဉ်များကို ထုတ်ဖော်ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံတွင် ဈေးဆိုင်ငယ်များ လုပ်ငန်းလည်ပတ်ခွင့်ပြုသည်မှာ နှစ်ပတ်ရှိပြီဖြစ်သည်။ ဂျာမနီနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရေးရည်မှန်းချက် အောင်မြင်ခဲ့ပြီး ကပ်ရောဂါဖြစ်ပွားမှု ပထမအဆင့်ပြီးဆုံးပြီဟု မာကယ်လ်မှ ယမန်နေ့က ပြောကြားခဲ့သည်။ ကြမ်းခင်းအကျယ် မည်မျှရှိသည်ဖြစ်စေ ဆိုင်အားလုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဟု ၎င်းက ဆိုသည်။ စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် ရုပ်ရှင်ရုံများကို လက်ရှိအခြေအနေများ ထည့်သွင်းစဉ်းစားကာ တစ်ဖြည်းဖြည်း ပြန်လည်ဖွင့်ခွင့်ပြုမည်ဖြစ်သည်။

ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲကို ယခုလလယ်ပိုင်းတွင် ပြန်လည်စတင်မည်ဖြစ်သည်။ သို့သော်လည်း တစ်ပတ်အတွင်း မြူနီစီပယ်ဧရိယာတစ်ခု၌ လူတစ်သိန်းလျှင် ရောဂါကူးစက်ခံရသူ ၅၀ ကျော် ထပ်မံတွေ့ရှိပါက ကန့်သတ်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ၁ ဒသမ ၅ မီတာ ခပ်ခွာခွာနေစည်းမျဉ်းကိုမူ ဇွန် ၅ ရက်အထိ ဆက်လက်ချမှတ်ထားသည်။

ဂျာမနီပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို ဆက်လက်သတိထားရမည်ဟု မာကယ်လ်က ဆိုသည်။ ဂျာမနီနိုင်ငံက မတ်လအတွင်း အသွားအလာကန့်သတ်မှု စတင်ပြုလုပ်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ကျော်ထိုက်စိုး**



# ဘရာဇီးသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ရီယိုဒီဂျနေးရိုး မေ ၇**

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေသည့် အစီအမံများကို ပယ်ချခဲ့သည့် ဘရာဇီးသမ္မတ ဂျားဘိုလ်ဆိုနာရို၏ ပြောရေးဆိုခွင့်ရှိသူမှာ ယခု ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ဘရာဇီးအစိုးရက ပြောကြားလိုက်သည်။

ဘရာဇီးအစိုးရအဖွဲ့၏ ထိပ်တန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ အသက် ၅၉ နှစ်အရွယ် ကြည်းတပ် ဗိုလ်ချုပ်ကြီး အိုတာဗီယိုရီဂိုဘာရို့စ်မှာ မေ ၅ ရက်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ဟု အတည်ပြုပြီးနောက် နေအိမ်၌ သီးသန့်ခွဲနေလျက်ရှိကြောင်း ဘရာဇီးသမ္မတရုံးက ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

ဆက်သွယ်ရေးအကြီးအကဲ ဖာဘီယိုဝတ်ဂျ်ဂါတန်နှင့် အမျိုးသားလုံခြုံရေးဝန်ကြီး အော်ဂတ်စတိုဟယ် လီနို အပါအဝင် ဘရာဇီးအဆင့်မြင့်တာဝန်ရှိသူ ၂၀ ကျော်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုပြုလုပ်ခဲ့သော်လည်း ရလဒ်များကို လူသိရှင်ကြား မကြေညာခဲ့ပေ။ ဘိုလ်ဆိုနာရိုက ကိုဗစ်-၁၉ ရောဂါကို စိတ်ချောက်ချားစရာအဖြစ် ရှုတ်ချခဲ့သည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေ အစီအမံများက စီးပွားရေးကို ထိခိုက်စေပြီး အခြေခံလူတန်းစားများအတွက် မဖြစ်နိုင်ဟု ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား – ဟိန္ဒူစတန်တိုင်းမ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# ကမ္ဘာ့ဆင်းရဲသောနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရန် ကုလသမဂ္ဂက ရန်ပုံငွေတောင်းခံ

**ကုလသမဂ္ဂ မေ ၇**

ကမ္ဘာပေါ်ရှိ ဆင်းရဲချို့တဲ့သောနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံမှ ၆ ဒသမ ၇ ဘီလီယံပမာဏရှိသော ရန်ပုံငွေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကမ္ဘာ့နိုင်ငံများသို့တိုးမြှင့်တောင်းခံခဲ့သည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကြီးအကဲ မာခ့်လောကွတ်က ပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဆိုင်ရာ အမြင့်မားဆုံးအခြေအနေကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအနေဖြင့် မကြုံတွေ့ရသေးသော်လည်း ယင်းနိုင်ငံများရှိ ပြည်သူများအနေဖြင့် ဝင်ငွေကျဆင်းခြင်း၊ အလုပ်အကိုင်များရှားပါးခြင်း၊ စားနပ်ရိက္ခာထောက်ပံ့မှုကျဆင်းခြင်း၊ ကုန်ဈေးနှုန်းများမြင့်ခြင်း၊ ကလေးများအတွက် ဆေးဝါးနှင့် အစားအစာများ ပြတ်တောက်ခြင်းတို့ကို ကြုံတွေ့နေရကြောင်း ပြောကြားသည်။

ကုလသမဂ္ဂကစီးပွားရေးကျဆင်းနေသော နိုင်ငံ ၃၇ နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို တောင်းခံခဲ့သည်။ ယခုအချိန်တွင် ကုလသမဂ္ဂက ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် ရန်ပုံငွေထောက်ပံ့ပေးမည့်နိုင်ငံများထဲတွင် ဘီနင်၊ ဒီချေဘူတူ၊ လိုင်ဘေးရီးယား၊ မိုဇမ်ဘစ်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဆီအာရာလီယွန်၊ တိုဂိုနှင့် ဇင်ဘာဘွေနိုင်ငံတို့ ပါဝင်သည်။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေမှာ ပြည်တွင်းထုတ်ကုန်ကျဆင်းမှု၊ ငွေလွှဲလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကျဆင်းမှုတို့ကို တွေ့ကြုံနေရကြောင်း မာခ့်လောကွတ်က ပြောကြားသည်။ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စတွေကို အရေးယူဆောင်ရွက်မှုမရှိရင် ပဋိပက္ခတွေ၊ အငတ်ဘေးတွေနဲ့ ဆင်းရဲမှုတွေမြင့်တက်လာမည်ဟု ၎င်းကပြောကြားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အမှုဆောင်ဒါရိုက်တာ ဒေးဗစ်ဘက်စလေက ပြောကြားရာတွင် ကုလသမဂ္ဂ စားနပ်ရိက္ခာအေဂျင်စီအနေနဲ့ လူသန်းပေါင်း ၁၀၀ လောက်ကို စားနပ်ရိက္ခာရရှိဖို့ အကူအညီပေးနေပြီး ဒီအစီအစဉ်တွေကို မဆောင်ရွက်နိုင်တော့ရင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအပြင် အငတ်ဘေးပါကျရောက်လာနိုင်ဖွယ်ရှိတယ်ဟု ၎င်းကပြောသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ ကျဆင်းလာသော်လည်း ရောဂါပိုးမွှားစမ်းသပ်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် အားနည်းနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဒေါက်တာ တီဒရောစ့် အက်ဒ်နွန်ဘာဘရီယီဆက်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါ၊ မဟာဗျူဟာ လက်နက်လျှော့ချရေး သဘောတူစာချုပ်သစ်နှင့်စပ်လျဉ်း၍ လာ့ဗ်ရော့ဗ်နှင့် မိုက်ပွန်ပီယို ဆက်သွယ်ဆွေးနွေး

**မော်စကို မေ ၇**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေလာ့ဗ်ရော့ဗ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့သည် ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၊ မဟာဗျူဟာ လက်နက်လျှော့ချရေး သဘောတူစာချုပ်အသစ်နှင့် ပတ်သက်၍ အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လာ့ဗ်ရော့ဗ်နှင့် ပွန်ပီယိုတို့သည် မဟာဗျူဟာ လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ရှေ့ဆက်လျှောက်လှမ်းရမည့် ခြေလှမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ် လက်တုံ့ပြန်ရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအပါအဝင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေလာ့ဗ်ရော့ဗ်က လာမည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးတော့မည့် မဟာဗျူဟာလက်နက် လျှော့ချရေးသဘောတူစာချုပ်ကို သက်တမ်းထပ်တိုးရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် လာ့ဗ်ရော့ဗ်နှင့် ပွန်ပီယိုတို့သည် နိုင်ငံတကာ အစီအစဉ်အပေါ် ဖိအားပေးနေသော အခြားကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံထိပ်တန်းသံတမန်တို့သည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဟစ်တလာ၏ မဟာမိတ်နိုင်ငံများအပေါ် ဆိုဗီယက် ပြည်ထောင်စုက အနိုင်ရရှိခဲ့သည့် သမိုင်းဝင်အထိမ်းအမှတ်နေ့ကို ထိန်းသိမ်းသည့်အနေဖြင့် ၇၅ ကြိမ်မြောက် ဆိုဗီယက်ပြည်ထောင်စု၏ ဒုတိယကမ္ဘာစစ်အောင်ပွဲနေ့ နှစ်ပတ်လည်အခမ်းအနား အရေးကြီးပုံကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# ဂျပန်ဒေသတချို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်



**အိုဆာကာ မေ ၇**

ဂျပန်အစိုးရက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ယာယီပိတ်ထားသည့် စာသင်ကျောင်းများကို ဒေသတချို့၌ ယနေ့ပြန်လည်ဖွင့်လှစ် ခဲ့ရာ ကလေးများအနေဖြင့် ခပ်ခွာခွာနေရေးအစီအမံကို ဆက်လက်ထိန်းသိမ်းနိုင်မည်မဟုတ်ဘဲ ရောဂါကူးစက်မှု အန္တရာယ်ပိုများလာနိုင်သည်ဟု ကျောင်းသားမိဘများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း သိရသည်။

### ပထမဆုံးပြန်လည်ဖွင့်လှစ်

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကျန်းမာရေးဆိုင်ရာအရေးပေါ် အခြေအနေတစ်ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြီးခဲ့သည့်လက ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါအခြေအနေပေါ်မူတည်၍ မေလကုန်အထိ သက်တမ်းထပ်တိုးခဲ့သော်လည်း အာအိုမိုရီနှင့် တော့တိုရီ စီရင်စုနယ်များရှိ စာသင်ကျောင်းများသည် ဂျပန်နိုင်ငံတွင် ပထမဆုံးပြန်လည် ဖွင့်လှစ်သည့် စာသင်ကျောင်းများဖြစ်လာခဲ့သည်။

ကျောင်းသား ကျောင်းသူ ၁၄၀ ခန့်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန် ဧပြီ ၂၇ ရက် ကတည်းက ယာယီပိတ်ထားသည့် တော့တိုရီ စီရင်စုနယ်ရှိ မူလတန်းကျောင်းတစ်ကျောင်းသို့ ယနေ့ ဦးတည်ထွက်ခွာသွားကြသည်။ “ကျွန်တော်အိမ်မှာ နေခဲ့ရတာ ငြီးငွေ့လာပြီး အခုလို စာသင်ကျောင်းကို ပြန်လာရတာ တော်တော်လေးကို ပျော်ရွှင်မိပါတယ်”ဟု တတိယတန်း ကျောင်းသားတစ်ဦးက ပြောကြားသည်။

### ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်

ထို့အပြင် အာအိုမိုရီ စီရင်စုနယ်အစိုးရက ဖွင့်လှစ်ထားသည့် စာသင်ကျောင်း ၇၆ ကျောင်းကိုလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်သည့်အနေဖြင့် ဧပြီ ၂၀ ရက်ကတည်းက ယာယီပိတ်ထားခဲ့ပြီးနောက် ယနေ့မှစ၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ အာအိုမိုရီမြို့တွင် နှာခေါင်းစည်း ဝတ်ဆင်ထားသော အထက်တန်းကျောင်းသား အများအပြားသည် စာသင်ကျောင်းသို့ စက်ဘီး သို့မဟုတ် ကားများဖြင့် သွားလေ့ရှိကြသည်။

**ကိုးကား – ကျိုဒိုနယူးစ်၊ ဘာသာပြန် – ဂျေတီ**

# ဗင်နီဇွဲလားအစိုးရအား အာဏာသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဟု သမ္မတ မာဒူရိုပြောကြား

**ကာရာကတ်စ် မေ ၇**

ဗင်နီဇွဲလားအတိုက်အခံအဖွဲ့နှင့် အမေရိကန်အစိုးရတို့၏ စေခိုင်းမှုဖြင့် အမေရိကန်စစ်သားဟောင်းနှစ်ဦးအပါအဝင် ၁၇ ဦးတို့သည် ဗင်နီဇွဲလားအစိုးရအား အာဏာသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုက ယနေ့ ပြောကြားခဲ့သည်။

မေ ၂ ရက်နှင့် ၃ ရက်တို့တွင် မြို့တော်ကာရာကတ်စ်အနီးရှိ ကမ်းခြေတစ်ခု၌ အဆိုပါအာဏာသိမ်းပွဲတွင် ပါဝင်ခဲ့သူများနှင့် ဗင်နီဇွဲလားလုံခြုံရေးတပ်ဖွဲ့တို့အကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့က အာဏာသိမ်းရန် ကြိုးပမ်းသူ ၁၇ ဦးအား ဖမ်းဆီးရမိခဲ့သည်ဟု သမ္မတ မာဒူရိုက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ၁၇ ဦးအနက် နှစ်ဦးသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အခြေစိုက် စစ်စခန်းတစ်ခုမှ တပ်ဖွဲ့ဝင်ဟောင်းများဖြစ်သည်ဟု နိုင်ငံပိုင်ရုပ်သံလိုင်းက သတင်းဖော်ပြခဲ့သည်။ ထို့ပြင် ဗင်နီဇွဲလားအစိုးရအား ဖြုတ်ချပြီး သမ္မတ မာဒူရိုအား အမေရိကန်သို့ ဖမ်းဆီးခေါ်ဆောင်သွားရန်စီစဉ်ခဲ့သည်ဟု အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးအနက် တစ်ဦးက ပြောကြားခဲ့သည်။

အာဏာသိမ်းရန် ကြိုးပမ်းခဲ့သူများသည် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂွါအီဒိုနှင့် ကတိကဝတ်ပြုထားသည်ဟု ဒေသန္တရသတင်းစာတစ်စောင်က သတင်းဖော်ပြခဲ့သည်။ အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား အမေရိကန်နိုင်ငံက ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ဗင်နီဇွဲလားအစိုးရအား အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်ပတ်သက်ပြီး အမေရိကန်အစိုးရအနေဖြင့် လုံးဝပါဝင်ပတ်သက်မှုမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက မေ ၆ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအစိုးရအနေဖြင့် အမေရိကန်နိုင်ငံသားများကို ဖမ်းဆီးထားမည်ဆိုပါက အမေရိကန်အစိုးရကလည်း ဖမ်းဆီးထားသော ၎င်း၏နိုင်ငံသားများကို ပြန်လည်လွှတ်ပေးရန် နည်းလမ်းမျိုးစုံ အသုံးပြုမည်ဖြစ်ကြောင်း မိုက်ပွန်ပီယိုက ဆိုသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အောင်ကျော်ကျော်



# အီရတ်ဝန်ကြီးချုပ်အသစ် ဦးဆောင်သော အစိုးရအဖွဲ့အား ကုလသမဂ္ဂအဖွဲ့ ထောက်ခံကြိုဆို



အီရတ်ဝန်ကြီးချုပ်အသစ် မူစတာဖာအယ်ကတ်ဒီမီ

**ဘဂ္ဂဒက် မေ ၇**

အီရတ်ဝန်ကြီးချုပ်အသစ် မူစတာဖာအယ်ကတ်ဒီမီနှင့် အစိုးရအဖွဲ့ဝန်ကြီးများအား ပါလီမန်က အတည်ပြုထောက်ခံခဲ့သည့်အပေါ် အီရတ်နိုင်ငံ ထောက်ပံ့ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့က ကြိုဆိုကြောင်း ယနေ့ ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် အစိုးရအဖွဲ့သစ်တစ်ရပ် အမြန်ဆုံးဖွဲ့စည်းရန်လိုအပ်ကြောင်း အီရတ်နိုင်ငံ ထောက်ပံ့ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့က တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အသစ် ဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ၏ စီးပွားရေးအခြေအနေ ကျဆင်းမှု၊ ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ လောင်စာဆီဈေး ကျဆင်းမှုအခြေအနေများစသည့် စိန်ခေါ်မှုများကို ပထမဦးစားပေးအဖြစ် ရင်ဆိုင်ရမည်ဖြစ်သည်ဟု အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဂျန်နီဟယ်နစ်ပလက်စ်ချက်က အစီရင်ခံစာတစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းတစ်ရပ် ဖြစ်ပေါ်လာရေး၊ တရားမျှတမှုနှင့် တာဝန်ခံမှုတို့ရှိစေရန် အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထိုသို့ နိုင်ငံအတွင်းရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အီရတ်အစိုးရအဖွဲ့အား ကုလသမဂ္ဂအဖွဲ့အနေဖြင့် ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

အီရတ်ဝန်ကြီးချုပ် အယ်ကတ်ဒီမီက ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အီရတ်ဝန်ကြီးချုပ် အယ်ကတ်ဒီမီက သူ၏ဝန်ကြီးများနှင့်အတူ ပြည်သူများ၏ ယုံကြည်မှုနှင့် ထောက်ခံမှုကိုရရှိရန် အလုပ်နှင့် သက်သေပြသွားမည်ဖြစ်ကြောင်း ကျမ်းသစ္စာကျိန်ဆိုစဉ် ကတိပြုပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်

# ကိုရိုနာဗိုင်းရပ်စ်ရောဂါ၏ မူလဇာစ်မြစ်ကို စုံစမ်းစစ်ဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို တရုတ်နိုင်ငံ ထောက်ခံလျက်ရှိ

**ပေကျင်း မေ ၇**

ကိုရိုနာဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားခဲ့သည့် မူလဇာစ်မြစ်ကို စုံစမ်းစစ်ဆေးရန်ကြိုးပမ်းလျက်ရှိသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်းယင်က ယနေ့ ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ စတင်ကူးစက်ပျံ့နှံ့လာသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံသို့ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့စေလွှတ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် တိုင်ပင်ဆွေးနွေးရမည်ဆိုသည့် ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပြီးနောက် တရုတ်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ဆောင်ချက်များကို ထောက်ခံပါကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းတစ်ခုမှ စတင်ကူးစက်ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။

အဆိုပါရောဂါ၏ မူလဇာစ်မြစ်ကို သိရှိရန် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအနေဖြင့် သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ပြီးမှသာ ဆုံးဖြတ်သင့်သည်ဟု ဟွာချွန်းယင်က ဆိုသည်။ ယင်းသို့ သိပ္ပံနည်းကျ လက်တွေ့စမ်းသပ်မှုများလုပ်ဆောင်ရန် တရုတ်နိုင်ငံက ကြိုဆိုပါကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်လျက်ရှိပါကြောင်း ဟွာချွန်းယင်က ဆက်လက်ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် ဟွာချွန်းယင်က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် လူသားမျိုးနွယ်တစ်ခုလုံး၏ ဘုံရန်သူပင်ဖြစ်ကြောင်း၊ အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံတို့အနေဖြင့် အပြန်အလှန် စွပ်စွဲပြောဆိုနေမည့်အစား အဆိုပါရောဂါကို ကာကွယ်၊ တားဆီး၊ တိုက်ဖျက်ရန် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် အဆိုပါဗိုင်းရပ်စ်ပိုးသည် တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းတစ်ခုမှ စတင်ထွက်ပေါ်လာသည်ဆိုသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၏ ပြောကြားချက်နှင့်ပတ်သက်၍ ယင်းပြောဆိုမှုသည် အခြေအမြစ်မရှိဘဲ စွပ်စွဲပြောဆိုချက်သာဖြစ်သည်ဟု ဟွာချွန်းယင်က ပြန်လည်ဖြေကြားခဲ့သည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အောင်ကျော်ကျော်

# အရှေ့အာဖရိကနိုင်ငံများတွင် ရေကြီး၊ ရေလျှံမှုများကြောင့် အနည်းဆုံး ၂၆၀ သေဆုံး

**နိုင်ရိုဘီ မေ ၇**

အရှေ့အာဖရိကနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီး၊ ရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၆၀ သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံတွင် ရေကြီး၊ ရေလျှံမှုကြောင့် ၁၉၄ ဦးသေဆုံးခဲ့ပြီး ရေကြီးမှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည်။

အဆိုပါ ရေကြီး၊ ရေလျှံမှုများကြောင့် ရဝမ်ဒါနိုင်ငံတွင် ၅၅ ဦးသေဆုံးပြီး ဆိုမာလီယာနိုင်ငံတွင် ၁၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယူဂန္ဓာနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာ ၂၀၀ ဝန်းကျင်သည် ရေကြီး၊ ရေလျှံမှုများကြောင့် ဆေးရုံအတွင်း၌ သောင်တင်လျက်ရှိသည်။

အရှေ့အာဖရိကနိုင်ငံများသည် ကျိုင်းကောင်များ၏ ဝင်ရောက်နှောင့်ယှက်မှုဒဏ်ကို မကြာသေးမီက ခံစားခဲ့ရသည့်အပြင် ကိုဗစ်–၁၉ ကပ်ရောဂါအန္တရာယ်ကိုလည်း လက်ရှိအချိန်တွင် ရင်ဆိုင်နေရသည်။



ကင်ညာအာဏာပိုင်များက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် ဆော်ဩထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေကြီး၊ ရေလျှံမှုများကြောင့် သီးနှံစိုက်ခင်းဧက ၈၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် အခြေခံအဆောက်အအုံအချို့လည်း ပျက်စီးခဲ့ကြောင်း ကင်ညာအစိုးရက ဆိုသည်။

ဒေသအတွင်း၌ မေလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်များက ခန့်မှန်းပြောကြားသည်။ မိုးရာသီသည် ပုံမှန်အားဖြင့် ဇွန်လအထိတိုင် ကြာမြင့်မည်ဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီး၊ ရေလျှံမှုများကြောင့် လူနေအိမ်များ၊ လမ်းများနှင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကာ ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ကိုးကား–ဘီဘီစီ
ဘာသာပြန်–အောင်ကျော်ကျော်

# ယာဉ်ခိုးယူမောင်းနှင်ထွက်ပြေးသူအား ရဲတပ်ဖွဲ့က ဖမ်းဆီး

ရန်ကုန် မေ ၇

ယာဉ်မောင်းနှင်ထွက်ပြေးသူအား မေ ၄ ရက်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးလှထွန်း(ခ)မောဂမန် (အငှားယာဉ်မောင်း)သည် မေ ၃ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းအနီးတွင် အမျိုးသားတစ်ဦးက မန္တလေးသို့သွားရန်အတွက် ငွေကျပ် ၁၇၀၀၀၀ ဖြင့် ကားငှား၍ ရန်ကုန်-မန္တလေးလမ်းအတိုင်း မောင်းနှင်ခဲ့ရာ ည ၇ နာရီခွဲတွင် အမရပူရမြို့နယ် မြစ်လောင်းကျေးရွာရှိ စတိုးဆိုင်ရှေ့အရောက်တွင် ဦးလှထွန်း(ခ) မောဂမန်းက ကားအား သော့တန်းလန်းဖြင့် စက်ရပ်ထားပြီး စတိုးဆိုင်အတွင်း ရေသန့်ဘူးနှင့် မုန့်ဝယ်နေစဉ် ကားငှားလာသည့် အမျိုးသားက ကားအား ပလိပ်မြို့သို့ မောင်းနှင်ထွက်ပြေးသွားသဖြင့် ကားခိုးယူမောင်းနှင်သူအား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသဖြင့် မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

မော်တော်ယာဉ်ခိုးယူမောင်းနှင်သူ သွားလာနိုင်သော လမ်းကြောင်းများအား အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ချိတ်ဆက်၍ ပိတ်ဆို့ရှာဖွေရာ မေ ၄ ရက် နံနက် ၁ နာရီခွဲတွင် ကျောက်ဆည်-တံတားဦး ခရိုင်ချင်းဆက်လမ်း သဲမောင်ကန်ကျေးရွာအဝင်တွင် အောင်ဇော်ဦး(ခ)ဘီလာအား ခိုးယူမောင်းနှင်သွားသော ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မောင်ပြည့်သူ(မန္တလေး)



# မြဝတီမြို့၌ ညမထွက်ရအမိန့် ဖောက်ဖျက်ကျူးလွန်သူ ၃၈၅ ဦးထိရှိလာ

မြဝတီ မေ ၇

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ညမထွက်ရအမိန့်ကို ဧပြီ ၁၈ ရက်တွင်ထုတ်ပြန်ခဲ့ပြီးနောက် ဧပြီ ၂၁ ရက်မှစတင်၍ တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်နှင့် မီးသတ်တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က ညစဉ်လှည့်ကင်းများဆောင်ရွက်ပြီး ညမထွက်ရအမိန့်ဖောက်ဖျက်သူများအား ဖမ်းဆီးခဲ့ရာ မေ ၆ ရက် ညအထိ ၃၈၅ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဧပြီ ၁၈ ရက်ကစပြီး ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဧပြီ ၁၉ နဲ့ ၂၀ ရက်တွေမှာ ပညာပေးအနေနဲ့ဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး ဧပြီ ၂၀ ရက်ကနေ ပူးပေါင်းလှည့်ကင်းတွေနဲ့ ကင်းလှည့်ခဲ့ရာမှာ ဧပြီ ၂၁ ရက်မှ မေ ၆ ရက်အထိ စုစုပေါင်း ၃၈၅ ဦး ဖမ်းမိပြီး ၃၂၉ ဦးကို မြို့နယ်တရားရုံးမှာ တရားစွဲတင်ခဲ့ပါတယ်။ ဒီနေ့ ၅၆ ဦး ထပ်မံတရားစွဲတင်ဖို့ရှိနေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ပြောသည်။

ထိုသို့ ဖမ်းဆီးရမိရာတွင် ဧပြီ ၁၂ ရက်မှ မေ ၄ ရက်အထိ အရေးယူဆောင်ရွက်မှုအနေဖြင့် ၃၂၉ ဦးအား မြို့နယ်တရားရုံးမှာ တရားစွဲတင်ခဲ့ရာ အယောက် ၅၀ ကို ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့ပြီး ကျန် ၂၇၉ ဦးအား ဒဏ်ငွေကျပ် ၅၀၀၀၀ ချမှတ်ခဲ့သည်။ ဖမ်းဆီးရမိသူ ၅၆ ဦးအား ယနေ့ မြို့နယ်တရားရုံးသို့ တရားစွဲတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# ဒေသန္တရအမိန့် ဖောက်ဖျက်သူ နှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ချမှတ်

ကျောင်းကုန်း မေ ၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား နေ့စဉ်ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရ ဒေသန္တရအမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ရာ ကျူးလွန်ဖောက်ဖျက်သူ နှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ်တစ်လစီ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ညမထွက်ရအမိန့်ကို ဧပြီ ၂၃ ရက်မှစတင်ထုတ်ပြန်ခဲ့ပြီး ဒေသန္တရအမိန့်တည်မြဲရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေနှင့် ပူးပေါင်းအဖွဲ့က ညစဉ်ပိတ်ဆို့စစ်ဆေးခြင်း၊ လှည့်ကင်းဝပ်ကင်းများဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် ည ၁၀ နာရီ ၄၅မိနစ်က ကျောင်းကုန်းသုံးခွ ကားလမ်းပေါ်တွင် သက်ဆိုင်ရာ ခွင့်ပြုချက်တစ်စုံတစ်ရာ မပါရှိဘဲ သွားလာနေသည့် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦးအား ဒေသန္တရအမိန့်ဖောက်ဖျက်ကျူးလွန်သဖြင့် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ်တစ်လစီ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ရွှေကျင်မြို့နယ်၌ လယ်မြေကိစ္စနှင့်ပတ်သက်ပြီး စကားများရန်ဖြစ်ရာမှ နှစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

နေပြည်တော် မေ ၇

ရွှေကျင်မြို့နယ် မဘီးကျေးရွာ၌ မေ ၅ ရက် ည ၈ နာရီခွဲက လယ်မြေကိစ္စနှင့်ပတ်သက်ပြီး စကားများရန်ဖြစ်ရာမှ နှစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဝင်းခင်သည် မေ ၅ ရက် ည ၈ နာရီခွဲတွင် ရွှေကျင်မြို့နယ် မဘီးကျေးရွာအနီးရှိ လယ်ကွင်းအတွင်း၌ ညီဖြစ်သူ ထွန်းထွန်း၊ သားဖြစ်သူ စိုးမင်းထိုက်၊ ရဲမင်းစိုးတို့နှင့်အတူ ရှိနေစဉ် တစ်ရွာတည်းနေ ကျော်သူစိုးပါ ရှစ်ဦးတို့ရောက်ရှိလာပြီး လယ်မြေကိစ္စနှင့်ပတ်သက်၍ စကားများ ရန်ဖြစ်စဉ် ကျော်သူစိုးပါ ရှစ်ဦးက ဓား/တုတ်များဖြင့် ထိုးနှက်ရိုက်ခဲ့သဖြင့် ဦးဝင်းခင်နှင့် စိုးမင်းထိုက်တို့မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ထွန်းထွန်းနှင့် ရဲမင်းစိုးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျော်သူစိုးပါ ရှစ်ဦးတို့အား ဘောကထာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၅၁၈ တန်ကျော် သိမ်းဆည်းရမိ

နေပြည်တော် မေ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်မှ မေ၃ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၈၄ ဒသမ ၃၂၀၂ တန်၊ သစ်မာ ၅၂ ဒသမ ၃၄၁၂တန်၊ အခြား ၂၈၂ဒသမ ၂၈၇၀ တန် စုစုပေါင်း ၅၁၈ ဒသမ ၉၄၈၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၅ ဦး၊ ယာဉ်/ယန္တရားအစီး ၃၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)

# တိုက်ကြီးမြို့နယ်၌ ဖဲလောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် မေ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက်နေ နေလင်းအောင်၏ ခြံဝင်းအတွင်း၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ မေ ၆ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ ခြံဝင်းအတွင်းရှိ သရက်ပင်အောက်၌ နေလင်းအောင်၊ ဟန်ဆွေဦး၊ ဝင်းအောင်သိန်း၊ ထွန်းထွန်းဦးတို့အား ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၄၈၅၀၀၊ ဆိုင်ကယ်မျိုးစုံ ရှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် နေလင်းအောင်ပါ လေးဦးအား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မုံရွာမြို့နယ်၌ ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာဥပဒေဖြင့် အရေးယူ

နေပြည်တော် မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစီးသည့်အဖွဲ့သည် မေ ၅ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ကျွဲရဲကျေးရွာအနီး မုံရွာမြို့ဝင်/ထွက် စစ်ဆေးရေးဂိတ်၌ ကျေးရွာသို့ ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်နေစဉ် စိန်မြင့်မှာ အရက်သေစာ သောက်စားထားပြီး ဆိုင်ကယ်ဖြင့်ရောက်ရှိလာသဖြင့် ကျန်းမာရေးစစ်ဆေးမှုခံယူရန် ပြောဆိုရာ လက်မခံဘဲ မချေမငံပြန်လည်ပြောဆိုပြီး ဆိုင်ကယ်အား မောင်းနှင်ထွက်ခွာသွားခဲ့သောကြောင့် စိန်မြင့်အား ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာဥပဒေပုဒ်မဖြင့် အရေးယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ရဲပြန်ကြား

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၇

ဖောင်းပြင်မြို့နယ် မိုင်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ညပိုင်းက ဖောင်းပြင်မြို့နယ် ရွာသာကျေးရွာ ကောင်းပေါင်းချောင်း အနီးတွင် အောင်ကျော်လွင် မောင်းနှင်ပြီး မြဝင်း လိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၉၇ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့တွင် တပ်မတော်မှ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာ ငါးလေလံတံတား၏အရှေ့ဘက် ကိုက် ၁၀၀ ခန့်အကွာတွင် စက်လှေတစ်စင်းအား တွေ့ရှိစစ်ဆေးရှာဖွေရာ လှေပေါ်တွင် ကြည်သန်းနှင့် ၎င်း၏ဇနီး မသီတာတို့အား တွေ့ရှိရပြီး စက်လှေပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ တို့ကို လည်းကောင်း၊ ထို့အတူ ထိုနေ့ညနေ ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့ အမှတ်(၁)ရပ်ကွက်၊ မိုင်းယောင်း-မိုင်းဖြတ်သွားကားလမ်းတွင် တွေ့ရှိသူ မနာဘိုအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီ မိနစ် ၅၀ တွင် မိုင်းယောင်းမြို့အမှတ် (၁)ရပ်ကွက် အိုက်ပေး၏ နေအိမ်ကိုသွားရောက်စစ်ဆေးရှာဖွေရာ အိုက်ပေး ပိုင်ဆိုင်သည့်ယာဉ်ကို တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ ယာဉ်



မနာဘိုအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အတွင်းမှ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၁၄၉၀တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀ တို့ကိုလည်းကောင်း။

အလားတူ မေ ၆ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(က) မြို့ရှောင်လမ်းပေါ်တွင် အားကာ မောင်းနှင်လာသော ဆိုင်ကယ်ကိုရပ်တန့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-အောင်ပန်းသွားကားလမ်း၊ မြင်းတွင်း ကျေးရွာအုပ်စု ပက်တလယ်ကျေးရွာအနီးတွင် ထင်ပေါ်(ခ)ဇော်တိက မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျော်လှိုင် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို၊ ဘိန်းဆီခဲ ၄ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၇

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ဝက်ချောင်းတိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းနှင့်အာဟာရဒါန လှူဒါန်း

**ကျောင်းကုန်း မေ ၇**

အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်သည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းတိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် အာဟာရဒါနလှူဒါန်းမှုကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတိုက်နယ်ဆေးရုံ၌ ကျင်းပခဲ့သည်။

ဝက်ချောင်းတိုက်နယ်ဆေးရုံရှိလူနာနှင့်ဆေးရုံဝန်ထမ်းများအသုံးပြုရန် လက်အိတ် အစုံ ၂၈၀၊ လက်သန့်ဆေးရည်ဘူး ၆၀၊ လက်ဆေးဆပ်ပြာဆီ ဘူး ၂၀၊ သာမိုမီတာသုံးခု၊ လူနာ ၁၈ ဦးနှင့်လူနာစောင့်များအတွက် ကြက်ဥ အလုံး ၃၀၊ ငှက်ပျောသီး အလုံး ၃၀ တို့ကိုလာရောက်လှူဒါန်းသွားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## မင်းဘူးမြို့ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အသက်ရှူစက် လာရောက်လှူဒါန်း

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အသက်ရှူစက်ကို Myanmar Kaido Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ညွန့်ဦးနှင့် တာဝန်ရှိသူများက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအသက်ရှူစက်၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအဆင့်ဆင့်ကို ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လက်ခံရယူကာ အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ယခုကဲ့သို့ အမှန်တကယ်လိုအပ်သော ကုသရေးဆိုင်ရာအထောက်ကူပြု ဆေးရုံသုံးပစ္စည်းများကို လာရောက်လှူဒါန်းသည့်အတွက် များစွာအကျိုးရှိကြောင်း၊ ယခု အသက်ရှူစက်၏ တန်ဖိုးမှာ ငွေကျပ် ၁၆၅၀၀၀၀ ဖြစ်ကြောင်း မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ခိုင်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၇**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတို့၌ လက်ခံ၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထပ်မံရောက်ရှိ**

ထိုသို့ လက်ခံဆောင်ရွက်ပေးခဲ့ရာ ယမန်နေ့တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး၊ နယ်စပ်ဒေသမြို့များဖြစ်သည့် မြဝတီမြို့နှင့် မူဆယ်မြို့တို့မှ ရောက်ရှိလာသူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးရောက်ရှိခဲ့ပြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ နယ်စပ်ဒေသမြို့များဖြစ်သည့် မြဝတီမြို့နှင့် မူဆယ်မြို့တို့မှ ပြန်လည်ရောက်ရှိလာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ထပ်မံရောက်ရှိလာကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်ထားသူများအနက်မှ ၂၁ ရက်ပြည့်မြောက်သည့် စောင့်ကြပ်ကြည့်ရှုထားသူ ၁၀ ဦးကို ယနေ့တွင် ကျန်းမာရေးဦးစီးဌာနနှင့် စောင့်ကြပ်ကြည့်ရှုရေးစခန်းတို့မှ အသွားအလာကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ပြည့်ပြီးကြောင်း လက်မှတ်များနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန် စာရွက်စာတမ်းများကို တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ တပ်မတော်က စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့သည်။

ယမန်နေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ ၃၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းတွင် စုစုပေါင်း ပြည်သူ ၁၂၅ ဦးတို့ကို လက်ခံထားရှိပြီး အဆိုပါစောင့်ကြည့်လူနာများအားလုံးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



မေ ၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ခဝဲခြံ(၂)လမ်းတွင် မြို့နယ်ကြက်ခြေနီအသင်း ကြက်ခြေနီတပ်ခွဲနှင့် Supersunday လူမှုရေးပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

ဉာဏ်ဟိန်း

## မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများသို့ အခြေခံစားသောက်ကုန် လေးမျိုး ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တပ်နယ်၊ ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၇၅ ဦးတို့အား မေလအတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ယနေ့နံနက် ၈ နာရီက ဗဟန်းမြို့နယ် ကျောက်ဆည်မွှာရုံ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်သိန်းနိုင်(ငြိမ်း) နှင့် အမှုဆောင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးသန်း (စိန်တုံးကြီး)**



❍ ကျောဖုံးမှ

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက အလှူငွေကျပ် ၂၂ သိန်း ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယနေ့ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ လှူဒါန်းသည့် အလှူငွေကျပ် ၂၂ သိန်းကို ရုရှားသံရုံးမိသားစုများက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်မင်းလတ်**



# ခရီးသွား လှေများ

ဒေါက်တာမေ

ကမ္ဘာစစ်ကြီးဖြစ်နေသည်။ တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်နေကြ၏။ လူသားအားလုံးက တစ်ဖက်ဟု ဘီလ်ဂိတ်က သူ၏ "The First Modern Pandemic" ဘလော့ခ်တွင် အစချီ ရေးသားထားပါသည်။

မှန်ပေသည်။ လူသားအားလုံးက တစ်ဖက်ဖြစ်သည်။ အခြားတစ်ဖက်က ရန်သူကိုတော့ မမြင်ရပေ။

မမြင်ရသောရန်သူ၊ ပါးနပ်လှည့်စားတတ်သော ရန်သူကို တိုက်နေရသော တိုက်ပွဲကား မလွယ်လှချေ။ တိုက်ပွဲက ရှည်ကြာဦးမည်ဖြစ်သည်။ ဤမုန်တိုင်းလမ်း ခရီးကြမ်းကို လူသားအားလုံး ဖြတ်သန်းကြရပေဦးမည်။ လူသားအားလုံးက တစ်ဖက်တည်းမှာဖြစ်သဖြင့် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသည်ဟူ၍ကား မထင်လိုက်ကြပါလေနှင့်။ တစ်ခရီးတည်းတော့ သွားနေကြပါသည်။ တစ်လှေတည်းတော့ မဟုတ်ကြပါ။

ကမ္ဘာတစ်ခွင်တွင်.....

တချို့က quarantine ကာလမှာမှ မိသားစုတွေ မျက်နှာစုံညီတွေ့ဆုံခွင့်ရပြီး လက်ကိုင်ဖုန်းကို မြှောက်ကာ မော့ကြည့် ဆယ်လ်ဖီ(selfi) ဆွဲကြသည်။ တချို့က ရှည်ကြာလာသော quarantine ကာလမှာ ထမင်းအိုးအပေါ်မြှောက် မှောက်ချကာ ထမင်းစေ့လေးများ ကျလာလေမလားဟု တစ်မိသားစုလုံး မျှော်လင့်တကြီး မော့ကြည့်မိကြသည်။

တချို့က quarantine ကာလမှာမှ မိသားစုတွေ အေးအေးဆေးဆေးစကားပြော၊ အတွေ့အကြုံဖလှယ်၊ အမြင်တွေဝေမျှ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးခွင့်ရသည်။ တချို့ အိမ်တွင်းရေး အကြမ်းဖက်မှု ပြုတတ်သူပါသော မိသားစုများမှာကား quarantine ကာလမှာ ငရဲခန်းရောက်နေရသည်။

တချို့က quarantine ကာလမှာ ကော်ဖီသောက်ရသည်ကို ငြီးငွေ့လာလျှင် လက်ဖက်ရည်အမျိုးမျိုးသာမက ယမကာများနှင့် ငြိမ့်နေကြသည်။ တချို့က quarantine ကာလမှာ လမ်းထိပ်က လက်ဖက်ရည်ကိုပင် သွားဝယ်မသောက်နိုင်ကြချေ။

တချို့က မိသားစုစုံစုံညီညီဖြင့် ယခုမှသာ အနားရတော့သည်။ ကျောင်းပိတ်ရက်ခရီးထွက်လျှင်ပင် ဤသို့ နားရသည်မဟုတ်ခဲ့ပေ။ တချို့က သား၊သမီး၊ မြေးတွေကို မတွေ့ရ၊ မထိရဘဲ လွန်စွာ အထီးကျန်နေကြသည်။

တချို့က ဒီတစ်ပတ် တားဆီးကန့်သတ်မှုများ ပြန်မဖွင့်လျှင် spa မသွားရမှာ စိုးရိမ်နေကြသည်။ တချို့က ဒီတစ်ပတ် တားဆီးကန့်သတ်မှုများ ပြန်မဖွင့်လျှင် စားစရာဆန် မရှိတော့မှာ စိုးရိမ်နေရသည်။

တချို့က အိမ်မှာနေရတော့မှ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ အချိန်မှန်လုပ်လာနိုင်သည်။ ခြံထဲဆင်းပြီး ပန်းပင်၊ စားပင်လေးတွေ စိုက်လာနိုင်သည်။ ပို၍ ကျန်းမာလာကြသည်။

တချို့က အခန်းကျဉ်းလေးထဲမှာ ပြတင်းတစ်ပေါက်တည်းနှင့် ညီအစ်ကိုမောင်နှမ၊ ယောက်ဖ၊ မြေး၊ အဒေါ်၊ မိထွေး တစ်ပြုံလုံး ကျဉ်းကျဉ်းကျပ်ကျပ် နေရသည်။

တချို့က အိမ်ထဲမှာနေတာကြာလာသည့်အခါ ပျင်းလွန်းသဖြင့် အပြင်ထွက်ချင်နေကြသည်။

တချို့က အန္တရာယ်ကိုနားလည်သဖြင့် အပြင်မထွက်ချင်ကြသော်လည်း ဝမ်းရေးကြောင့် အလုပ်လုပ်ရန် အပြင်ထွက်နေရသည်။

တချို့က ပင်လယ်ကမ်းခြေမှာ အပန်းဖြေသွားချင်နေကြသည်။

တချို့က ထိုသို့ တာဝန်မဲ့သူတွေကို ဆုံးမချင်နေသည်။

တချို့ကလေးတွေက အွန်လိုင်းသင်ယူမှုဖြင့် အချိန်အဟုန်မပျက် ပညာဆက်လက်သင်ယူနေကြသည်။

တချို့ကလေးတွေက ဖတ်စရာစာအုပ်ပင် မရှိတော့ချေ။

တချို့က သန်သန်မာမာကြီးကနေ ရောဂါရပြီး နေ့ချင်းညချင်း အသက်ရှူမရဘဲ အသက်ဆုံးရသည်။

တချို့က အသက်၁၀၀ကျော်အရွယ်မှာ ရောဂါရသည်ပင်လျှင် ပြန်လည်ကျန်းမာလာကြသည်။

တချို့က အလောင်းတွေထပ်နေသော သတင်းတွေကို ဇာတ်လမ်းပမာအလား ဖန်သားပြင်မှာပဲ ရှုစားနေရသည်။ တချို့က ကိုယ့်ဆွေမျိုးသားချင်း အသက်ရှူအထောက်အကူပြုကိရိယာ (ventilator) မြန်မြန်ပြုတ်ပြီး နေကောင်းလာပါစေဟု ပူပူဆွေးဆွေး ဆုတောင်းနေရသည်။

တချို့က လူမှုကွန်ရက်စာမျက်နှာ သုံးကာ Dhamma download ရယ်၊ ကိုဗစ်ရယ်ကို အခွင့်အရေးအဖြစ် အသုံးချပြီး ဗုဒ္ဓမြတ်စွာရဲ့ အနက်နဲဆုံး အဘိဓမ္မာကို လေ့လာသင်ယူနေကြသည်။

တချို့က လူမှုကွန်ရက်စာမျက်နှာသုံးကာ သူများ ဘဝတွေထဲ ဝင်ကြည့်နေကြသည်။

တချို့က တစ်ခါမှမရဖူးသော တစ်ကိုယ်တည်းနေရသည့် အခွင့်အရေးကို အသုံးချကာ ကိုယ်တွင်းလောကကို မပြတ်မလပ်ရှုမှတ်ရင်း အခန်းကျဉ်းလေးထဲမှာ အေးချမ်းနေကြသည်။ ရိပ်သာသွားဖို့ အကြိမ်ကြိမ် ကြိုးစားတာ မအောင်မြင်ခဲ့သမျှ အတိုးချကာ ကြိုးစားနေကြသည်။

တချို့က ငါဒီလိုဖြစ်ရတာ ဟိုလူကြောင့် ဒီလူကြောင့်ဟု လက်ညှိုးထိုးကာ အပြင်လောက၏ အပူတွေကို ယူနေကြသည်။

တချို့က အားလုံးအဆင်ပြေတော့မည်ဟု ယုံကြည်နေကြသည်။

တချို့ကတော့ အဆိုးဆုံးတွေလာဦးမှာဟု ယုံကြည်နေကြသည်။

ဤသို့ဖြင့်.....

ကမ္ဘာပေါ်ရှိ လူသားတို့သည် တစ်ခရီးတည်း သွားနေကြသော်လည်း တစ်လှေတည်း စီးနေကြသည် မဟုတ်ချေ။ ကိုယ့်မှာရှိသောလှေ၊ ရွေးချယ်ခွင့်ရှိလျှင်လည်း ကိုယ်နှစ်သက်ရာလှေကို ရွေးချယ်ပြီး လှော်နေကြရင်း ဤမုန်တိုင်းကို ကျော်ဖြတ်သွားကြမည် ဖြစ်ပေသည်။

ထို့ကြောင့်...

ကိုယ်လှော်နေသောလှေ၏ အပြင်ဘက်ကို ငဲ့ကြည့်သင့်ပေသည်။ ထိုသို့ကြည့်ရာဝယ် တစ်ချက်ဝင်ကြည့်ရုံမျှမက တခြားလှေများ၏ အားနည်းချက်၊ အားသာချက်များကို နားလည်အောင် စူးစိုက်ကြည့်ရပေမည်။

သို့မှသာ ဤမုန်တိုင်းလမ်း ခရီးကြမ်းကို အထိအရှ အနည်းဆုံးဖြင့် လက်တွဲဖြတ်သန်းနိုင်ကြမည် ဖြစ်ပေသည်။

အထက်ပါစာသည် အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာစုလေးကို မြန်မာမှုပြုထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓအဆုံးအမကို သက်ဝင်ယုံကြည်သူ စာရေးသူအမြင် ပြောရမည်ဆိုလျှင်တော့ "ကံ" ဟုသာ တစ်ခွန်းတည်း ပြောချင်ပါသည်။

"ကံ"ဟူသည်ကို အဓိပ္ပာယ်ဖွင့်ရမည်ဆိုလျှင် ကား "ကံ" ဟူသည်မှာ အလုပ်ပါ။ အလုပ်ကောင်းလျှင် "ကံ"ကောင်းမည်ဟု ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကြသည်။

**အများနားလည်ကြ**

အတိတ်မှာ အလုပ်ကောင်းခဲ့ကြသူများက လှေကြီးကြီး ခိုင်ခိုင်ကျယ်ကျယ်ဝန်းဝန်းတွင် သက်သောင့်သက်သာ ရှိကြသည်၊ အတိတ်မှာ အလုပ်မကောင်းခဲ့သူများမှာကား လှေငယ်ငယ်ယိုင်ယိုင်တွင် ခနော်ခနဲ့လှော်ခတ်နေရသည်ဟု အများနားလည်ကြသည်။

ထို့ထက်ပိုကာ အတိတ်ကံသည် ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာကိုလည်း ဖွံ့ဖြိုးစေသည်ဟု စာရေးသူယူဆမိပါသည်။ အတိတ်မှာ အလုပ်ကောင်းခဲ့ကြသူများက ရုပ်ဝတ္ထုလှေကြီးများသာမက စိတ်ဓာတ်လည်း ခိုင်မာပြီး လိုအပ်သူများကို လူသားအချင်းချင်းစာနာကာ ငွေအား၊ ဉာဏ်အားများဖြင့် ကူညီနိုင်ကြသည်။ တချို့မှာ လှေကြီး ခိုင်ခိုင်မရှိသော်လည်း အသိဉာဏ် နှလုံးရည် ပြည့်စုံသူများဖြစ်ကာ စိတ်ဓာတ်ရေးရာမှာမညံ့ဘဲ မိမိကိုယ် မိမိလည်း ကာကွယ်၊ သူတစ်ပါးကိုလည်း လုပ်အားဖြင့် ကူညီတတ်သူများ ဖြစ်နေကြသည်။

**အတိတ်က အလုပ်တွေလည်းပါဝင်**

အတိတ်မှာ အလုပ်မကောင်းခဲ့သူများမှာကား လှေကြီးကြီးရှိနေသည်ပင်လျှင် စိတ်ဓာတ်မခိုင်မာနိုင်ဘဲ သူများကိုကူညီဖို့နေနေသာသာ မိမိကိုယ်အတွက်မိမိ ပူဆွေးနေရသည်။

ထို့ထက်၊ ထို့ထက်ပိုကာ အတိတ်ဟုဆိုရာဝယ် အတိတ်ဘဝသာမက ယခုဘဝအမေမွေးပြီးကတည်းက ယခုအချိန်အထိ ပညာသင်ခဲ့ရသော၊ နိုးနိုးကြားကြားကြိုးစားခဲ့ရသော အတိတ်က အလုပ်တွေလည်းပါဝင်သည်ဟု သတိချပ်ရပေမည်။

မည်သို့ဆိုစေ အတိတ်က ဘဝကိုဖြစ်စေ၊ ယခုဘဝက အတိတ်ကိုဖြစ်စေ ပြင်၍မရတော့ပါ။

ပစ္စုပ္ပန် "ကံ" ကိုကား အနာဂတ်အတွက် ပြင်နိုင်ပါသည်။

အနာဂတ်မှာ "ကံ" ကောင်းလိုလျှင် ယနေ့လုပ်ရမည့် ပစ္စုပ္ပန် "ကံ" များမှာကား.....

လက်ကို ဆပ်ပြာဖြင့်စနစ်တကျဆေးခြင်း၊ အိမ်တွင်း အောင်းခြင်းဖြင့် မိမိကိုယ်မိမိကာကွယ်ခြင်း သာမက သူတစ်ပါးကိုကာကွယ်ခြင်း၊ မဖြစ်မနေ အပြင်ထွက်ရပါက တစ်ဦးတည်းထွက်ခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ ခြောက်ပေအကွာ ခပ်ခွာခွာနေခြင်း၊ ပြန်လာပါက ရေချိုးခန်းသို့ တန်းဝင်၍ ရေချိုး၊ ခေါင်းလျှော်၊ အဝတ်များလျှော်ဖွပ်ပစ်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ ဤကာလမှာ အိမ်သို့ အမျိုးမိတ်ဆွေများ လာရောက်လည်ပတ် စုဝေးစားသောက်မှုများကိုပင် ရှောင်ရှားခြင်း၊ အလုပ်ခွင်တွင် စုဝေးစားသောက်ခြင်းများ ရှောင်ရှားခြင်း၊ စောစောရှာ mobile application ကို မိမိဖုန်းမှာ ထည့်သွင်းထားခြင်း၊ ရောဂါလက္ခဏာရှိလာပြီဟု သံသယရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ သတင်းပို့ကာ စနစ်တကျကုသစောင့်ရှောက်မှုများ ခံယူခြင်း၊ ရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်ပွားနိုင်သဖြင့် စောင့်ကြည့်ခံရသူများကို ကြင်နာကိုယ်ချင်းစာခြင်း၊ လူသားတိုင်းအပေါ် မေတ္တာထားခြင်း၊ စိတ်ကောင်းထားခြင်း၊ ငွေအား၊ လူအား၊ လုပ်အားတတ်နိုင်သမျှ ရိုင်းပင်းကူညီခြင်း၊ မိမိကိုယ်မိမိ စိတ်ဓာတ်ကြံ့ခိုင်အောင် လေ့ကျင့်ခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်အောင် အာဟာရဖြစ်စေသောအစာများစားခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မှန်မှန်လုပ်ခြင်း၊ ကပ်ရောဂါကြောင့် လူအများ ဒုက္ခရောက်နေသည်ကို အခွင့်ကောင်းယူ၍ ပြစ်မှုများ ကျူးလွန်ခြင်းမှ ရှောင်ရှားခြင်း၊ မတရားစီးပွားရေးအမြတ်ထုတ်ခြင်းများမှ ရှောင်ရှားခြင်း၊ ကောလာဟလ အခြေအမြစ်မရှိသောအတင်းများ၊ တိုက်တွန်းချက်များကို ဖြန့်ဝေခြင်းမှ ရှောင်ရှားခြင်း၊ သိပ္ပံပညာတွေ့ရှိချက်များအရ ရန်သူအကြောင်း လေ့လာခြင်း၊ နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း အကြံပေးချက်များကို လိုက်နာခြင်း စသည်တို့ ဖြစ်သည်။

**အထိအရှအနည်းဆုံးဖြင့် လှော်ခတ်သွားနိုင်မည်ကို သက်သေပြနိုင်**

ပစ္စုပ္ပန် "ကံ" ကောင်းလျှင် နောင်ဘဝ ကောင်းမည်ဟူသည်ကို နောင်ဘဝသို့ ပြန်နိုင်စွမ်းမရှိသော လူသားတစ်ယောက်ပေမို့ စာရေးသူ သက်သေမပြနိုင်ပါ။

အထက်ဖော်ပြပါ ပစ္စုပ္ပန် "ကံ" ကောင်းများကို ပြုလျှင်တော့ ဗုဒ္ဓဓမ္မကိုယုံကြည်သူဖြစ်စေ၊ ဘုရားသခင်ကို ယုံကြည်သူဖြစ်စေ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်သူဖြစ်စေ မည်သူမဆို ဤမုန်တိုင်းလမ်း ခရီးကြမ်းကို အထိအရှအနည်းဆုံးဖြင့် လှော်ခတ်သွားနိုင်မည်ကိုတော့ သက်သေပြနိုင်ပါသည်။ သက်သေပြပြီးသည့် နိုင်ငံများလည်း ရှိနေပါပြီ။

ယနေ့ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးမှာ ရရှိထားသည့်အခြေအနေ၊ ရင်ဆိုင်နေရသည့် အခြေအနေ အမျိုးမျိုး မတူကြပါ။ ထို့ကြောင့် လှော်ခတ်နေကြသော လှေငယ်များစွာ အမျိုးမျိုးကိုလည်း ညှိရခက်ပါသည်။

စာရေးသူတို့နိုင်ငံရှိ လှေတိုင်းအတွက် မြန်မာနိုင်ငံဟူသော တူညီသောအခြေအနေ အဝန်းအဝိုင်း တစ်ခုရှိနေသည်။ တစ်လှေတည်း မဟုတ်သော်လည်း လွတ်မြောက်ခြင်းဟူသည့် တစ်နေရာတည်းသို့ ဦးတည်ကာ တစ်နိုင်ငံလုံး တစ်ခရီးတည်းသွားနေကြသဖြင့် လှေအချင်းချင်း နားလည်ရိုင်းပင်းကာ ငွေအားရှိသူက ငွေအားကူ၊ စိတ်ဓာတ်အင်အားရှိသူက စိတ်ဓာတ်ကူ၊ လူအားရှိသူက လူအားကူ၊ လုပ်အားရှိသူက လုပ်အားကူ၊ ဘာမျှမရှိသူက စည်းကမ်းလိုက်နာ ကိုယ့်ကိုယ်ကိုယ် ကိုယ်ကျန်းမာ စိတ်ချမ်းသာအောင်နေခြင်းဖြင့် ဤမုန်တိုင်းလမ်းခရီးကြမ်းကို တည်တည်ငြိမ်ငြိမ် ဖြတ်သန်းကြပါစို့။ ။

> ☆ ကိုယ်လှော်နေသောလှေ၏ အပြင်ဘက်ကို ငဲ့ကြည့်သင့်ပေသည်။ ထိုသို့ကြည့်ရာဝယ် တစ်ချက်ဝင်ကြည့်ရုံမျှမက တခြားလှေများ၏ အားနည်းချက်၊ အားသာချက်များကို နားလည်အောင် စူးစိုက်ကြည့်ရပေမည်။ သို့မှသာ ဤမုန်တိုင်းလမ်း ခရီးကြမ်းကို အထိအရှ အနည်းဆုံးဖြင့် လက်တွဲဖြတ်သန်းနိုင်ကြမည်ဖြစ်ပေသည်။

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၇

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေး အတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ကို နေပြည်တော် တိုင်းဒေသကြီး/ပြည်နယ် များမှ မြို့နယ် ၆၃ မြို့နယ်ရှိ နေရာ ၁၃၅ နေရာတွင် ဧပြီ ၃၀ ရက်က မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၃၁၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၈၇ ကီလိုဂရမ်၊ ရေ ၂၄၃၆၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ချင်းပြည်နယ် လွှတ်တော်ရုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၁)၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရှမ်းပြည်နယ် ကျိုင်းတုံမြို့ပေါ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် Sule Square ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးမြို့ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၉)
# ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် နိုင်ငံရေးပါတီများ



မောင်စာဂ

ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူ၍ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များက လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲ ဆောင်ရွက်ကြရသည်။

ယင်းသို့ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံ့ဝန်ထမ်းများက မည်သည့်အခန်းကဏ္ဍတွင် ပါဝင်၍ တာဝန်ယူဆောင်ရွက်ကြရကြောင်း "ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲတာဝန်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ" ခေါင်းစဉ်ဖြင့် ဆောင်းပါးအမှတ်စဉ် (၁၃) တွင် ရေးသားခဲ့သည်။ ယခု နိုင်ငံရေးပါတီများက ရွေးကောက်ပွဲစီမံခန့်ခွဲမှုအပိုင်းတွင် မည်သည့်အခန်းကဏ္ဍမှ မည်သို့ပါဝင်ဆောင်ရွက်ရပါသနည်း။ အနှစ်ချုပ်၍ မျှဝေပါရစေ။

## စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်

ရွေးကောက်ပွဲတစ်ခုကို ကျင်းပရာတွင် ချောမောအောင်မြင်စေရေးအတွက် ရွေးကောက်ပွဲကာလတစ်လျှောက် ဖြစ်ပေါ်လာမည့် အငြင်းပွားမှုများကိုစေ့စပ်ဖြေရှင်းပေးရန် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များပါဝင်၍ ဖွဲ့စည်းဆောင်ရွက်သည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် နိုင်ငံခြားရေး၊ နယ်စပ်ရေးရာ၊ ပြန်ကြားရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်သည်။ ထို့ပြင် ရွေးကောက်ပွဲ ဝင်ရောက်သည့် ကိုယ်စားလှယ်လောင်းအများဆုံးတင်သွင်းသည့် နိုင်ငံရေးပါတီ ၁၀ ခုမှ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတို့တွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သည်။ ထို့ပြင် ယင်းနယ်မြေများမှ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် ယင်းနယ်မြေအတွင်းရှိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများမှ ကိုယ်စားလှယ် တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ထို့ပြင် ခရိုင်အတွင်းရှိ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် ခရိုင်အတွင်းရှိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ ထို့ပြင် မြို့နယ်အတွင်းရှိ ဩဇာတိက္ကမရှိသူ အနည်းဆုံးငါးဦးနှင့် မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများနှင့်တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းသည်။

ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများထဲမှ အဓိကကျသောလုပ်ငန်းများကို ကောက်နုတ်ဖော်ပြရလျှင် မဲဆွယ်စည်းရုံးရေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းများ အချင်းချင်းအကြား၊ နိုင်ငံရေးပါတီများအချင်းချင်းအကြား၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအကြား သို့မဟုတ် ရွေးကောက်ပွဲစီမံခန့်ခွဲသူများအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များနှင့်အညီ ဖြစ်စေရေး စေ့စပ်ညှိနှိုင်းဆောင်ရွက်ကြရသည်။ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကူအညီတောင်းခံရန် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲများကို ဖိတ်ကြား၍ ညှိနှိုင်းဆောင်ရွက်ပေးရသည်။

## မဲရုံအသီးသီးတွင်ပါဝင်ဆောင်ရွက်ခွင့်

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီတိုင်းသည် မဲရုံတိုင်းတွင် ဆန္ဒမဲပေးခြင်းကိစ္စများကို စောင့်ကြည့်၍ လိုအပ်သည်များဆောင်ရွက်နိုင်ရန် မဲရုံကိုယ်စားလှယ်နှစ်ဦးကျစီ ထားရှိခွင့်ရှိသည်။ ယင်းမဲရုံကိုယ်စားလှယ်များအား သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခန့်စာများထုတ်ပေးရသည်။ ပါတီကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတိုင်းသည် ၎င်းတို့ပါတီဝင်များကိုသာ မဲရုံကိုယ်စားလှယ်များအဖြစ် ခန့်အပ်တာဝန်ပေးကြသည်။ မဲဆန္ဒနယ်တစ်နယ်တွင် အနည်းဆုံး ပါတီနှစ်ခု၊ သုံးခုမှ အများဆုံး ၁၀ခု၊ ၁၅ ခုအထိ ဝင်ရောက်ယှဉ်ပြိုင်တတ်လေ့ရှိရာ မဲရုံတစ်ရုံလျှင် နိုင်ငံရေးပါတီများ၏ မဲရုံကိုယ်စားလှယ်အနည်းဆုံး လေးဦးမှ အများဆုံး ၃၀ အထိ ရှိနိုင်သည်။

မဲရုံကိုယ်စားလှယ်များသည် ဆန္ဒမဲပေးသည့်နေ့ရက် ရောက်သည့်အခါ မဲရုံမဖွင့်မီ နံနက် ၅ နာရီ မထိုးခင်ကတည်းက မိမိတို့တာဝန်ကျသည့် မဲရုံများသို့အရောက်သွားကြရသည်။ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများက မဲရုံမှူးသို့ ဆန္ဒမဲလက်မှတ်များနှင့် မဲစာရင်းများ၊ မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲပေးထားသည့် ပုံစံ ၁၃ များ လာအပ်သည့်အခါ စောင့်ကြည့်ကြရသည်။ ဥပဒေနှင့်မညီသည့် ပြုမူဆောင်ရွက်ချက်များတွေ့ရှိလျှင် ကန့်ကွက်ပြောကြားနိုင်သည်။

မဲရုံဖွင့်သည့် နံနက် ၆ နာရီမှစတင်၍ မဲရုံပိတ်ပြီးဆန္ဒမဲများရေတွက်ခြင်းနှင့် မဲရလဒ်များ ကြေညာပြီးသည်အထိ သတ်မှတ်ထားသည့်အတိုင်း မဲရုံအတွင်း ဝင်ခွင့်နေထိုင်ခွင့်ရှိသည်။ မဲရုံမှူးက မဲရုံကိုယ်စားလှယ်များ နေထိုင်နိုင်ရန် နေရာစီစဉ်ဆောင်ရွက်ထားရှိသည်။ မဲဆန္ဒရှင် အမှန်တကယ် ဟုတ်မဟုတ်၊ ကိုယ်စားလာပေးသည်လား၊ အယောင်ဆောင်လာပေးသည်လား၊ နှစ်ကြိမ်နှစ်ခါ လာပေးသည်လား၊ ဆန္ဒမဲလက်မှတ်တစ်ခုထက်ပို၍ထုတ်ပေးသည်လား၊ မဲရုံအတွင်း မဲဆွယ်ခြင်းပြုသည်လား၊ မသမာမှုတွေပြုသည်လား၊ လျှို့ဝှက်ဆန္ဒမဲပေးခြင်းမှန်သည်လား၊ မဲပုံးထဲသို့ထည့်သည်လား၊ တစ်မဲထက်ပို၍ထည့်သည်လား အစဉ်သဖြင့် စောင့်ကြပ်ကြည့်ရှုနေရသည်။ မဟုတ်မမှန်တွေ့သည်နှင့် သို့မဟုတ် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်သည်ကိုမြင်သည်နှင့် ချက်ချင်းမဲရုံမှူးသို့ ကန့်ကွက်ပြောကြားရသည်။ မဲရုံရှိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များသို့လည်း တင်ပြရသည်။ မိမိတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်ထံသို့လည်း ဆက်သွယ်ပြောကြားရသည်။

ထို့ပြင် ဆန္ဒမဲလက်မှတ်ရေတွက်ခြင်းသည် အရေးကြီးသည်။ မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ပင် ရေတွက်ရသည်။ မဲရုံမှူးက ပယ်မဲ၊ ခိုင်လုံမဲအဖြစ် သတ်မှတ်ကြေညာရာတွင် မဲရုံကိုယ်စားလှယ်များအနေဖြင့် သေသေချာချာကြည့်ရှုကြရသည်။ ကန့်ကွက်စရာရှိက ကန့်ကွက်နိုင်သည်။ တောင်းဆိုစရာရှိက တောင်းဆိုနိုင်သည်။ မဲရလဒ်စာရင်းများရေးသွင်းခြင်းကိုလည်း မဲရုံကိုယ်စားလှယ်များ၏ရှေ့တွင်ပင်ရေးသွင်းရပြီး ထိုသို့စာရင်းသွင်းသည့်ပုံစံများပေါ်တွင် မဲရုံကိုယ်စားလှယ်များ ကိုယ်တိုင် ပါဝင်လက်မှတ်ရေးထိုးကြရသည်။ မဲရုံမှူးက ထုပ်ပိုးသည့် အထုပ်ကြီး၊ အထုပ်ငယ်များပေါ်တွင် မဲရုံမှူး၏ ချိတ်တံဆိပ်ရိုက်ရသကဲ့သို့ မဲရုံကိုယ်စားလှယ်များ၏ ချိတ်တံဆိပ်ကိုလည်း ရိုက်ခွင့်ရှိကြသည်။

## ပွဲကိုင်များအသွင်ပါဝင်ထိန်းကျောင်းကြစေချင်

ယခုဖော်ပြချက်များသည် ရွေးကောက်ပွဲတစ်ခု၌ နိုင်ငံရေးပါတီများက ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ကြရသည့် လုပ်ငန်းစဉ်များထဲမှ ထင်သာမြင်သာရှိသည့် အနှစ်ချုပ်အချို့သာဖြစ်သည်။ ဤသည်ကိုကြည့်ခြင်းဖြင့် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှုများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့် ရှိနေကြသည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲစီမံခန့်ခွဲပိုင်ခွင့်ရှိသူများ၏ ရွေးကောက်ပွဲစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များတွင် ဥပဒေနှင့်အညီဖြစ်စေရေး၊ တရားမျှတမှုရှိစေရေး၊ လွတ်လပ်သောရွေးကောက်ပွဲဖြစ်စေရေးဆီသို့ ဦးတည်ချက်တူ၊ ပန်းတိုင်တူ ပါဝင်ဆောင်ရွက်ခွင့်ရှိနေကြသည်။

> ရွေးကောက်ပွဲစီမံခန့်ခွဲရေး
> လုပ်ငန်းစဉ်များတွင်
> ဥပဒေနှင့်အညီဖြစ်စေရေး၊
> တရားမျှတမှုရှိစေရေး၊ လွတ်လပ်သော
> ရွေးကောက်ပွဲဖြစ်စေရေးဆီသို့
> ဦးတည်ချက်တူ၊ ပန်းတိုင်တူ
> ပါဝင်ဆောင်ရွက်ခွင့်ရှိ

လွတ်လပ်သောရွေးကောက်ပွဲဖြစ်စေရေး၊ တရားမျှတမှုဖြစ်စေရေး၊ ဥပဒေနှင့်အညီဖြစ်စေရေးတို့အတွက် ပူးပေါင်းပါဝင် ထိန်းကျောင်းမှုပြုနိုင်ဖို့ဆိုလျှင် စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များသည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံကိုယ်စားလှယ်များသည်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို နှံ့နှံ့စပ်စပ်၊ ကျွမ်းကျွမ်းကျင်ကျင် သိရှိနားလည်ထားကြဖို့ လိုအပ်မည်ဖြစ်သည်။ သို့မှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မတိမ်းမစောင်း၊ မချွတ်ချော်စေရေး၊ မဲဆွယ်စည်းရုံးရေးကာလ ဖြစ်ပေါ်တတ်သော အငြင်းပွားမှုများနှင့် စေ့စပ်ညှိနှိုင်းရေးတွင် ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့်အတူ ပွဲကိုင်များအသွင် ပါဝင်ထိန်းကျောင်းသွားနိုင်ကြပါမည်။

## ဥပဒေနှင့်အညီဖြစ်စေဖို့ အားလုံးပါဝင်ကြပါစို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကထုတ်ဝေထားသည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာများနှင့် အယူခံမှုဆုံးဖြတ်ချက်များ (ကောက်နုတ်ချက်) စာအုပ်တို့ကို လေ့လာဖတ်ရှုသင့်ကြသည်။ အချို့သောကန့်ကွက်လွှာအမှုများ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့ ကိုယ်တိုင်ကပင် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများကို သေချာလေ့လာဖတ်ရှုဖူးခြင်းမရှိခဲ့ကြကြောင်း တွေ့ရသည်။ ဤသို့ဆိုလျှင် ၎င်းတို့ကခန့်ထားသော မဲရုံကိုယ်စားလှယ်များအနေဖြင့် မည်သို့သောအနေအထားတွင် ရှိနေကြမည်နည်း စဉ်းစားမိသည်။

ယခု ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံများတွင် တာဝန်ယူကြရမည့် မဲရုံကိုယ်စားလှယ်များ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များသည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များကို မိမိတို့ကိုယ်တိုင်က ကောင်းစွာသိရှိနားလည်ကြရန် လိုအပ်သည်။ ထိုသို့ သိရှိနားလည်စေရန် ဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်၍ ရှင်းလင်းအသိပေးပြီး အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်ရေး၊ တရားမျှတရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေးတို့အတွက် ထောက်ပြ၊ ဝေဖန်၊ အကြံပြု ပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်းပါဗျာ။

- **ရွေးကောက်ပွဲစီမံခန့်ခွဲသူများ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ၊**
- **နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်ကူညီဆောင်ရွက်နိုင်ကြပါစေ၊**
- **လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဆီသို့ ဦးတည်နိုင်ကြပါစေ။ ။**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် We Love Yangon အဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေ ၃ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ We Love Yangon အဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား We Love Yangon အဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့်တာဝန်ရှိသူများက Quarantine Center များ၊ Lockdown Area များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံကြီးများနှင့် ပြည်သူများအား မှုဝေလှူဒါန်းခြင်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် We Love Yangon စားနပ်ရိက္ခာပို့ဆောင်ကူညီရေးပရဟိတအဖွဲ့မှတစ်ဆင့် လိုအပ်သည့်နေရာများသို့ လှူဒါန်းပေးနိုင်ရန် Robert Bosch SEA . Pte. Ltd မှ လှူဒါန်းပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

We Love Yangon အား တောင်ဥက္ကလာပမြို့နယ်၊ အလုံမြို့နယ်အမှတ်-၄အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (MCC) ခန်းမစသည်ဖြင့် ခရိုင်လေးခုခွဲ၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးရေးကာလတွင် စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီကနေ မူလဈေးနှုန်းထက် အသက်သာဆုံးဈေးနှုန်းဖြင့် အကျိုးအမြတ်မယူဘဲ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း EC အဖွဲ့ဝင် ကိုစန်းမောင်မောင်၏ ပြောပြချက်အရသိရသည်။ **ဆန်းကျော်ဦး (ပြန် / ဆက်)**





# သထုံခရိုင်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်ဝရေး ကြည့်ရှုစစ်ဆေး

**သထုံ မေ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သထုံခရိုင်အတွင်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို မေ ၅ ရက်တွင် မွန်ပြည်နယ်ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

သထုံခရိုင်အတွင်းရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကျိုက်ထိုမြို့နယ်တွင် ဆောင်နိုင်ကြီးကျေးရွာအဝင်လမ်းမကြီး အရှည် (၁/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ ကျောက်ပိ-သောင်ကွင်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် (၃/၁)မိုင် ဂဝံခင်းခြင်းလုပ်ငန်း၊ ဘီးလင်းမြို့နယ်တွင် မုသင်-ရွှေလေ့ ချောင်းကူးတံတား၏ ချဉ်းကပ်လမ်း ကျောက်စီမြေထိန်းနံရံအရှည်ပေ ၂၈၀ တည်ဆောက်ခြင်းလုပ်ငန်းနှင့် မိုးကောင်း-မရမ်းကုန်း-ရွှေကြည် ကျေးရွာချင်းဆက်လမ်း အရှည် (၁/၆)မိုင် အပြီးသတ်ကျောက်ခင်းခြင်းလုပ်ငန်း၊ သထုံမြို့နယ်တွင် အင်တော-နောင်ကတုတ်လမ်း အပြီးသတ်ကျောက်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ အရှည်ပေ ၁၀၀ နှင့် အရှည်ပေ ၆၀ ရှိ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ သုဓမ္မဝတီမြို့သစ် စစ်မှုထမ်းဟောင်းအိမ်ရာ(၅)ရပ်ကွက်အတွင်းလမ်း အရှည်(၀/၅)မိုင် ဂဝံခင်းခြင်းလုပ်ငန်း၊ သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး တည်ဆောက်ခြင်းနှင့် လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ထိန်ပင်ကျေးရွာမှ သထုံဘူတာအထိ လမ်းဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ တံတားများတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သက်ဦး (သထုံ)

# တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန် မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေ

**တောင်ကြီး မေ ၇**

မီးဖိုချောင်သုံးစားသုံးသီးပင်များအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် လူဦးရေထူထပ်သည့်ဈေးများသို့ သွားရောက် ဝယ်ယူခြင်းကို လျှော့ချနိုင်ရန် မိမိနေအိမ်ခြံဝင်းအတွင်းဟင်းသီးဟင်းရွက်နှင့် သီးပင်စားပင်များ စိုက်ပျိုးနိုင်ရေးအတွက်နှင့် တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအား အာဟာရပြည့်ဝသော မျိုးစေ့ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက သစ်တောရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်၊ ကံကြီးရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်၊ ဘုရားဖြူရပ်ကွက်တို့ကိုဖြန့်ဝေပေးသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ တောင်ကြီးမြို့ပေါ်ရှိရပ်ကွက်ပြည်သူများအား Home Garden စိုက်ပျိုးနိုင်ရန်အတွက် အခမဲ့မျိုးစေ့နှင့် ပျိုးပင်များကို ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် ဦးဆောင်ကာ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်/ ခရိုင်/ မြို့နယ်တို့မှ ပြည်နယ်မှူးနှင့် တာဝန်ရှိ ဝန်ထမ်းများက တောင်ကြီးမြို့ သစ်တောရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းတစ်လျှောက်ရှိပြည်သူများအား ချဉ်ပေါင်၊ ကြက်ဟင်းခါးသီး၊ ခရမ်းကစော့(ဖြူ)၊ ပြောင်းချို၊ နံနံ၊ ကန်စွန်းမျိုးစေ့၊ တိုင်ထောင်ပဲ၊ မုန်ညင်းဖြူ၊ မုန်ညင်းထုပ်၊ ကော်ဖီထုပ်၊ သခွားသီးစသည့် မျိုးစေ့များ၊ ကြက်သွန်နီ၊ ပူဒီနာပျိုးပင်များနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလတွင် မိမိနေအိမ်တွင်နေထိုင်ပြီး မီးဖိုချောင်သုံးစားပင်သီးပင်များကို စိုက်ပျိုးနိုင်ခြင်းနှင့် အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်ကို ကျင့်သုံးနိုင်ရန်အလေ့အကျင့်ဖြစ်စေရန်နှင့် ဈေးသွားရသည့် ဒုက္ခမှ ကင်းဝေးရန် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မျိုးစေ့နှင့် ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းကို ရှမ်းပြည်နယ်တွင် တစ်ပြိုင်တည်းဆောင်ရွက်နေကြောင်းနှင့် ယခုအပတ်တွင် မျိုးစေ့ပျိုးပင်များ မရလိုက်သောပြည်သူများအား လာမည့်အပတ်များတွင်လည်း အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး မိမိအိမ်တွင် တစ်နိုင်တစ်ပိုင် စိုက်ချင်ပါက စိုက်ပျိုးရေးဦးစီးဌာနတွင် မျိုးစေ့နှင့် နည်းပညာများ လာရောက်တောင်းယူနိုင်ပါကြောင်း ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ပြောသည်။

အဆိုပါ Home Garden စိုက်ပျိုးနိုင်ရေးအတွက်မျိုးစေ့ပျိုးပင်များအား တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်နေ ပြည်သူများကို အခမဲ့ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**






# တွံတေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ဖျားနာဆေးကုခန်း ဖွင့်လှစ်

**တွံတေး မေ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဖျားနာဆေးကုခန်းကို ယနေ့ နံနက်ပိုင်းက တွံတေးမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

"ရပ်ကွက်ကျေးရွာမှာရှိတဲ့ ပြည်သူများ ဖျားနာကြရင် တော်ရုံဆေးခန်းတွေက မကြည့်ချင်ကြတဲ့အတွက် ပြည်သူတွေက အပြင်ဆေးဆိုင်ကနေ စပ်ဆေးတွေဝယ်သောက်ပြီးနေကြတယ်။ ကိုဗစ်-၁၉ ရောဂါ သံသယလူနာများကို ဆောလျင်စွာသိရှိနိုင်ရေး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား စနစ်တကျကုသမှုပေးနိုင်ရေး၊ ရောဂါပြန့်ပွားမှုအား ဆောလျင်စွာ ထိန်းချုပ်နိုင်ရေးအတွက် Fever Clinic ကိုဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဒီဆေးခန်းမှာ အဓိကဖျားတဲ့သူ၊ ချောင်းဆိုးတဲ့သူ၊ နှာစေးတဲ့သူ၊ လည်ချောင်းနာတဲ့သူ မည်သူမဆိုလာရောက်ပြသလို့ရပါတယ်။ ကုသချိန်ကတော့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် အပြင်ဆေးခန်း တော်တော်များများက ပိတ်ထားကြတယ်၊ ပိတ်ထားတဲ့အတွက် ဖျားနေတဲ့သူတွေ၊ ချောင်းဆိုးတဲ့သူတွေ၊ ဘယ်ကို သွားပြရမှန်းမသိဖြစ်နေတဲ့အတွက်ကြောင့် ဖျားနာတဲ့သူတွေလာပြလို့ရအောင် Fever Clinic ကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်" ဟု ဆေးတက္ကသိုလ်(၁) ရန်ကုန်အရေးပေါ်ကုသမှု ဆေးပညာဌာန လက်ထောက်ကထိက ဒေါက်တာ ဖြိုးသီဟက ပြောသည်။

အဆိုပါ ဆေးကုခန်းဖွင့်ပွဲသို့ တွံတေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခုတင်(၅၀)ပြည်သူ့ဆေးရုံမှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဇော်လှ၊ စေတနာ့ဝန်ထမ်းဆရာဝန်များ၊ သူနာပြုများ စေတနာ့ဝန်ထမ်းလူငယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ယင်းဆေးခန်းကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

## မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် အဆောက်အအုံများ ပျက်စီး

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မေ ၇ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၁၅၈ လုံး ပျက်စီးခဲ့ရာ ဆင်ပေါင်ဝဲမြို့ အမှတ်(၃)ရပ်ကွက်တွင် နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များက ပျက်စီးသွားသည့်အဆောက်အအုံများနှင့် ပြိုလဲသစ်ပင်များအား ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အိဖြူဖြူ(ပြန်/ဆက်)**

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ မေ ၆ ရက် ညနေ ၄ နာရီခွဲ ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မြောက်အင်းဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ချမ်းသာကြီးဘုရား ထီးတော်မြေခပြီး ကျော်ဇေယျာ(၁)ရပ်ကွက်တွင် နေအိမ် တစ်လုံး၊ ပြင်ဦးလွင်ရပ်ကွက်တွင် နေအိမ် သုံးလုံး၊ ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် လူနေအိမ် ၁၅ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း ကောလင်းမြို့နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

နေအိမ်များပျက်စီးခဲ့သည့် ကျေးရွာများသို့ ကောလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည့်အကူအညီများရရှိနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းအပြင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ပျက်စီးဆုံးရှုံးမှုတန်ဖိုး အလိုက် ကုန်ကျစရိတ်နှင့် ဆန်ရိက္ခာဖိုးများကို အမြန်ဆုံးရရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

**ပင်လည်ဘူး**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၌ မေ ၆ ရက် မွန်းလွဲ ၃ နာရီခွဲက လေပြင်းတိုက်ခတ်၍ နေအိမ် ခုနစ်လုံးနှင့် ဈေးဆိုင်တစ်ဆိုင် အမိုးလန်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ထိခိုက်ပျက်စီးမှုများမှာ နောင်ကန်ကျေးရွာ တွင်နေအိမ်တစ်လုံး၊ ဥသျှစ်ပင်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ဝါးဘိုးချောင်း ကျေးရွာတွင် ဈေးဆိုင်တစ်ဆိုင်၊ သာယာကုန်းကျေးရွာတွင် နေအိမ်တစ်လုံး၊ တောင်ကုန်းကျေးရွာတွင်နေအိမ်တစ်လုံးနှင့် မြောက်မော်ကျေးရွာတွင်နေအိမ် တစ်လုံး စုစုပေါင်း နေအိမ် ခုနစ်လုံးနှင့် ဈေးဆိုင်တစ်ဆိုင်တို့ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ မေ ၆ ရက် မွန်းလွဲ ၂ နာရီကျော်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် သစ်ကိုင်း များ ကျိုးကျခြင်းနှင့် နေအိမ် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်ခြင်းကြောင့် ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်ရှိ မြို့နယ် ပညာရေးမှူးလမ်းနှင့် ဝန်ထမ်းပေါင်းစုံလမ်းရှိ သစ်ပင်များ ကျိုးကျခြင်း၊ ရှုံးရှိကျေးရွာတွင် နေအိမ် သုံးလုံး၊ ပိတောက်ကုန်း ကျေးရွာတွင် လူနေအိမ် သုံးလုံးနှင့် လျှပ်စစ်မီးတိုင် တစ်တိုင်၊ အုတ်လှကျေးရွာတွင် နေအိမ်တစ်လုံး၊ ဘော်ပြင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ရဲလှကျေးရွာတွင် နေအိမ် ခုနစ်လုံးနှင့် စာသင်ကျောင်းဆောင်တစ်ဆောင်၊ ရေရှင်ကျေးရွာတွင် နေအိမ် တစ်လုံး၊ နှမ်းခါးကျေးရွာတွင် နေအိမ် နှစ်လုံးနှင့် ရွာမကျေးရွာတွင် နေအိမ် တစ်လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

**ဝန်းသို**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ မေ ၆ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကျော်မြိုင်**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မေ ၆ ရက် ညနေ ၅ နာရီခွဲခန့်က လေပြင်း တိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုအချို့တွင် နေအိမ်များ အမိုးလန်ပျက်စီးမှု များဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရွာမကြီး၊ နတ်တလင်း၊ ဘန့်ပြင်၊ သစ်ချိုတင်၊ ထမ္မကောက်နှင့် လက်ပံတောကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာခွဲများတွင် နေအိမ် စုစုပေါင်း ၇၈ လုံး အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**မင်းမင်းစိုး(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်ရှိ တောင်သူများအား သဘာဝမြေဩဇာနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့

**ပင်လောင်း မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြုံတင်ကာကွယ်ရေးအထောက်အကူဖြစ်စေရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ အာလူးသီးနှံ GAP ဧက ၁၀၀၀ အာလူးစိုက်တောင်သူများအား သဘာဝမြေဩဇာနှင့် အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ (Home Garden)စိုက်ပျိုးရန် ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



"သဘာဝမြေဩဇာထောက်ပံ့ပေးရတာကတော့ Home Garden အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးတဲ့တောင်သူများနဲ့ GAP စိုက်ပျိုးတဲ့တောင်သူများကို အဓိက ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ ဈေးတွေမှာလူဦးရေထူထပ်ပြီး ဝယ်ယူစားသုံးသူများတဲ့အတွက် မိမိရဲ့အိမ်မှာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းအားဖြင့် လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေကို အလွယ်တကူ ခူးဆွတ်စားသုံးနိုင်မှာဖြစ်တဲ့အတွက် တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေနဲ့သဘာဝမြေဩဇာထောက်ပံ့ပေးရခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က ပြောသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်သိန်းရွှေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်နိုင်တို့က ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများအား သဘာဝမြေဩဇာ အိတ် ၃၅၀ နှင့် ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခွန်အာကာစိုး(ပြန်/ဆက်)**

## နည်းပညာတက္ကသိုလ်(မိတ္ထီလာ)မှ ဘက်စုံသုံး အဝေးထိန်း ထရော်လီတစ်ခု ပြုလုပ်ပြီးစီး

**မိတ္ထီလာ မေ ၇**

မိတ္ထီလာဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး နည်းပညာတက္ကသိုလ်(မိတ္ထီလာ) အီလက်ထရွန်နစ်ဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ ဘက်စုံသုံး အဝေးထိန်း ထရော်လီတစ်ခုကို ယမန်နေ့က ပြုလုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

"မိတ္ထီလာဆေးရုံကြီးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး



လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံတွေ ချွေတာနိုင်ဖို့၊ ဆေးဝါးနဲ့အစားအသောက်တွေကို လူကိုယ်တိုင်မဟုတ်ဘဲ အဝေးကနေ ကြားခံသယ်ဆောင်တဲ့အရာနဲ့ ပို့ပေးနိုင်ဖို့အတွက် ဒီဘက်စုံသုံး ထရော်လီကို ပြုလုပ်ဆောင်ရွက်တာပါ။ အီလက်ထရွန်နစ်ဌာနက ဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တာဖြစ်ပြီး ဒီထရော်လီနဲ့ ဆေးဝါး၊ အစားအသောက်စတဲ့ ပစ္စည်းမျိုးစုံကို အလေးချိန်နှစ်ပိဿာခွဲအထိ သယ်ဆောင်နိုင်ပြီး အချိန်ကြာမြင့်စွာမောင်းနှင်နိုင်ဖို့ ဒရုန်းတွေမှာတပ်ဆင်တဲ့ ဘက်ထရီအမျိုးအစားကို တပ်ဆင်ထားတာကြောင့် တစ်ခါအသုံးပြုရင် ကြာမြင့်ချိန် ၁၀ နာရီအထိ အသုံးပြုနိုင်ပါတယ်။ အဝေးဆုံးအကွာအဝေး မီတာ ၁၀၀ အထိ ရီမုခ်နဲ့အဝေးက ထိန်းချုပ်မောင်းနှင် အသုံးပြုနိုင်ပါတယ်"ဟု နည်းပညာတက္ကသိုလ် (မိတ္ထီလာ) အီလက်ထရွန်နစ်ဌာနမှ နောက်ဆုံးနှစ် ကျောင်းသား ကိုအောင်ရဲသွေးက ပြောသည်။

အဆိုပါ ဘက်စုံသုံး ထရော်လီကို ခြောက်ရက်ကြာပြုလုပ်ခဲ့ရပြီး တပ်ဆင်အသုံးပြုထားသည့် ပစ္စည်းများအားလုံး၏ တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျခဲ့ကာ မိတ္ထီလာဆေးရုံကြီးမှ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မိုင်းဖြတ် မေ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့မဈေးနှင့် ယာယီပုံကျဈေးတို့တွင် ယမန်နေ့ နံနက် ၁၀ နာရီက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးများ ဖျန်းရာတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးတိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက မြို့မဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားအဆင်ပြေရေး ဒီရေတောမြေဖို့ခြင်း ဆောင်ရွက်ပေး

**စစ်တွေ မေ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)မှ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကျောက်ဖြူမြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ် ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု)ခွင့်ပြုရန်ပုံငွေဖြင့် လူချေတောင်ရင်း-ကျွန်းချောင်-စပါးထားလမ်းနှင့် မော်ကြီး-ကြောင်တင်- မအူတော- ဝါးတော- လိပ်ပြင်ဒွိန်-ငစိမ့်ပြင်-မော်ကြီး ကျွန်းပတ်လမ်းတို့ကို ဆက်သွယ်ပေးမည့် ဒီရေတော (၀/၆)မိုင်အား ခြောက်ပေဒ မြေဖို့ခြင်းလမ်းလုပ်ငန်းအား ခွင့်ပြုငွေကျပ် ၁၀၉ ဒသမ ၅၀၅ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုမေလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (စစ်တွေ)မှ သိရသည်။

အဆိုပါ ဒီရေတော(၀/၆)မိုင်၊ အကျယ် ၂၆ ပေ၊ အမြင့် ခြောက်ပေ လမ်းမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့၍ ယခင်ကရေလမ်းခရီးကိုသာ အားကိုးအားထားပြုနေရသည့် မော်ကြီးကျွန်း ပေါ်ရှိ ဒေသခံပြည်သူများအနေဖြင့် မော်ကြီး-ကြောင်တင်-မအူတော-ဝါးတော-လိပ်ပြင်ဒွိန်-ငစိမ့်ပြင်-မော်ကြီး ကျွန်းပတ်လမ်းမှတစ်ဆင့် ဒီရေတောလမ်း၊ လူချေတောင်ရင်း- ကျွန်းချောင်-စပါးထား လမ်းတို့ကိုဖြတ်ကာ ကျောက်ဖြူမြို့သို့ လျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး မော်ကြီးကျွန်းပေါ်ရှိ ကျေးရွာပေါင်း ကိုးရွာ၊ အိမ်ထောင်စု ၅၈၆ စုနှင့် လူဦးရေ ၂၇၀၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဖောဓိတစ်ထောင်ဆင်ထိန်းသိမ်းရေးစခန်းမှ ဆင်ခုနစ်ကောင်အား ပုလဲမြို့နယ် အိုင်လယ်ကြီးဆင်စခန်းသို့ ခေတ္တရွှေ့ပြောင်းထားမည်

**မုံရွာ မေ ၇**

မုံရွာမြို့နယ် ဖောဓိတစ်ထောင်ဆင်ထိန်းသိမ်းရေးစခန်းမှ ဆင်ခုနစ်ကောင်အား ယခုလအကုန်တွင် ပုလဲမြို့နယ် အိုင်လယ်ကြီးဆင်စခန်းသို့ ခေတ္တရွှေ့ပြောင်းထားမည်ဖြစ်ကြောင်း ဖောဓိတထောင်ဆင်ထိန်းသိမ်းရေးစခန်းတာဝန်ခံ မုံရွာသစ်ထုတ်ရေးဒေသမှ လက်ထောက်မန်နေဂျာ ဦးသက်ဆွေအောင်၏ ပြောကြားချက်အရ သိရသည်။

"ရွှေ့ပြောင်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကိုဗစ်-၁၉ရောဂါကြောင့် ဆင်စခန်းတွေပိတ်သိမ်းထားတဲ့အချိန်မှာဆင်တွေကိုတောတွင်းမှာ သူ့သဘာဝအတိုင်း နေထိုင်ကျက်စားလို့ရအောင် ခဏရွှေ့ထားတဲ့သဘောဖြစ်ပါတယ်၊ ကိုဗစ်-၁၉ရောဂါတွေပျောက်ကင်းပြီး ဆင်စခန်းပြန်ဖွင့်တဲ့အချိန်ဆို ပြန်လာမှာဖြစ်ပါတယ်။ စခန်းမှာရှိတဲ့ဆင်ခုနစ်ကောင်လုံးရွှေ့မှာဖြစ်ပါတယ်၊ မေလအကုန်လောက်ရွှေ့ဖို့မှန်းထားတယ်၊ ဆင်စခန်းပိတ်ထားတဲ့အချိန်မှာ ဆင်ဝိုင်းထဲမှာနေပြီး ကျွေးတဲ့အစားအစာကိုစားမယ့်အစား သူ့သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နဲ့ နေထိုင်ကျက်စားနိုင်အောင်လို့ စီစဉ်တာဖြစ်ပါတယ်"ဟု ဖောဓိတစ်ထောင်ဆင်ထိန်းသိမ်းရေးစခန်းတာဝန်ခံ မုံရွာသစ်ထုတ်ရေးဒေသ လက်ထောက် မန်နေဂျာက ပြောသည်။

ကိုဗစ်-၁၉ရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများ အစုလေ့လာနိုင်သည့် ဖောဓိတစ်ထောင်ဆင်စခန်းကို မတ် ၂၅ ရက်မှစတင်ပြီး အများပြည်သူဝင်/ထွက်သွားလာခွင့်ပိတ်ထားခဲ့ရာ ဆင်ထိန်းသိမ်းရေးစခန်းပိတ်ထားသည့်ကာလအတွင်း ဆင်များကို တောတွင်းနေရာများတွင် ဆင်တို့၏သဘာဝအတိုင်း ပြန်လည်နေထိုင်နိုင်ရန်အတွက် မေလအကုန်တွင် တောတွင်းသို့ ပြန်လည်ရွှေ့ပြောင်းခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**





# နွေရာသီကာလ သောက်သုံးရေပြတ်လပ်လျက်ရှိသော ကျေးရွာသုံးရွာ၌ သောက်သုံးရေများဖြန့်ဝေ

**တောင်ငူ မေ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စုနှင့် နဂါးမောက်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာအချို့တွင် အပူချိန်မြင့်မားပြီး သောက်သုံးရေအခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသဖြင့် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ရေဂါလန် ၁၀၀၀ ဆံ့ ဌာနပိုင်ယာဉ်ဖြင့် ယမန်နေ့ နံနက်ပိုင်းက ဆိတ်ဖူးတောင်ကျေးရွာအုပ်စု စပါးလင်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ ၅ မိုင်ကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ နဂါးမောက်ကျေးရွာအုပ်စု ကျောက်ပါးစပ်ကျေးရွာသို့ ရေဂါလန် ၂၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကုန်ထုတ်လမ်းနှင့်တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြန်အောင် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (မွမ်းမံ) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လဟာပေါက်ကုန်ထုတ်လမ်း (၂၅၅၀ ပေx ၁၂ပေ x ၉လက်မ)နှင့် တံတား (၂၀ပေx၁၄ပေx၇ပေ) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့က ဟင်္သာတခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံဝန်ထမ်းများက ကွင်းဆင်း၍ သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရေး စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တောင်သူနည်းပညာပေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ပုလဲ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း တောင်သူများ စိုက်ပျိုးသည့် သီးနှံများဖြစ်ထွန်းအောင်မြင်ရေးအတွက် Knowledge Center များကို အခြေပြု၍ တောင်သူနည်းပညာပေးဆွေးနွေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၅ ရက် နံနက် ၈ နာရီခွဲက ပုထိုးသာကျေးရွာ Knowledge Center သို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးဝင်းနှင့် တာဝန်ရှိသူများက ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးဝင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်းမှာ လူစုလူဝေးဖြင့် ဆွေးနွေးပွဲများ မဆောင်ရွက်ကြရန် ညွှန်ကြားထားသည့်အတွက်ကြောင့် ပုလဲမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် Knowledge Center များမှာ ဝန်ထမ်းများက နေ့စဉ်ရုံးထိုင်၍ Knowledge Center အခြေပြုသည့် နယ်မြေအတွင်းပါရှိသော ကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူများ စိုက်ပျိုးထားရှိသော သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုရှိစေရေးနှင့် ပိုးမွှားကျရောက်မှုမရှိစေ ရေးပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက ပုလဲမြို့နယ်အတွင်းမှာKnowledge Centerများအဖြစ် ပုလဲမြို့ပေါ်မှာ တစ်ခု၊ မင်းတိုင်ပင်ကျေးရွာတွင် တစ်ခု၊ ပုထိုးသာကျေးရွာတွင်တစ်ခု၊ မုံသွင်ကျေးရွာတွင် တစ်ခု၊ သင်တီး ကန်ကျေးရွာတွင် တစ်ခု စုစုပေါင်း ငါးခု ဖွင့်လှစ်ထားပြီး ဝန်ထမ်းများအား ၂၄ နာရီ တာဝန်ခွဲဝေသတ်မှတ်ပေး၍ တောင်သူပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ထားမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးဝင်းနှင့် ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးတို့သည် မုံသွင်ကျေးရွာ Knowledge Center၊ သင်တီးကန်ကျေးရွာ Knowledge Center၊ ပုလဲမြို့မ Knowledge Center နှင့် မင်းတိုင်ပင်ကျေးရွာ Knowledge Center များသို့ လှည့်လည်၍ တောင်သူပညာပေးဆွေးနွေးမှု ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်သိန်းစိုး (ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ရောဂါ ကာလအတွင်း သီးနှံမျိုးစေ့များအခမဲ့ဖြန့်ဝေ

**ရှာငံ မေ ၇**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူစုလူဝေးထိတွေ့မှုလျှော့ချနိုင်စေရန်နှင့် အာဟာရပြည့်ဝသည့် လတ်ဆတ်သောသီးနှံများကို စားသောက်နိုင်စေရန်ရည်ရွယ်၍ သီးနှံမျိုးစေ့များကို ယမန်နေ့က အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ပြည်သူများထံ သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေရခြင်းနှင့်ပတ်သက်၍ ရှာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးသန့်က ပြောကြားရာတွင် အိမ်ပတ်ဝန်းကျင်မြေကွက်လပ် နည်းနည်းဖြင့် သီးနှံတစ်မျိုးထက်ပို၍ စိုက်ပျိုးနိုင်သော စက်ကိရိယာသုံးစရာမလိုသည့် မိသားစုလုပ်အားဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပြီး ယခုလို ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း လူစုလူဝေးများသောဈေးသို့ သွားရောက်စရာမလိုခြင်း၊ စိတ်ချမ်းမြေ့ ပီတိဖြစ်စေခြင်း၊ မီးဖိုချောင်ကုန်ကျစရိတ်သက်သာခြင်း၊ အာဟာရပြည့်ဝသော လတ်ဆတ်သည့်သီးနှံများ စားသုံးရခြင်း၊ မိသားစုအားလပ်ချိန်တွင် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ရင်းနှီးချစ်ခင်မှု၊ နွေးထွေးမှု၊ ကျန်းမာရေးကောင်းမွန်မှုရရှိခြင်းနှင့် ပိုလျှံသော သီးနှံပင်များကို လက်ဆောင်ပေးရခြင်းတို့ကြောင့် ကုသိုလ်ရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမှာဖြစ်ကြောင်းနှင့် ယခုစိုက်ပျိုးရေးဦးစီးဌာနမှ ရပ်ကွက်နှင့် ကျေးရွာများတွင် အိမ်ခြေပေါင်း ၃၀၀ ကျော်အတွက် မျိုးစေ့အထုပ်ပေါင်း ၁၀၀၀ ကျော် အခမဲ့ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ် ရေအခက်အခဲသည့် နေရာများတွင် ရေပြတ်လပ်မှုမရှိစေရေး ဖြန့်ဝေပေးလျက်ရှိ

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ရေအခက်အခဲဖြစ်ပေါ်နေသော မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရေပြတ်လပ်မှုမရှိစေရေးအတွက် မင်းဘူးမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုမီးသတ်ဦးစီးမှူး ဦးကျော်ဇင်ဟိန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်၍ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဖြန့်ဝေပေးရာတွင် မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက် သုခကာရီသီလရှင်စာသင်တိုက်၊ အမှတ်(၃)ရပ်ကွက် သံကန်တောရကျောင်း၊ စကုမြို့ ကန်ဦးသဘာဝဓမ္မရိပ်သာနှင့် ရပ်ကွက်နှင့် ကျေးရွာများသို့ ရေဂါလန် စုစုပေါင်း ၆၄၀၀ ကို မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေပေးခဲ့သည်။

သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော နေရာများသို့ သွားရောက်ကာ ရေပြတ်လပ်မှုမရှိစေရေးအတွက် ဆက်လက်၍ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မင်းဘူးမြို့ မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

## ဒလမြို့နယ်ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ရောဂါထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ယမန်နေ့ နံနက် ၉ နာရီက မြတ်နိုးသူကုမ္ပဏီမှ တာဝန်ရှိသူများက နှာခေါင်းစည်း အခု ၄၀၀၀၊ လက်အိတ် အခု ၄၀၀၀၊ လက်သန့်ဆေးဘူး ၁၀ဘူး၊ ဆေးဖျန်းပုံးတစ်ပုံးနှင့် ပိုးသတ်ဆေးရည် ၁၈ လီတာတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ဆလုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများလှူဒါန်း



**ကော့သောင်း မေ ၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်း ဆလုံကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများကို မေ ၅ ရက် နံနက်ပိုင်းက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုတွင် ကျေးရွာကျေးလက်ကျန်းမာရေးဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုနိုင်ရေး ကိုယ်အပူချိန်တိုင်းကိရိယာ၊ Surgical Golves၊ Hand Gel နှင့် လက်ဆေးဆပ်ပြာရည်တို့အား နယ်မြေခံတပ်နယ်မှ ပေးအပ်လှူဒါန်းရာ ကျေးလက်ကျန်းမာရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၁၃) ခုတင် ၁၀၀ တပ်မတော်ဆေးရုံမှ ဆရာဝန်များက ဆလုံတိုင်းရင်းသားများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ကျေးသီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နေ့စဉ်ကျန်းမာရေးစစ်ဆေး

**ကျေးသီး မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးနှင့်ကူးစက်မှုမရှိစေရေး ယနေ့ နံနက်ပိုင်းက ကျေးသီးမြို့ ဝင်/ထွက်သွားလာလျက်ရှိသော မိဘပြည်သူများအား ကျန်းမာရေး စစ်ဆေး ပေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်စေခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့က မြို့အဝင် မော်တော်ယာဉ်၊ ဆိုင်ကယ်များအား ရပ်တန့်စေပြီး ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်စေခြင်း အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သဲစုပိုင်(ပြန်/ဆက်)**

## ချင်းရွှေဟော်၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်

**ချင်းရွှေဟော် မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ချင်းရွှေဟော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင် ယမန်နေ့ နံနက် ၇ နာရီခွဲမှစတင်၍ စစ်ဆေးရေးဂိတ်ထားရှိပြီး ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။



**နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ**

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းတွင် မြို့တွင်းဖြတ်သန်းသွားလာနေသော ပြည်သူများအား ကိုယ်ပူချိန်တိုင်းတာခြင်း၊ ရောဂါလက္ခဏာဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မော်တော်ယာဉ်များအား ရပ်တန့်ပြီး ခရီးသွားမှတ်တမ်းများ ကောက်ယူခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်းရှိ/မရှိ စစ်ဆေးခြင်းများပြုလုပ်ခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများကို ချင်းရွှေဟော်မြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များက အလှည့်ကျတာဝန်ယူ၍ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီအထိ ကျန်းမာရေးစစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနိုင်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို မြန်မာ - တရုတ်နှစ်နိုင်ငံ အဝင်အထွက်နယ်စပ်ဂိတ်တွင် လည်းကောင်း၊ မြို့အဝင် (သံတံတားဂိတ်)တွင် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမကြီးတွင် လည်းကောင်း သုံးနေရာထားရှိပြီး အရှိန်အဟုန်မြှင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့၌ နှာခေါင်းစည်းမပါဘဲအပြင်ထွက်သူများအား ခုဝယ်ခုတပ်အစီအစဉ်ကျင့်သုံး

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့၌ နှာခေါင်းစည်းမပါဘဲ အပြင်ထွက်သူများအား ခုဝယ်ခုတပ် အစီအစဉ်ဖြင့် နှာခေါင်းစည်း တစ်ခုလျှင် ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူတပ်ဆင် စေသည့်စနစ်ကို ကျင့်သုံးလျက်ရှိရာ ယမန်နေ့ ညနေပိုင်းအထိ လူ၃၀ ခန့် ဝယ်ယူတပ်ဆင်ခဲ့ကြကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုဖြင့် ကူးစက်ရောဂါ ထိရောက်စွာကာကွယ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များ ပူးပေါင်း၍ ဘူတာလမ်းဆုံတွင်လည်းကောင်း၊ သာယာအေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေနှင့်ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညောင်ဦးလမ်းအဝင်တွင် လည်းကောင်း စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ နှာခေါင်းစည်း ပါ/မပါစစ်ဆေးခြင်း၊ နယ်ဝင်ကားများအား ယာဉ်မောင်းကိုယ်ရေးမှတ်တမ်းရယူခြင်းများကိုဆောင်ရွက်လျက်ရှိပြီး နှာခေါင်းစည်းမပါဘဲ အပြင်ထွက်လာသူများအား ခုဝယ် ခုတပ် အစီအစဉ်ဖြင့် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သည့် အဝတ်နှာခေါင်းစည်းများကို တစ်ခုလျှင် ငွေကျပ် ၅၀၀ ဖြင့်ဝယ်ယူ၍ ချက်ချင်းတပ်ဆင်စေခြင်းစနစ်ကို ကျင့်သုံးလျက်ရှိရာ ပြည်သူများ ဝယ်ယူတပ်ဆင်ကြပြီး အဆိုပါစနစ်ကို နေ့စဉ်ကျင့်သုံးသွားမည်ဖြစ်ကာ ရရှိလာသည့် ငွေများဖြင့် နှာခေါင်းစည်းများ ပြန်လည်ဝယ်ယူ၍ လိုအပ်သည့်ကျေးရွာများသို့ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ဆောင်ရွက်

**ပွင့်ဖြူ မေ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ မေ ၅ ရက်က ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်သီဟဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ မြို့တွင်းလမ်းများနှင့်လူနေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ယာယီပျံကျဈေးများ၊ ကန့်သတ်စောင့်ကြည့်စခန်းများနှင့် ကျေးရွာများသို့ သွားရောက်ပြီး ပိုးသတ်ဆေးပက်ဖျန်းခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်မီးသတ်ဦးစီးဌာနအနေနဲ့ ဒေသခံပြည်သူတွေ ကိုဗစ် - ၁၉ ကင်းဝေးစေရေးအတွက် သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ပါဝင်ကူညီဆောင်ရွက်နေပါတယ်။ ထုတ်ပြန်ညွှန်ကြားချက်တွေကို ပြည်သူများသိရှိလိုက်နာနိုင်ရေး နေ့စဉ်အသံချဲ့စက်နဲ့ မြို့တွင်းလှည့်လည်ပြီး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအကြိမ်ရေစုစုပေါင်း ၄၀ အထိ ဆောင်ရွက်ပြီး ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်သီဟက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဘားအံမြို့၌ တစ်နိုင်တစ်ပိုင် အိမ်တွင်းစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုး၍ ပုံမှန်ဝင်ငွေတိုး

**ဘားအံ မေ ၇**
ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း တစ်နိုင်တစ်ပိုင် အိမ်တွင်း(Home Gardener)စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုး၍ ပုံမှန်ဝင်ငွေရရှိနေကြောင်း သိရသည်။

ဘားအံမြို့နယ် အင်တိုင်ကုန်းကျေးရွာသည် သံလွင်မြစ်ဘေး မြေနုကျွန်းကိုအားကိုးပြီး ဆောင်းသီးနှံများ ပုံမှန်စိုက်ပျိုးနေကျဖြစ်သော်လည်း ဆောင်းဦးကာလတွင် ငရုတ်သီး၊ ပဲတောင့်ရှည် (ခေါ်) ပဲတိုင်ထောင်၊ ပူဒီနာ၊ နံနံပင်၊ ချဉ်ပေါင်၊ ကန်စွန်းရွက်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူး၊ ဖရုံ၊ သခွားသီး၊ ပဲလင်းမြွေ(ခေါ်)ပုံလုံသီးများ စိုက်ပျိုးကြသည်။

စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် တောင်သူဦးမောင်သန်းက "ကျွန်တော်တို့ အများဆုံးစင်ထိုးစိုက်ပျိုးတာက ဘူးစိုက်ပျိုးတယ်၊ နောက် ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးသီးတုံးသွားရင် ပဲလင်းမြွေသီး ပြန်တင်စိုက်ပျိုးပါတယ်။ ဖောက်သည်များက စိုက်ခင်းအထိလာဝယ်ယူကြပါတယ်"ဟု ပြောသည်။

ထို့အပြင် ဘားအံမြို့နယ် မကျီးကျွန်းကျေးရွာသည်လည်း ဘားအံနယ်အတွင်း အဓိကသီးနှံအထွက်များသော ကျွန်းကျေးရွာတစ်ခုဖြစ်ရာ ဖူးစားပြောင်း၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ပဲတောင့်ရှည်နှင့် ပဲမျိုးစုံတို့ကို စီးပွားဖြစ်စိုက်ပျိုးကာ အဓိကဈေးကွက်မှာ မော်လမြိုင်သို့ ဒိုင်သွင်းပြီး ကျေးရွာအထိလာရောက်ဝယ်ယူသည့် ဖောက်သည်များအား ရောင်းချကြောင်း သိရသည်။



အလားတူ ဘားအံမြို့ အနောက်ဘက်ကမ်းရှိ ဘားကပ်ကျေးရွာတွင် တောင်သူများအတွက် စံပြဖြစ်ရေး၊ ဒေသအတွင်းဟင်းသီးဟင်းရွက်ဖူလုံရေးနှင့်နှစ်စဉ်စိုက်ပျိုးဝင်ငွေတိုးစေရေးအတွက် ရည်ရွယ်ကာ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာတွင် မြို့နယ်စိုက်ပျိုးရေးနှင့် ကျေးရွာတောင်သူတို့ ပူးပေါင်းကာ တစ်နိုင်တစ်ပိုင် စားဖိုဆောင်သီးနှံများ စံပြစိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဆဲင်ဇခုပ်က "ဘားကပ်ကျေးရွာမှာ ဟင်းသီးဟင်းရွက်စိုက်လေ့စိုက်ထနည်းတယ်။ မိုးစပါးပြီးတာနဲ့ ပဲတီစိမ်းတွေစိုက်ပျိုးရိပ်သိမ်းလို့အပြီး အနားယူတဲ့အခါ သက်တမ်းတိုဟင်းသီးဟင်းရွက်စိုက်ပျိုးရင်း ဝင်ငွေတိုးစေရေး၊ ဟင်းသီးဟင်းရွက် ပေါကြွယ်ဝရေးအတွက် တောင်သူရယ်၊ ဌာနရယ်၊ NGO ရယ် စံပြစိုက်ပျိုးထားတာဖြစ်ပါတယ်"ဟု ပြောသည်။

တောင်သူ ကိုစောစေးရေးလိုက "အခုစိုက်ပျိုးထားတာကတော့ ဘူး၊ ဖရုံ၊ ငရုတ်၊ ပဲတောင့်ရှည်၊ သခွားသီးတွေကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားပါတယ်။ လက်ရှိအခြေအနေအရ သခွားသီးများကို တစ်ရက်ခြားတစ်ခါ ခူးဆွတ်တယ်။ တစ်ခါခူးရင် ပိဿာ ၂၅၊ ၃၀ ထိခူးရပြီး တစ်ပိဿာလျှင် ကျပ် ၅၀၀ ဖောက်သည်ဈေးကတော့ ကျပ် ၁၅၀၀၀ ရပါတယ်။ ပဲတိုင်ထောင်တွေလည်း ခူးရက်ရက်ပိုင်းသာလိုတော့တယ်၊ ဘူးသီးများလည်း လက်ရှိ ခူးဆွတ်ရောင်းနေရပါတယ်"ဟု ပြောသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်းမဖြစ်မနေ စားသောက်နေကြရသည့် ဟင်းသီးဟင်းရွက်များကို ရှိသည့်မြေကွက်အတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းဖြင့် ပုံမှန်ဝင်ငွေရရှိကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ မျိုးစေ့နှင့် ပျိုးပင်များ အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဖြူးပေး

**မိုင်းယောင်း မေ ၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း လူစုလူဝေး ရှောင်ရှားနိုင်ရန်နှင့် မိသားစု တစ်နိုင်တစ်ပိုင် အိမ်တွင်း (Home Garden) စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များကို ယမန်နေ့က အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများသည် ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာများ၊ ပြည်သူများအား မိမိတို့ တစ်နိုင်တစ်ပိုင် (Home Garden) စိုက်ပျိုးပြီး လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် သီးနှံများစားသုံးနိုင်စေရန် ရည်ရွယ်ကာ ငရုတ်၊ ချဉ်ပေါင်၊ မုန်ညင်း၊ မုန်လာ၊ ခရမ်းချဉ်သီး၊ ပဲအမျိုးမျိုး၊ ခရမ်း၊ ဖရုံ၊ ဘူးစသည့် မျိုးစေ့များနှင့် ထောပတ်၊ ပိန္နဲ၊ သရက် ပျိုးပင်များကို မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဖြူးပေးခဲ့ကြကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

## ရှားပါးရေနေသတ္တဝါများ မဖမ်းဆီးရေး သတိပေး

**ရန်ကုန် မေ ၇**
ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော ရှားပါးရေနေသတ္တဝါများအား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြပါစို့ ပိုစတာနှင့် ငါးမဖမ်းရ တားမြစ်ရေိယာ သတိပေးတားမြစ်ချက်ပိုစတာများစိုက်ထူပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ပဲခူးမြစ်ကမ်းဘေး၌ ကျင်းပသည်။

ပိုစတာများစိုက်ထူပွဲသို့ သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါ်မိုးသူဇာမောင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ခင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၂၅၀၀၀ ပျိုးထောင်ထားရှိ

**ခင်ဦး မေ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုဖောက်ပြန်မှု လျှော့ချနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ဒေသနှင့်ကိုက်ညီသော ပျိုးပင်ပေါင်း ၂၀၀၀၀ ကျော်ကို မြို့မယာယီပျိုးဥယျာဉ်တွင်ပျိုးထောင်ထားရှိကြောင်း သိရသည်။



ထိုသို့ ပျိုးထောင်ထားရာတွင် ကျွန်းပင်၊ ပျဉ်းကတိုး၊ မည်စည်နှင့် ဒေသနှင့်ကိုက်ညီသော ပျိုးပင်ပေါင်း ၂၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် ပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်၊ မျော များရရှိရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအတွက် ဧက ၁၀၀၀ စိုက်ပျိုးရန် ဒေသနှင့်ကိုက်ညီသော သစ်မျိုးပျိုးပင်ပေါင်း ၁၅၀၀၀၀ ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် အနီးစပ်ဆုံးနေရာဖြစ်သော သီဟတောကျေးရွာနှင့် ကုန်ကြီးကျေးရွာတို့တွင်လည်း ပျိုးထောင်ထားရှိကြောင်း၊ ဒေသခံပြည်သူများ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် သစ်တောဦးစီဌာနတွင်ရှိသော ပျိုးပင်များကို အခမဲ့လာရောက်ထုတ်ယူပြီး စိုက်ပျိုးနိုင်ကြောင်း လူစည်ကားရာနေရာများတွင် ပိုစတာများဖြင့် အသိပေးထားကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးဖြိုးဝေအောင်၏ ပြောကြားချက်အရ သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

## ညောင်ရွှေမြို့နယ်၌ ကျေးရွာပြည်သူများထံ မျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ညောင်ရွှေ မေ ၇**
ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ အိမ်ခြံဝင်းတွင် စားပင်သီးပင်တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ယမန်နေ့တွင် ကျေးရွာများ၌ မျိုးစေ့များအခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မိမိနေအိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်နှင့် စားပင်သီးပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရန်၊ လူစုလူဝေးရှောင်ရှားရမည့်ကာလအတွင်း လူထူထပ်သည့် ဈေးများသို့ ဟင်းသီးဟင်းရွက်များသွားရောက်ဝယ်ယူမှုကိုလျှော့ချရန်၊ သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသောဟင်းသီးဟင်းရွက်များရရှိနိုင်ရန်အတွက် အိမ်ခြံဝင်းအတွင်း Home Gardenအဖြစ် တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် မျိုးစေ့များကို အခမဲ့ဖြန့်ဝေခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပက်ထရစ်ဖြိုးက ပြောကြားသည်။

ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှမြောင်းရိုးကြီး၊ တောင်ပို့ကြီး၊ ရွှေရန်ပြေ၊ ကျော့မောင်ငယ်၊ ဖောင်းဖိတ်နှင့် ကြေးကိုင်ကျေးရွာတို့တွင် ငရုတ်၊ ခရမ်း၊ သခွား၊ ဘူးဝိုင်း၊ မုန်ညင်းဖြူ၊ ရုံးပတီ၊ ချဉ်ပေါင်၊ ပဲတောင့်ရှည်၊ ဟင်းနုနွယ်၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ ခရမ်းကစော့(ခရမ်းဖြူ)မျိုးစေ့များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

## နွေနှမ်း ဧက ၁၀၀ စံပြစိုက်ကွင်းအား ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် မေ ၇**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပတ္တာကျေးရွာ၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (Good Agricultural Practices- GAP) စနစ်ဖြင့် နွေနှမ်းဧက ၁၀၀ စံပြစိုက်ကွင်းအား မေ ၅ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်စိုးစိုးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ နွေနှမ်းကို GAP စနစ်ဖြင့် ဧက ၁၀၀ စံပြစိုက်ကွင်းတွင် တောင်သူ ၄၄ ဦးတို့က စိုက်ပျိုးထားရှိပြီး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပင်များပိုးကျမှုရှိ/မရှိ၊ တစ်လခွဲအတွင်း ဖြစ်ထွန်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နွေနှမ်းကို GAP စနစ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိစေရန် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို လိုအပ်မှသာ စနစ်တကျသုံးစွဲစေပြီး အနည်းဆုံးလျှော့ချသုံးစွဲစေရန် စိုက်ပျိုး ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် သီးနှံများကိုလည်း ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်စစ်ဆေးပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်တွင်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးက ပြောသည်။ **ဝင်းဝင်းသန်း(စဉ့်ကိုင်)**



# ဘွန်ဒက်လီဂါပြိုင်ပွဲကို ယခုလအတွင်း ပြန်လည်စတင်မည်



ဘွန်ဒက်လီဂါပြိုင်ပွဲ၏ အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်နေသည့် ဘိုင်ယန်မြူးနစ်အသင်းမှ ကစားသမားများကို တွေ့ရစဉ်။

ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲကို ယခုလအတွင်း ပြန်လည်စတင်ကျင်းပတော့မှာဖြစ်တယ်လို့ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အတည်ပြုပြောကြားလိုက်ပါတယ်။

ယခုလအတွင်း ပြန်လည်ကျင်းပတော့မှာဖြစ်တဲ့အတွက် ဘွန်ဒက်လီဂါပြိုင်ပွဲဟာ ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားပြီးနောက်ပိုင်း ပထမဆုံးကျင်းပတဲ့ လိဂ်ပြိုင်ပွဲလည်းဖြစ်လာမှာပါ။ လက်ရှိမှာ ဘွန်ဒက်လီဂါပြိုင်ပွဲကို မေ ၁၅ ရက်မှာ စတင်ဖို့ဆန္ဒရှိနေတယ်လို့ ဂျာမန်ဘောလုံးလိဂ်အနေနဲ့ ကလပ်အသင်းတွေကို ပြောကြားထားခဲ့တာလည်းဖြစ်ပါတယ်။

ဘွန်ဒက်လီဂါပြိုင်ပွဲအားလုံးကို တံခါးပိတ်အနေအထားနဲ့ ကျင်းပသွားမှာဖြစ်ပြီး ဘောလုံးရာသီပြီးဆုံးဖို့ ကိုးပွဲကျန်ရှိနေသေးတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းက ဒုတိယနေရာက ဒေါ့မွန်အသင်းကို လေးမှတ်ဖြတ်ပြီး ဘွန်ဒက်လီဂါ အမှတ်ပေးဇယားမှာ ထိပ်ဆုံးကဦးဆောင်နေတာလည်းဖြစ်ပါတယ်။

ဂျာမန်ကလပ်အသင်း ၃၆ သင်းနဲ့ ဂျာမန်ဘောလုံးလိဂ်တို့ဟာ ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ပြီးဖြစ်လို့ ဘွန်ဒက်လီဂါပြိုင်ပွဲစတင်မယ့်ရက် အတိအကျကို မကြာခင်ကြေညာသွားဖို့လည်းရှိနေတာဖြစ်ပါတယ်။

ဘောလုံးပြိုင်ပွဲတွေကို မကြာခင်ကျင်းပတော့မှာဖြစ်လို့ ဒီကနေ့ ဆုံးဖြတ်ချက်ဟာ ဘွန်ဒက်လီဂါနဲ့ ဘွန်ဒက်လီဂါတူး ပြိုင်ပွဲနှစ်ရပ်လုံးအတွက် သတင်းကောင်းပဲဖြစ်တယ်လို့ ဂျာမန်ဘောလုံးလိဂ်အမှုဆောင်ချုပ် ခရစ်တီယန်ဆီအီဖက်က ပြောကြားခဲ့ပါတယ်။

ဂျာမန်ကလပ်အသင်းတွေက ကစားသမားတွေဟာလည်း ပြီးခဲ့တဲ့လကတည်းက လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ပြီး မေ ၉ ရက်မှာ ကလပ်အသင်းတွေဆီ အသီးသီးပြန်လည်ရောက်ရှိလာဖို့လည်း အသင့်အနေအထားမှာရှိနေတယ်လို့ ဂျာမန်ဘောလုံးလိဂ်က ပြောကြားထားပါတယ်။

ဂျာမနီနိုင်ငံဟာ လူစုလူဝေးနဲ့ ကျင်းပရတဲ့ ပြိုင်ပွဲတိုင်းကို အောက်တိုဘာ ၂၄ ရက်အထိ မကျင်းပဖို့ တားမြစ်ထားတာဖြစ်တဲ့အတွက် အခုကျင်းပဖို့ စီစဉ်ထားတဲ့ ဘောလုံးပြိုင်ပွဲကိုလည်း တံခါးပိတ်အနေအထားနဲ့ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။

ဂျာမနီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၇၀၀၀ ခန့်ရှိသွားပြီဖြစ်ပြီး ဗြိတိန်၊ အီတလီ၊ ပြင်သစ်နှင့် စပိန်နိုင်ငံအပါအဝင် တခြားဥရောပနိုင်ငံတွေထက်တော့ ကူးစက်မှုနဲ့ သေဆုံးသူအရေအတွက် လျော့နည်းနေသေးတာ ဖြစ်ပါတယ်။



# မန်ယူအသင်းက အိုင်ဟာလိုကို အမြဲတမ်းစာချုပ်နဲ့ခေါ်ယူဖို့ ဆန္ဒရှိနေ

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ တိုက်စစ်မှူး အိုင်ဟာလိုကို အမြဲတမ်းစာချုပ်နဲ့ခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ နိုင်ဂျီးရီးယားတိုက်စစ်မှူး အိုင်ဟာလိုဟာ မေလကုန်ပိုင်းမှာ အငှားစာချုပ်သက်တမ်းကုန်မှာဖြစ်လို့ တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းဆီ ပြန်သွားရမှာဖြစ်ပါတယ်။

ဒါပေမယ့် မန်ယူအသင်းကတော့ ဇွန်လအတွင်းမှာ ပရီမီယာလိဂ်ပွဲစဉ်တွေ ပြန်လည်စတင်တော့မှာဖြစ်လို့ နည်းပြဆိုးရှားအနေနဲ့ အသက် ၃၀ အရွယ် အိုင်ဟာလိုကို အခုနှစ်ဘောလုံးရာသီကုန်တဲ့အထိ မန်ယူအသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာလည်း ဒဏ်ရာကနေ ပြန်လည်သက်သာလာပြီဖြစ်လို့ မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းအင်အား ပြန်လည်တောင့်တင်းနေပြီလည်းဖြစ်ပါတယ်။ မန်ယူအသင်းဟာ ဇန်နဝါရီဈေးကွက်ကာလအတွင်းက တိုက်စစ်မှူးဟာလန်းကို မခေါ်ယူနိုင်ခဲ့တာကြောင့် အခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ တိုက်စစ်မှူး အိုင်ဟာလိုကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

# ဂျူဗင်တပ်အသင်းက ချယ်လ်ဆီးကွင်းလယ်လူ ဂျော်ဂျင်ဟိုကို ယူရို သန်း ၄၀ နဲ့ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိ

ဂျူဗင်တပ်အသင်းဟာ ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို အီတလီမြေကို ပြန်လည်ခေါ်ယူဖို့အတွက် ကစားသမားရဲ့ ကိုယ်စားလှယ်ဖြစ်သူနဲ့ ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိပြီး ယူရိုသန်း ၄၀ နဲ့ ခေါ်ယူဖို့လည်း ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ဂျူဗင်တပ်အသင်းနည်းပြ ဆာရီဟာ အသက် ၂၈ နှစ်အရွယ်ရှိကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုနဲ့ တတိယအကြိမ်မြောက် ပြန်လည်လက်တွဲဖို့ စီစဉ်နေတာဖြစ်ပြီး ဂျော်ဂျင်ဟိုနဲ့ နည်းပြဆာရီတို့ဟာ နာပိုလီအသင်းမှာ တစ်ကြိမ်နဲ့ ချယ်လ်ဆီးအသင်းမှာ တစ်ကြိမ်အတူ လက်တွဲခဲ့ကြဖူးတာလည်း ဖြစ်ပါတယ်။

နည်းပြဆာရီအနေနဲ့ ဂျူဗင်တပ်အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ပီဂျာနစ် ဒါမှမဟုတ် ရိုဒရီဂိုဘန်တန်ကာကို အသုံးပြုဖို့ ရည်ရွယ်ထားပေမယ့် အရင်ကလပ်အသင်းနှစ်ခုမှာ အတူလက်တွဲခဲ့တဲ့ ဂျော်ဂျင်ဟိုကိုလည်း အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ပက်ဒရိုနဲ့ ဝီလီယံတို့ကို ဆုံးရှုံးရဖို့ ရှိနေတာကြောင့် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို ရောင်းချဖို့မရှိဘူးလို့ နည်းပြဖရန့်လမ်းပတ်က ပြောကြားခဲ့ပါတယ်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုဟာ အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ၃၇ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ခုနစ်ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် ကစားသမားတွေက မတ်၊ ဧပြီ၊ မေနဲ့ ဇွန် လေးလစာကို လစာလျှော့ယူဖို့ သဘောတူညီထားတာဖြစ်လို့ ပေါင် ၈၁ သန်း ကုန်ကျမှုသက်သာခဲ့တာကြောင့် ဂျော်ဂျင်ဟိုကို ခေါ်ယူနိုင်ဖို့လည်း ရှိနေတာဖြစ်ပါတယ်။



**❂ ကိုဗစ်-၁၉ ရောဂါမှ**

အလှူငွေများ၊ ဆေးနှင့် အထောက်အကူပြုပစ္စည်းများပေးအပ်လှူဒါန်းခြင်း၊ ပုသိမ်မြို့အဝင်/အထွက်ဂိတ်များတွင် မော်တော်ကားများကို စစ်ဆေးခြင်း၊ အပူချိန်တိုင်းပေးခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားချက်များကို ပြည်သူများ သိရှိလိုက်နာနိုင်ရန် လိုက်လံနှိုးဆော်ပေးခြင်း၊ သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ဈေးများ၊ လမ်းများနှင့် ရပ်ကွက်အတွင်း ပိုးသတ်ဆေးဖျန်းပေးခြင်း၊ အခါအားလျော်စွာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်သောဒေသန္တရအမိန့်များကို အချိန်နှင့်တစ်ပြေးညီ ကြေညာပေးခြင်း၊ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ လက်လုပ်လက်စား၊ အနေးယာဉ်သမားများအတွက် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက် စသည့် အခြေခံစားသောက်ကုန်များဝေငှပေးခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၆ ရက် ညနေအထိ ပုသိမ်မြို့၌ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ မတွေ့ရှိ (မတွေ့ရှိ) သေးကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်မောင်မြင့်(ပြန်/ဆက်)**

# ပြည်တွင်းကလပ်အသင်းများ ပြန်လည်လေ့ကျင့်ရန် ပြိုင်ပွဲစတင်မည့်ကာလအပေါ် မူတည်နေ



ပြိုင်ပွဲမရပ်နားမီ နောက်ဆုံးကစားခဲ့သည့် ဇွဲကပင်နှင့် ဟံသာဝတီပွဲအား တွေ့ရစဉ်။

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနေရှင်နယ်လိဂ်ကလပ်အပါအဝင် ပြည်တွင်းကလပ်အသင်းအားလုံးမှာ လေ့ကျင့်မှုရပ်နားထားပြီး ပြိုင်ပွဲပြန်လည်စတင်မည့်အပေါ်မူတည်၍ လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ပြိုင်ပွဲရပ်နားထားရခြင်းဖြစ်သည်။

ပြည်တွင်းပြိုင်ပွဲများကို မတ် ၂၃ ရက်တွင် နောက်ဆုံးကျင်းပခဲ့ပြီး မတ် ၂၄ ရက်မှစ၍ ရက်အကန့်အသတ်မရှိ ရပ်နားထားခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီမှာလည်း အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပခွင့်ပြုမှသာ ပြိုင်ပွဲကျင်းပမည့်ကာလကို အတည်ပြုမည်ဖြစ်ပြီး ကျင်းပမည့်ရက်များ ပြန်လည်အတည်ပြုရမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပြိုင်ပွဲပြန်လည်မစတင်မီ ကလပ်အသင်းများ ပြင်ဆင်ချိန်ရရန် သုံးပတ်ဝန်းကျင် ကြိုတင်အကြောင်းကြားမည်ဖြစ်ရာ အစောဆုံး ဇွန်လမှသာ စတင်နိုင်ဖွယ်ရှိနေကာ ရောဂါအခြေအနေအပေါ်မူတည်၍ နောက်ကျနိုင်ဖွယ်ရှိနေသည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ယခုရာသီတွင် လိဂ်ပြိုင်ပွဲလေးခု ကျင်းပနေပြီး MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲသာ ပထမအကျော့ပြီးဆုံးသေးပြီး MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL ယူ-၂၁ ပြိုင်ပွဲနှင့် MNL ယူ-၁၉ လိဂ်ပြိုင်ပွဲများမှာ ပထမအကျော့ ကျင်းပနေသည့်ကာလတွင် ရပ်နားထားရခြင်းဖြစ်သည်။

ယခုရာသီတွင် ကျင်းပလျက်ရှိသည့် လိဂ်ပြိုင်ပွဲများအနက် စီနီယာလိဂ်ပြိုင်ပွဲများကို စက်တင်ဘာနောက်ဆုံးထား၍ ကျင်းပရန် စီစဉ်ထားသော်လည်း လက်ရှိအနေအထားအရ ဘောလုံးရာသီပြီးဆုံးမှု နောက်ကျဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




# ပစ်ဘူးလ်ရဲ့ တေးဗီဒီယိုသစ် ထွက်ရှိ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ပစ်ဘူးလ်က လတ်တလောမှာ သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ တေးသီချင်းဟာ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း ပရိသတ်တွေအနေနဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကြံ့ကြံ့ခံနိုင်စေဖို့ အားပေးထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်းလည်း ပစ်ဘူးလ်က ပြောကြားထားတယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၇ ရက်မှာ ပစ်ဘူးလ်ရဲ့တေးသီချင်းသစ် I Believe That We Will Win ကို စတင်ထုတ်လွှင့်ခဲ့တာပါ။ တေးသီချင်းနဲ့အတူ တေးဗီဒီယိုလည်း ထွက်ရှိခဲ့ပြီး လတ်တလောဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ လူအများရဲ့ ကျန်းမာရေးကိုသာမက အခြားသော အရာတွေကိုလည်း သက်ရောက်မှုတွေရှိကြောင်းလည်း ပစ်ဘူးလ်က တေးသီချင်းသစ်နဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။

အဆိုပါ တေးသီချင်းရဲ့ ဗီဒီယိုကို အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်းမှာပင် ရိုက်ကူးခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ရိုက်ကူးပေးသူမှာ မစ္စတာဝါးဗိုက်ဖြစ်ပြီး စုစုပေါင်း လူငါးဦးနဲ့သာ ရိုက်ကူးခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါဗီဒီယိုဟာ အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ရိုက်ကူးခဲ့တာလို့လည်း သိရပါတယ်။

ယင်းတေးဗီဒီယိုမှာ ပရိသတ်တွေရဲ့ ပုံရိပ်တွေကိုလည်း ထည့်သွင်းဖန်တီးထားပါတယ်။ ပရိသတ်တွေဟာ နေအိမ်မှာပင်ရှိနေစဉ် ကနေကြတဲ့ပုံကို ထည့်သွင်းရိုက်ကူးခဲ့တာပါ။ ပစ်ဘူးလ်ကတော့ သူ့ရဲ့တေးဗီဒီယိုဟာ ပရိသတ်တွေအတွက် စိတ်ဓာတ်တက်ကြွစေမယ့် တေးသီချင်းတစ်ပုဒ်ဖြစ်မယ်လို့ ယုံကြည်ကြောင်းလည်း ဆိုပါတယ်။



# ပရိသတ်တွေကို အားပေးလိုက်တဲ့ ချွိုင်ဂျီဝူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ချွိုင်ဂျီဝူးဟာ လတ်တလောမှာအိမ်ရှေ့မှာ ရိုက်ထားတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြရင်း မီးဖွားခါနီးမိခင်တွေအတွက် အားပေးစကားတွေကိုပါ တစ်ပါတည်း ရေးသားဖော်ပြခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ချွိုင်ဂျီဝူးက သူ့ရဲ့ဓာတ်ပုံကို တွေ့မြင်ရတဲ့အတွက် မကြာမီ ရင်သွေးလေးတွေ မွေးဖွားရတော့မယ့် မိခင်တွေ အားတက်စေလိုကြောင်း၊ သူဟာ ၁၅ ရက်အကြာမှာ မီးဖွားရမယ့်ရက် ပြည့်တော့မှာဖြစ်ကြောင်း၊ သူလို အသက်အရွယ်ရမှ ကလေးမွေးဖွားရမယ့် မိခင်တွေအနေနဲ့ သူ့ကိုကြည့်ကာ အားရှိစေလိုကြောင်း၊ သူဟာ အသက်အရွယ်ရမှ ပထမဆုံးသော ရင်သွေးလေးကို မွေးဖွားမယ့် မိခင်တစ်ဦးဖြစ်ကြောင်းနဲ့ ယခုလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ အချိန်အတွင်း မီးဖွားရမယ့် မိခင်တွေကိုလည်း သူ့အနေနဲ့ လေးစားမိကြောင်း ထည့်သွင်းရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ချွိုင်ဂျီဝူးဟာ ၂၀၁၈ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့ခင်ပွန်းဖြစ်သူဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ပါဘူး။ အိုင်တီလောကမှ စီးပွားရေးသမားတစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် တစ်နှစ်ခန့်လက်တွဲပြီးနောက်မှာ လက်ထပ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# TWICE ရဲ့ ဂျပန် တေးသီချင်းသစ် ဇူလိုင်လအတွင်း ထုတ်လွှင့်မည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ရဲ့ ဂျပန်တေးသီချင်းတစ်ပုဒ်ကို လာမယ့်ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ကိုရီးယားဟာလက်ဒ်ရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျပန်ပရိသတ်တွေရဲ့ အားပေးမှုကို အထူးရရှိထားတဲ့ အဆိုပါ တေးဂီတအဖွဲ့ဟာ နောက်ထပ် ဂျပန်တေးသီချင်းတစ်ပုဒ်နဲ့ မှတ်တိုင်သစ်စိုက်ထူနိုင်ဖို့ ရည်ရွယ်ထားတာပါ။ အဖွဲ့ရဲ့ တေးသီချင်းသစ် Fanfare ကို ဂျပန်ပရိသတ်တွေအတွက် ရည်ရွယ်သီဆိုထားကာ လာမယ့် ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

TWICE ဟာ မေ ၅ ရက်က အဖွဲ့ရဲ့ ဂျပန်လူမှုကွန်ရက် စာမျက်နှာပေါ်မှာ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ထုတ်ဖော်ပြောကြားရင်းက တေးသီချင်းသစ် ထုတ်လွှင့်ပေးမယ့်အကြောင်း ထည့်သွင်းဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါအဖွဲ့က TWICE ရဲ့ ခြောက်ခုမြောက် ဂျပန်တေးသီချင်း Fanfare ကို လာမယ့် ဇူလိုင် ၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ဗီဒီယိုကလစ်တစ်ခုမှာ ပြောကြားခဲ့ပါတယ်။

TWICE အနေနဲ့ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ၂၀၁၇ ခုနှစ်မှ စတင်ကာ အဖွဲ့ရဲ့ ဂျပန်တေးသီချင်းတွေဟာ အောင်မြင်မှုရရှိခဲ့ပြီး ဂျပန်ပရိသတ် အခိုင်အမာရရှိထားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။ မကြာမီထုတ်လွှင့်ပေးမယ့် တေးသီချင်းဟာ စိတ်ခွန်အားပေးထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး တက်ကြွတဲ့ ဖျော်ဖြေတင်ဆက်မှုပုံစံတွေကိုလည်း ယင်းတေးသီချင်းရဲ့ ဗီဒီယိုမှာ တွေ့မြင်ရမှာဖြစ်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်က ပြောကြားခဲ့ကြောင်း သိရပါတယ်။

ဒါ့အပြင် အဆိုပါ တေးဂီတအဖွဲ့ဟာ ဒေသတွင်းမှာလည်း လာမယ့် ဇွန် ၁ ရက်မှာ တေးသီချင်းသစ် တစ်ပုဒ်ဖြစ်တဲ့ More & More ကို စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# လေဒီဂါဂါနဲ့ BLACK PINK တို့ရဲ့ တေးသီချင်းသစ် မေလကုန်ပိုင်းတွင် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK နဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါတို့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းသစ် ထုတ်လွှင့်မယ့်ရက်ကို လတ်တလောမှာ လေဒီဂါဂါက ထုတ်ပြန်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် Chromatica မှာ BLACK PINK နဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်း Sour Candy ပါဝင်ပါတယ်။ လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ရွှေ့ဆိုင်းခဲ့တာကြောင့် အဆိုပါ တေးသီချင်းထုတ်လွှင့်မှုကိုလည်း ရွှေ့ဆိုင်းခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ အဆိုပါ တေးသီချင်းသစ်ကို လာမယ့် မေ ၂၉ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လေဒီဂါဂါက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

BLACK PINK ဟာ ယခင်က ဗြိတိန်တေးသံရှင် ဒူအာလီပါနဲ့ တွဲဖက်သီဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ တေးဂီတအဖွဲ့အတွက် လေဒီဂါဂါနဲ့ တေးသီချင်းတွဲဖက်ဖန်တီးမှုဟာ ကမ္ဘာကျော်တေးသံရှင်တစ်ဦးနဲ့ ဒုတိယအကြိမ် တွဲဖက်သီဆိုထားတာလည်း ဖြစ်ပါတယ်။

# အန်ဒီဆာကစ် က The Hobbit ကို ၁၂ နာရီကြာ ဖတ်ကြားမည်

ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ အန်ဒီဆာကစ်က The Hobbit စာအုပ်ကို အစမှအဆုံးတိုင်ဖတ်ကြားကာ သူ့ရဲ့ဖတ်ကြားမှုကို တိုက်ရိုက်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။




အဆိုပါ စာအုပ်မှာပါဝင်တဲ့ အခန်းတွေအားလုံး တစ်ယောက်တည်း ဖတ်ကြားသွားမှာဖြစ်ပြီး ၁၂ နာရီခန့် ကြာမြင့်မှာပါ။ ယင်းစာအုပ်မှာ ပါဝင်တဲ့ ဇာတ်ကောင်တွေအားလုံးနဲ့ လိုက်ဖက်အောင်လည်း အန်ဒီဆာကစ်တစ်ဦးတည်းက အသံနဲ့ သရုပ်ဆောင်ဖတ်ကြားသွားမှာလည်း ဖြစ်ပါတယ်။ အဆိုပါ အစီအစဉ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း ထိခိုက်ခံစားရသူတွေအတွက် လှူဒါန်းမှုတွေပြုလုပ်ဖို့လည်း ရည်ရွယ်ကာ အန်ဒီဆာကစ် နှစ်ပေါင်းများစွာ ပါဝင်လုပ်ဆောင်နေတဲ့ ဖောင်ဒေးရှင်းအတွက် အလှူငွေရရှိဖို့လည်း ရည်ရွယ်ပါတယ်။

အန်ဒီဆာကစ်ဟာ The Hobbit နဲ့ Lord of the Rings ရုပ်ရှင်တွေမှာ အဓိကဇာတ်ကောင် ဂေါလမ်အဖြစ် ပါဝင်ခဲ့ပြီး အခြားသော ရုပ်ရှင်တွေများစွာမှာလည်း အသံဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

# Disney Family Singalong တွင် ကတ်တီပါရီ ပါဝင်ဖျော်ဖြေမည်

ရုပ်သံနဲ့ အွန်လိုင်းမီဒီယာတွေကနေ ထုတ်လွှင့်သွားမယ့် တေးဂီတဖျော်ဖြေပွဲတစ်ခုဖြစ်တဲ့ Disney Family Singalong: Volume II မှာ ပေ့ါပ်ကြယ်ပွင့် ကတ်တီပါရီ ပါဝင်သွားမှာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဆိုပါ ဖျော်ဖြေပွဲမှာ ကျော်ကြားတဲ့ တေးသံရှင်တွေသာမက သရုပ်ဆောင်တွေလည်း ပါဝင်ဖျော်ဖြေကြတာ တွေ့ရပါတယ်။ ဒီအစီအစဉ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း နောက်ဆုံးထုတ်ပြန်ပြောကြားခဲ့သူတွေကတော့ တေးသံရှင် ကတ်တီပါရီ၊ သရုပ်ဆောင် ဂျနီဖာဟက်ဆန်၊ ဆာဘရီနာကာပန်တာနဲ့ တေးသံရှင် ဂျွန်လဲဂျန့်တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

အဆိုပါ အစီအစဉ်ကို မေ ၁၀ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ရှာကီရာကလည်း အဆိုပါ အစီအစဉ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ ZIBO NAB AGROCHEMICALS LIMITED (CHINA) မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသူ AGRIMAN MYANMAR CO.,LTD မှ Y AGRO SOLUTION CO.,LTDသို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။

**AGRIMAN MYANMAR CO.,LTD, Ph:09–969007222**

| Sr. | Trade Name | Active Ingredients | Type of Pesticide | Registration No. |
|---|---|---|---|---|
| 1. | NAB–Wonder 10 EC | Quizalofop–P–ethyl 10%EC | Herbicide | F 2019–4602 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ SHANDONG BINNONG TECHNOLOGY CO.,LTD(CHINA)မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ရရှိထားသည့် အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသူ BHIJAKA TRADING CO.,LTD မှ Y AGRO SOLUTION CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ **BHIJAKA TRADING CO.,LTD, Ph:09–969007222**

| Sr. | Trade Name | Active Ingredients | Registration No. |
|---|---|---|---|
| 1. | BNS Fome | Fomesafen 25% SL | P2017–3643 |
| 2. | BNS Atra 80 | Atrazine 80%WP | P2017–3653 |
| 3. | BNS Ema 5.7 | Emamectin Benzoate 5.7%WDG | P2017–3650 |

## ဒေါ်မြင့်မြင့်ဝင်း [၁၃/တကန(နိုင်)၀၁၃၁၆၇]နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ်–၅၈ ရှိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လတ် [၁၀/မဒန(နိုင်)၀၁၂၆၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မြင့်မြင့်ဝင်း [၁၃/တကန(နိုင်)၀၁၃၁၆၇] နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လတ်နှင့် ဒေါ်မြင့်မြင့်ဝင်းတို့သည် ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အိမ်ထောင်ကြီးချင်းတရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ကြကြောင်း၊ သားသမီးတစ်ဦးမျှ ထွန်းကားခဲ့ခြင်းမရှိကြောင်း သိရပါသည်။ ထို့ပြင် ဒေါ်မြင့်မြင့်ဝင်းသည် ဦးမောင်မောင်လတ်အပေါ် မလုပ်သင့်မလုပ်အပ်သည့် ခွင့်မလွှတ်နိုင်သော ပြုလုပ်မှုအရပ်ရပ်ကို အကြိမ်ကြိမ်ပြောဆို ပြုမူကျူးလွန်ခဲ့ကြောင်းလည်း သိရပါသည်။ ထို့ကြောင့် ဒေါ်မြင့်မြင့်ဝင်းအနေဖြင့် ဦးမောင်မောင်လတ်နှင့် အကြင်လင်မယားအဖြစ်မှ အမြန်ဆုံးကွာရှင်းပေးရန်နှင့် လက်ထက်ပွားပစ္စည်းများ၏ ၁/၂ (၂ပုံ၁ပုံ)တစ်ဝက်ကို ၂၈–၅–၂၀၂၀ ရက် နောက်ဆုံးထားပြီး အညီအမျှ အမြန်ဆုံးခွဲဝေပေးရန် ကျွန်ုပ်၏မိတ်ဆွေမှ အသိပေးအကြောင်းကြားအပ်ပါသည်။

ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လတ်နှင့် ဒေါ်မြင့်မြင့်ဝင်းတို့ ပေါင်းသင်းနေထိုင်စဉ်ဖြစ်ထွန်းခဲ့သည့် လက်ထက်ပွားပစ္စည်းများကို ဒေါ်မြင့်မြင့်ဝင်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းနှင့် အခြားသောစီမံခန့်ခွဲမှုများ စသည့်မည်သည့်လွှဲပြောင်းမှု တစ်စုံတစ်ရာကိုမှ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ခြင်းရှိပါက သဘောမတူ တရားမဝင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လတ်၏ သဘောတူခွင့်ပြုချက်မရှိဘဲ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ရာတွင် ပူးပေါင်းပါဝင်သူများသည် မိမိတို့၏ တာဝန်သာဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ အကျိုးသက်ဆိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဥပဒေနှင့်အညီ ခွဲဝေဆုံးဖြတ်မှု မပြီးမပြတ်သရွေ့ ဒေါ်မြင့်မြင့်ဝင်းတစ်ဦးတည်း၏ သဘောဖြင့် ဆောင်ရွက်ထားသည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်မြင့်မြင့်ဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမောင်မောင်လတ်[၁၀/မဒန(နိုင်)၀၁၂၆၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်ထိုက် LL.B,D.B.L,D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၈)**
**အမှတ်–၁၁၁/၁၁၃(ဒုတိယထပ်)၊ ၃၆–လမ်း(အလယ်ဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၇၀၅၆၄၊ ၀၉–၄၂၈၀၃၁၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀/သမိုင်း)၊ မြေကွက်အမှတ်(၉/က–၁/၂/ဃ)၊ ဧရိယာ(၀.၀၆၉)ဧကရှိ မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၈–မိုင်၊ ဇေယျာခေမာလမ်း၊ အမှတ်(၃၄၉–ဘီ) ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှထွန်း[၁၂/စခန(နိုင်)၀၄၃၉၄၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၅၅)** |
| **Ph:09–450023651** | **Ph:09–254508917** | **Ph:09–421157856** |

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ် (FMI City–အိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ်(၅၃၀)၊ ဧရိယာ ပေ(၄၀x ၆၀)၊ (၀.၀၅၅) ဧကအကျယ်ရှိ ဦးဖေဦး [၁၂/မရက(နိုင်)၀၆၁၀၅၂] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(C–8)၊ ပိတောက်ဝါ(၅)လမ်း၊ (ပဒေသာပင်မြို့တော်)၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သည့် နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဖေဦး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၅၉/၂၀၀၅)အရ လွှဲအပ်ခြင်းခံထားရသူဖြစ်သည့်အပြင် လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်မြလေး[၁၂/စခန(နိုင်)၀၃၁၆၉၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ (ကိုယ်တိုင်)လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**LRE Law Firm**
**ဦးဝဏ္ဏဇော်(စဉ်–၉၇၈၀)** **ဒေါ်စိုးစိုးနွယ်(စဉ်–၁၄၁၈၃)**
**ဒေါ်စန်းစန်းနု(စဉ်–၁၄၁၈၄)** **ဒေါ်အေးမွန်သိန်း(စဉ်–၄၆၆၄၂)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၅၆)၊ အခန်း(၂/ခ)၊ ပထမထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း–၀၉–၅၁၈၀၁၈၅**

## အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ အရှေ့ခြမ်းအပိုင်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုရွက်ဆိတ်ကုန်း–ပုဇွန်တောင်ဘူတာကြားရှိ Level Crossing (၈)ခုအား ကားလမ်းများယာယီပိတ်၍လည်းကောင်း၊ ကားလမ်းတစ်ခြမ်းပိတ်/တစ်ခြမ်းဖွင့်စနစ်ဖြင့်လည်းကောင်း အဆင့်မြှင့်တင် တည်ဆောက်မည် ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း သွားလာနိုင်ရေးအတွက် အများပြည်သူသိရှိနိုင်ပါရန် ကြိုတင်အသိပေး ကြေညာအပ်ပါသည်–

(က) မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းဘူတာအနီးရှိ ဥက္ကာလမ်း ကားလမ်းကူး (Level Crossing)အား (၉–၅–၂၀၂၀– ၂၂–၅–၂၀၂၀)ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် ဥက္ကာလမ်းကိုအသုံးပြု၍ လေဆိပ်ဘက်သို့ သွားလာမည့် မော်တော်ယာဉ်များအနေဖြင့် မြရတနာလမ်းမှတစ်ဆင့် ရွှေဥမင်ကားလမ်းကူး (Level Crossing)အား အသုံးပြု၍ မောင်းနှင်ပေးကြပါရန်၊

(ခ) မြောက်ဥက္ကလာပမြို့နယ်၊ တံတားကလေးဘူတာအနီးရှိ ဘုန်းကြီးလမ်း ကားလမ်းကူး(Level Crossing)အား (၂၅–၅–၂၀၂၀ –၁၀–၆–၂၀၂၀)ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် ဘုန်းကြီးလမ်းကို အသုံးပြု၍ လေဆိပ်ဘက်သို့ သွားလာမည့် မော်တော်ယာဉ်များအနေဖြင့် သုဓမ္မာလမ်းမှတစ်ဆင့် ကျောက်ရေတွင်းခုံးကျော်တံတားအောက်ရှိ ယာယီဖောက်လုပ်ပေးထားသော ကားလမ်းကူး (Level Crossing)အား အသုံးပြု၍ မောင်းနှင်ပေးကြပါရန်၊

(ဂ) မရမ်းကုန်းမြို့နယ်၊ ရေကူးဘူတာအနီးရှိ သံဃတက္ကသိုလ် ကားလမ်းကူး (Level Crossing)အား (၁၀–၅–၂၀၂၀ – ၂၇–၅–၂၀၂၀)ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် ဝေဇယန္တာလမ်းမှ သံဃတက္ကသိုလ်အဝင်လမ်းမှတစ်ဆင့် ရေကူးဘူတာရုံလမ်းကိုအသုံးပြု၍ ကမ္ဘာအေးဘုရားလမ်းဘက်သို့ သွားလာမည့် မော်တော်ယာဉ်များအနေဖြင့် ရေကူးဘူတာအနီး ယာယီဖောက်လုပ်ပေးထားသော ကားလမ်းကူး (Level Crossing)မှ ရေကူးဘူတာရုံလမ်းသို့ အသုံးပြု၍ မောင်းနှင်ပေးကြပါရန်၊

(ဃ) မရမ်းကုန်းမြို့နယ်၊ ရေကူးဘူတာအနီးရှိ ဂန္ဓမာလမ်း Level Crossing အား (၂၉–၅–၂၀၂၀ – ၁၉–၆–၂၀၂၀)ရက်ထိ အဆင့်မြှင့်တင်တည်ဆောက်ရန်၊ လုပ်ငန်းဆောင်ရွက်သည့် ကာလတွင် ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းရန် သတိပေးဆိုင်းဘုတ်များ ကြည့်ရှုလိုက်နာ မောင်းနှင်ပေးကြပါရန်၊

(င) ရန်ကင်းမြို့နယ်၊ ကန်ဘဲ့ဘူတာအနီးရှိ ကန်ဘဲ့လမ်း Level Crossingအား (၃၀–၅–၂၀၂၀ –၁၈–၆–၂၀၂၀)ရက်ထိ အဆင့်မြှင့်တင်တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်သည့်ကာလတွင် ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းရန် သတိပေးဆိုင်းဘုတ်များ ကြည့်ရှုလိုက်နာ မောင်းနှင်ပေးကြပါရန်၊

(စ) ရန်ကင်းမြို့နယ်၊ ဘောက်ထော်ဘူတာအနီးရှိ အောင်ဇေယျလမ်း Level Crossing အား (၁၄–၅–၂၀၂၀ – ၉–၆–၂၀၂၀) ရက်ထိ အဆင့်မြှင့်တင်တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်သည့်ကာလတွင် ကားလမ်းတစ်ခြမ်းပိတ်၊ တစ်ခြမ်းဖွင့်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မော်တော်ယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းရန် သတိပေးဆိုင်းဘုတ်များ ကြည့်ရှုလိုက်နာမောင်းနှင်ပေးကြပါရန်၊

(ဆ) ရန်ကင်းမြို့နယ်၊ ဘောက်ထော်ဘူတာအနီးရှိ ပြည်သာယာလမ်း Level Crossing အား (၂၁–၆–၂၀၂၀ – ၁–၇–၂၀၂၀) ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် မာလာမြိုင်လမ်းမှ ပြည်သာယာလမ်းကို အသုံးပြု၍ ဝေဇယန္တာလမ်းဘက်သို့ သွားလာမည့် မော်တော်ယာဉ်များအနေဖြင့် ရတနာလမ်းနှင့် လေးဒေါင့်ကန်လမ်းတို့ကို အသုံးပြု၍ မောင်းနှင်ပေးကြပါရန်၊

(ဇ) တာမွေမြို့နယ်၊ မေတ္တာညွန့်ဘူတာအနီးရှိ မာလာနွယ်လမ်း Level Crossing အား (၁၂–၆–၂၀၂၀ – ၂၂–၆–၂၀၂၀)ရက်ထိ ပိတ်ထားမည်ဖြစ်သည့်အတွက် ဒဂုံလွင်လမ်းမှ မာလာနွယ်လမ်းကိုအသုံးပြု၍ ဝေဇယန္တာလမ်းဘက်သို့ သွားလာမည့် မော်တော်ယာဉ်များအနေဖြင့် လေးဒေါင့်ကန်လမ်းနှင့် သမိန်ဗရမ်းလမ်းတို့ကို အသုံးပြု၍ မောင်းနှင်ပေးကြပါရန်။

**မြန်မာ့မီးရထား**

## အောင်ရွှေသီးဆောက်လုပ်ရေးကုမ္ပဏီကို အများနှင့်သက်ဆိုင်သော ကုမ္ပဏီအမျိုးအစားသို့ တရားဝင်ပြောင်းလဲမည်ဖြစ်ကြောင်းကြေညာချက်

မိမိတို့၏ အောင်ရွှေသီးဆောက်လုပ်ရေးကုမ္ပဏီ (မှတ်ပုံတင်အမှတ် 1112 24129)ကို အများနှင့်မသက်ဆိုင်သော ကုမ္ပဏီအမျိုးအစားမှ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအမျိုးအစားသို့ ပြောင်းလဲရန် ၉–၄–၂၀၂၀ရက်က ကျင်းပပြုလုပ်သော ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်အဖြစ် အတည်ပြုချမှတ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ–၅၈၊ ပုဒ်ခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအမျိုးအစားသို့ တရားဝင်ပြောင်းလဲခွင့်ရရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မှတ်ပုံတင်အရာရှိထံ တင်ပြလျှောက်ထားပြီး ဖြစ်ပါသည်။

ထိုသို့ တင်ပြလျှောက်ထားခြင်းကို ယခုကဲ့သို့ မြန်မာနိုင်ငံ ပြန်တမ်းနှင့် ကြေးမုံသတင်းစာတွင် ဖော်ပြသည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိက ကျေနပ်လက်ခံပြီး တရားရုံးအမိန့်တစ်ရပ်ရပ်က တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၅၈၊ ပုဒ်မခွဲ(ခ)နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ရွှေသီးဆောက်လုပ်ရေးကုမ္ပဏီ**

## ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မြေကွက် (သို့မဟုတ်) လုံးချင်းဝယ်ယူလိုပါသည်။

**Ph–၀၉–၄၅၀၃၅၁၀၁၀**

## စက်ရုံ/ဂိုဒေါင်ငှားမည်

လှိုင်သာယာစက်မှုဇုန်(၆)၊ လှိုင်မြစ်ဘေးလမ်း (ဘုရင့်နောင်တံတားအောက်လမ်း) အဆောက်အအုံ အကျယ်(၂၂၀' x ၉၀' အမြင့် ၂၁')အပေါ်ထပ်ရုံးခန်းပါ(၂၀'x၄၀') အနောက်မြေပို ကွန်ကရစ်ခင်းပြီး(၉၀')ပတ်လည် (315 KVA)ပါ

**ဆက်သွယ်ရန် ဖုန်း–၀၉–၅၀၁၃၉၁၇**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သော (၈)ထပ်ခွဲတိုက်၏ (A)လက်ယာဘက်ခြမ်း၊ ပထမထပ်(၂–လွှာ)၊ ဒုတိယထပ်(၃–လွှာ) မီနီကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ မီနီကွန်ဒိုတိုက်ခန်း(၂)ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးကြည်[၁၄/နေဖ(နိုင်)၀၈၆၂၂၅]မှ အရိပ်လှလှဆောက်လုပ်ရေးကန်ထရိုက်တာ ဦးကျော်အောင်ဝင်း[၁၂/ကတတ(နိုင်)၀၀၀၅၁၅]ထံမှ **"မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်စာချုပ်"**ဖြင့် ငွေအပြေအကျေပေးချေကာ မြေရှင်အသိအမှတ်ပြုဝယ်ယူပြီး မိမိလက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲ အကျိုးခံစားလျက်ရှိသော တိုက်ခန်းများဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ယင်းတိုက်ခန်းများနှင့်ပတ်သက်၍ မမှန်မကန်ပြုမူပြောဆို၊ ကန့်ကွက်ဟန့်တားနှောင့်ယှက်ခြင်း၊ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုတစ်ခုခုကို ဆောင်ရွက်ခြင်းများပြုလုပ်လာပါက ထိုသို့ပြုလုပ်သူအပေါ် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးကြည်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးမြင့်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၅၈)**
**အမှတ်–၉/၁၁၊ အခန်း–၃၀၆(၄–လွှာ)၊ ၃၆–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၆၉၄၁၉၊ ၀၉–၉၅၅၁၆၉၄၁၉**

## ပြင်ဆင်ဖတ်ရှုပါရန်

၇–၅–၂၀၂၀ ရက်တွင် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ ကြော်ငြာတွင် (ROOM)(BOOM)(VEVEY)ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှုပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပိုဒ်(၃)၌ သတ်မှတ်ပေးထားသော ဈေးနှုန်းများအတိုင်း မှန်ကန်စွာ ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ်ဟု မှားယွင်းဖော်ပြမိပါသဖြင့် သတ်မှတ်ပေးထားသော ဈေးနှုန်းများအတိုင်း မှန်ကန်စွာ ဖြန့်ဖြူးရောင်းချခြင်းမပြုက ဈေးပိုမိုရောင်းချခြင်း သို့မဟုတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**GOLDEN ROYAL HUB AGENCY CO.,LTD**
**အမှတ်(၃၇/၄၁)၊ A–1, လမ်း(၅၀)၊ အောက်ဘလောက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၆၈၃၉၃၃၈၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကျန်စစ်လမ်းရှိ အကွက်အမှတ်(၂၀)၊ ကျောင်းကွက်၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀.၃၃၂)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်သည် သုံးခွမြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် စာရင်းစာအုပ်–၁(က)တွင် ဦးဘိုးကျော့+ ဒေါ်စု အမည်ပေါက်သောမြေကွက်ဖြစ်ပါသည်။ ဦးဘိုးကျော့+ဒေါ်စုတို့တွင် ဦးအေးဖေနှင့် ဒေါ်သန်းကြည် သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်သန်းကြည်သည် ဦးထင်နှင့်အိမ်ထောင်ကျပြီး ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလှကြွယ်[၁၂/သခန(နိုင်)၀၁၀၈၄၇]၊ ဦးဝင်းမောင်[၁၂/သခန(နိုင်)၀၁၀၄၅၃]၊ ဦးကျော်သိန်း[၁၂/သခန(နိုင်)၀၁၀၈၂၉]ကိုင်ဆောင်သူ သား(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးဘိုးကျော့သည် ၁၉၄၅–ခုနှစ်တွင်လည်းကောင်း၊ ဒေါ်စုသည် ၁၉၅၀–ခုနှစ်တွင်လည်ကောင်း၊ ဦးအေးဖေသည် လူပျိုကြီးဘဝဖြင့် ၁၉၈၀ ခုနှစ်တွင်လည်းကောင်း၊ ဦးထင်သည် ၁၉၈၆ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်သန်းကြည်သည် ၁၉၉၉ ခုနှစ်တွင်လည်ကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ တရားဝင် အမွေဆက်ခံနိုင်ရေးအတွက် ရုံးဌာနအသီးသီး၌ တရားဝင်အမည်ပြောင်း လုပ်ဆောင်မည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်ချိုဦး**
**(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၃၈၁၆/၂၈–၁၁–၂၀၁၇)**
**အမှတ်(၄၄/၃)၊ သပြေလမ်း၊ (၁၂)ရပ်ကွက်၊ သုံးခွမြို့။**
**ဖုန်း–၀၉–၄၂၃၇၇၇၅၅၊ ၀၉–၇၉၃၃၇၇၇၅၅**

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

## ကျေးဇူးအထူးတင်ရှိခြင်း

သူရဦးထွန်းတင် နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း)၊ ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း) မကျန်းမာစဉ်အတွင်း မိသားစုသဖွယ် အထူးဂရုစိုက်ကူညီစောင့်ရှောက်ပေးကြပါသော ဦးစိန်ရ (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေး စိုး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဇနီး ဒုဗိုလ်မှူးကြီး ဒေါ်ကေသီကျော်နှင့် မိခင် ဒေါ်နှင်းအေးခိုင်နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးအား ကျန်ရစ်သူမိသားစုများမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်သိန်းနှင့် သားသမီး၊ မြေး၊ မြစ်များ**

## အထူးကျေးဇူးတင်ရှိခြင်း

### ဒေါက်တာမြင့်မြင့်မေ

### အသက် (၈၅) နှစ်

၂၆-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသော မိခင်ကြီး ဒေါက်တာမြင့်မြင့်မေ၏ စျာပနတွင် ဝိုင်းဝန်းကူညီပေးခဲ့ပါသော နာရေးကူညီမှုအသင်း (ရန်ကုန်)အား လည်းကောင်း၊ ရွာမနှစ်ခြင်းအသင်းတော်မှ Rev: ဒေါက်တာ မောင်မောင်ရင်နှင့် ဆရာ ဦးတင်အောင်ရွှေကိုတို့အားလည်းကောင်း၊ ဝမ်းနည်းကြောင်း ပေးပို့ပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆေးတက္ကသိုလ်(၂)၊ တပ်မတော် ဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (သားဖွားမီးယပ်ပညာအဖွဲ့)၊ SGED နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### မန်းမောင်မောင်သန်း [B.A,B.Ed, SAT (ငြိမ်း)]

### အ.ထ.က ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်

### အသက် (၈၅) နှစ်

နေပြည်တော်(ACE Group Of Companies)မှ ဦးစသန်းဦး-ဒေါ်ကြည်လဲ့လဲ့ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ACE Group Of Companies**

**Naypyitaw**

## အထူးဝမ်းနည်းကြေကွဲခြင်း

### မန်းမောင်မောင်သန်း [B.A,B.Ed, SAT (ငြိမ်း)]

### အ.ထ.က ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်

### အသက် (၈၅) နှစ်

နေပြည်တော်(ACE Group Of Companies)မှ ဦးစသန်းဦး-ဒေါ်ကြည်လဲ့လဲ့ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ATOP Machinery Group Co.,Ltd**

**Naypyitaw**

## အထူးဝမ်းနည်းကြေကွဲခြင်း

### မန်းမောင်မောင်သန်း[B.A,B.Ed,SAT(ငြိမ်း)]

### အ.ထ.က ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်

### အသက်(၈၅)နှစ်

နေပြည်တော် (ACE Group of Companies)မှ ဦးစသန်းဦး-ဒေါ်ကြည်လဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ATOP Construction Group Company**

**Naypyitaw**

## ဒေါ်မြညွန့် (တိုက်ကြီး)

### အသက် (၈၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ (ဦးဖိုးသောင်-ဒေါ်ထိုက်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမောင်ကံ-ဒေါ်ငွေရီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၆၇၆)နေ (ဦးသောင်းထွန်း)၏ဇနီး၊ (ဦးမြမောင်-ဒေါ်မြဆိတ်)၊ (ဦးထွန်းမင်း-ဒေါ်ကျင်စိန်)၊ (ဦးကျော်သောင်း-ဒေါ်ပုတု)၊ (ဦးမြကြီး-ဒေါ်သန်းစိန်)တို့၏ညီမ၊ ဦးမြင့်ဇော်ထွန်း၊ ဒေါ်မာဇင်ထွန်း၊ ဒေါ်သန့်ဇင်ထွန်း၊ ဦးစိုးမြင့်ထွန်း(ဒုညွှန်ချုပ်-ငြိမ်း၊ ဆည်မြောင်း)-ဒေါ်ဖြူဇင်ထွန်း၊ ဒေါ်လဲ့ဇင်ထွန်းတို့၏မိခင်၊ မခန့်ဆုယဉ် (3rd MB၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ချစ်လှစွာသောဘွားဘွားကြီးသည် ၆-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်

### အသက် (၈၄) နှစ်

ရန်ကုန်မြို့နေ (ဦးဝင်း-ဒေါ်တင်ကြွေ)တို့၏သမီး၊ (ဦးဘမှင်-ဒေါ်တင်ညွန့်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ အမှတ်(၁၈)၊ ဗဟန်း(၁)လမ်းနေ (ဦးလှအောင်)၏ဇနီး၊ ရဲမှူးသိန်းဇော်(ငြိမ်း၊ သတင်းတပ်ဖွဲ့)၊ ဒေါက်တာသန်းသန်းနု(ပါမောက္ခဌာနမှူး၊ ရုက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဦးမိုးဆက်-ဒေါက်တာသင်းသင်းသွယ်၊ ဒေါက်တာတင်မာအောင်(ကထိက၊ ဓာတုဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ချစ်လှစွာသော မိခင်၊ ဝတီမိုးဆက်၊ မဒီမိုးဆက်တို့၏ချစ်လှစွာသော အဘွားသည် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ ရေကန်၊ ပိဋကတ် (၃) ပုံ ဒါယိကာမကြီး

## ဒေါ်မြသန်း (ခ) အတိုး (ဗိုလ်တထောင်)

### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ တိုက်(၉/၂)၊ အခန်း(၁၂)၊ ရန်ငြိမ်းအိမ်ရာနေ (ဦးဘညွန့်-ဒေါ်အမာ)တို့၏သမီးကြီး၊ (ဦးစံပွင့်-ဒေါ်အေးစိန်)တို့၏သမီးချွေးမ၊ [ဦးသန်းထွန်း (ခ) ဦးကိုကိုကြီး] ၏ချစ်လှစွာသောဇနီး၊ (ဦးအုန်းမြင့်)-ဒေါ်မြသောင်း (ခ) အသောင်းတို့၏အစ်မကြီး၊ ဒေါ်အေးအေးသန်း(Amy)၊ ဒေါ်စိုးစိုးသန်း၊ ဒေါ်ငွေးငွေးသန်းထွန်း၊ (ဦးကိုကိုဇော်)-ဒေါ်နီနီအောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ ကိုစိုးဝဏ္ဏ (ခ) ကိုရဲ(SEA GATE SINGAPORE)၊ မောင်သက်သျှား-မနှင်းသီရိအောင်၊ မသိမ့်နန္ဒာအောင်၊ မောင်ဟန်ဦးကိုတို့၏ချစ်လှစွာသော အဘွား၊ သွန်းသွန်း၏ချစ်လှစွာသောဘွားဘွားကြီးသည် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၃၀ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှဖော်အောင် (မင်းပြား)

### လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)၊ ခရိုင်မြေစာရင်းဌာန

### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၇)၊ (၃)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးလှပြည့်အောင်-ဒေါ်ဒါခိုင်)တို့၏သား၊ (ဦးမောင်ရွှေကျော်-ဒေါ်မနီ)တို့၏သားသမက်၊ ဒေါ်သန်းမြင့် (ခ) ဒေါ်ဖြူမ၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဦး (ခ) ငြိမ်းမောင်-ဒေါ်မိုးမိုးသန့်၊ မလှလှဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်တင်ဝေယံ၊ မမြတ်မိုးနွယ်၊ မဇင်ဇင်အောင်တို့၏အဘိုးရှင်သည် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးညိုထွန်း (အမ်းမြို့)

### ရမ်းဗြဲမြို့နယ်ပညာရေးမှူး-ငြိမ်း

### ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

### ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)

### အသက်(၇၁)နှစ်

ရခိုင်ပြည်နယ် ပညာရေးမှူးရုံးတွင် လက်ထောက်ကြီးကြပ်ရေးမှူး (စာပေ-ရူပဗေဒ)တာဝန်ထမ်းဆောင်ခဲ့သော ဦးထွန်းထွန်းသိန်း၏ဖခင် ဦးညိုထွန်း (အမ်းမြို့)သည် ၁-၅-၂၀၂၀ (သောကြာနေ့) ညနေ ၄:၂၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လက်ထောက်ကြီးကြပ်ရေးမှူး**

**(စာပေ)များ**

**၂၀၀၅ ခုနှစ် ရခိုင်ပြည်နယ်ပညာရေးမှူးရုံး**

ရဟန်း ဒါယိကာမကြီး

## ဒေါ်မြရွှေ (မြောင်)

### အသက်(၈၆)နှစ်

မန္တလေးမြို့၊ ကံသာယာရပ်ကွက်၊ (၅၉)လမ်းနေ (ဦးတင်စိုး)-ဒေါ်ညွန့်ရီ၊ ဦးသန်းဝင်းစိုး-ဒေါ်ချိုချိုဝင်း (ရတနာမွန်-ပုံနှိပ်တိုက်၊ နမ္မတူ)၊ ဒေါ်မြတ်နွယ်စိုး (လခွဲ-၃၃၊ မန္တလေးမြို့)၊ ဦးဇော်ဇော်ထွန်း (ညွှန်မှူး-ငြိမ်း)-ဒေါ်လှနွယ်စိုးတို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘွား၊ မြောင်မြို့ (ဦးကြူး)၏ ဇနီးသည် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် မန္တလေးမြို့၊ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သက်နိုင်

### အသက်(၈၀)

### မုဒုံမြို့နယ်

ရန်ကုန်မြို့၊ အမှတ်(၁၄၅/C)၊ သီရိမင်္ဂလာလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘန်သိန်း)၏ ဇနီး၊ (ဦးစံငြိမ်း-ဒေါ်ပုလဲစိန်)တို့၏သမီး၊ ဦးမင်းသိန်း၊ ဒေါက်တာစိုးလွင်-ဒေါ်အိအိသူ၊ ဒေါက်တာဇော်ထက်-ဒေါ်သက်သက်ခိုင်၊ ဦးဝင်းသန့်သိန်း-ဒေါ်ကေသွယ်ထူးတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်ခင်သက်နိုင်သည် ၆-၅-၂၀၂၀ ရက် နံနက် ၇:၅၂ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်မြင့်

## အသက်(၈၇)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၀၃/၁၃)၊ ၆၁၀၊ ၂၇-၂၈ လမ်းကြား၊ ၇၆-၇၇ လမ်းကြား၊ သဇင်ပန်းဟိုတယ်၊ ဟေမာဇလရပ်ကွက်နေ ဒေါ်ခင်လေးမြင့် (တွဲဖက်စာရင်းစစ်) မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် (နေပြည်တော်)၏ ဖခင်သည် ၁-၅-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ပြင်ဦးလွင်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာ အနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေရိယာ ( )ဧက၊ မြေကွက်အမှတ်(၃-၃၄၅)၊ ဒေါ်ပြုံးကြည် မှတ်ပုံတင်အမှတ်(၉/ပမန(နိုင်) ၀၁၅၆၂၇)၊ အဘအမည် ဦးတင်မောင် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ခိုင်ဇာလွင် မှတ်ပုံတင်အမှတ် (၈/သရန(နိုင်) ၀၇၇၀၀၉)၊ အဘအမည် ဦးသန်းလွင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေး**

**ကော်မတီ**

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

## မောင်နေလင်းထွန်း

### အကြီးတန်းစာရေး၊ ပြည်တွင်းအခွန်များဦးစီးဌာန

### အသက် (၂၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၅)မိုင်ခွဲ (ဘဏ်ရိပ်သာ)၊ အမှတ်(၆၄၃)၊အခန်း(၄)နေ ဦးထွန်းလင်းအောင်(ဗဟိုဘဏ်)-ဒေါ်ငွေးငွေးစန်းတို့၏သားကြီး၊ မအေးသူအောင်(MAX Highway Co.,Ltd)၊ မလင်းလင်းငွေး (3rd Year၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)တို့၏အစ်ကို မောင်နေလင်းထွန်းသည် ၆-၅-၂၀၂၀ ရက် ည ၇:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးညိုထွန်း (အမ်းမြို့)

### ရမ်းဗြဲမြို့နယ်ပညာရေးမှူး-ငြိမ်း

### ပထမအကြိမ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

### ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)

### အသက်(၇၁)နှစ်

၁-၅-၂၀၂၀ (သောကြာနေ့) တွင် ကွယ်လွန်သွားသော ဦးညိုထွန်း၏ စျာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ပါသော တပည့်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညွန့်ရီ (မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး)

### အသက် (၉၅) နှစ်

ဦးတင်ထွဋ်ဦး(Independent Director-MTSH)-ဒေါ်ဥမ္မာဟိန်းတို့၏မိခင်ဖြစ်သူ ဒေါ်ညွန့်ရီသည် ၅-၅-၂၀၂၀ ရက် နံနက် ၀၀:၄၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

**Myanmar Thilawa SEZ Holding**

**Public Co.,Ltd (MTSH)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ အလှူငွေများ ပေးအပ်လှူဒါန်း




**ရန်ကုန် မေ ၇**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်းလစ်တိုပါဒေါ့ပ်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့နှင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့တို့ COVID -19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက် ပူးပေါင်းအကောင်အထည်ဖော်ရေး ဆွေးနွေး**

စာမျက်နှာ » ၄

**ဂျပန်ဒေသတချို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်**

စာမျက်နှာ » ၁၂

**ဂျူပင်တပ်အသင်းက ချယ်လ်ဆီးကွင်းလယ်လူ ဂျော်ဂျင်ဟိုကို ယူရို သန်း ၄၀ နဲ့ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိ**

စာမျက်နှာ » ၂၅

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပုသိမ်မြို့အဝင်တွင် ပိုးသတ်ဆေးဖျန်း

**ပုသိမ် မေ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အဝင် ကိုးဆူစစ်ဆေးရေးဂိတ်တွင် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဆက်လက်မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)၊ တိုင်းဒေသကြီးအတွင်းရှိ ကွန်ရက်ဝင်အသင်းအဖွဲ့များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိသည်။

**ကူညီဆောင်ရွက်**

ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့အဝင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်၌ တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော် ဦးဆောင်သော ရုံးအဖွဲ့ဝင်များနှင့် ပုသိမ်မြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့တို့က မိတ်ဖက်မြတ်စေတနာ လူမှုကူညီရေးအဖွဲ့တို့နှင့်အတူ ပိုးသတ်ဆေးဖျန်းခြင်းကို ကူညီဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ပုသိမ်မြို့တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအဖြစ် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✪**

# တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမား ၂၄၁ ဦး မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိ



**မူဆယ် မေ ၇**
တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား ၂၄၁ ဦးကို ယနေ့နံနက် ၉ နာရီက မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် မူဆယ်မြို့ နန်းတော်ဂိတ်၌ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းအပ်နှံသည်။

**ပြန်လည်လက်ခံရရှိ**

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ရွှေလီမြို့ ပြည်သူ့ရဲဌာန ပြည်ဝင်/ပြည်ထွက် နယ်စပ်ကာကွယ်စစ်ဆေးရေးအရာရှိ မစ္စတာအာဝေနှင့်တာဝန်ရှိသူတို့က လွှဲပြောင်းပေးရာ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် တာဝန်ရှိသူများက ပြန်လည်လက်ခံသည်။

**စနစ်တကျ ပို့ဆောင်ပေး**

မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူများကို မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပူးပေါင်းအဖွဲ့က ကျန်းမာရေးစစ်ဆေးချက်များ ပြုလုပ်ခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ရယူခြင်းနှင့် ထမင်း၊ ဟင်းများကျွေး၍ မူဆယ်မြို့ စောင့်ကြည့်လူနာဆောင်များဖြစ်သည့် အထက (၃)နှင့် တရုတ်စာသင်ကျောင်းတို့တွင် ပရဟိတယာဉ်များဖြင့် စနစ်တကျ အသီးသီးပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# နောင်တရားမြို့၌ ပြည်သူများအား နှာခေါင်းစည်းများအခမဲ့ပေးဝေ

**နောင်တရား မေ ၇**
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့တွင် အောင်ပန်း-လွိုင်ကော်ပြည်ထောင်စုလမ်းမကြီး၌ ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများနှင့် ယာယီဈေးသို့ လာရောက်သည့် ဈေးရောင်းဈေးဝယ်သူများ၊ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းက နှာခေါင်းစည်းများကို နောင်တရားမြို့ ဌာနဆိုင်ရာများ၊ လူငယ်ပရဟိတအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးမှ လှူဒါန်းပေးပို့သည့် နှာခေါင်းစည်း အခု ၅၀၀ ကို နှာခေါင်းစည်းတပ်ထားခြင်းမရှိသည့် ခရီးသွားပြည်သူများ၊ ယာယီဈေးသို့လာရောက်သည့် ဈေးရောင်း ဈေးဝယ်သူများ၊ ဒေသခံပြည်သူများအား ပေးဝေခြင်း၊ ကျန်းမာရေးအတွက် စနစ်တကျ နှာခေါင်းစည်းများတပ်နိုင်ရေး အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာ ပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက်
စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
မေ ၈၊ ၂၀၂၀ (သောကြာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်အစိုးရ

သတင်း - သီသီမင်း၊ ဓာတ်ပုံ - စောမောင်သိန်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်လုံခြုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေး၊ လျှပ်စစ်မီးရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ ပြည်သူတို့၏ လူမှုစီးပွားဘဝဘက်စုံ၊ ကဏ္ဍစုံတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တွေ့ဆုံမေးမြန်းခဲ့သည်-



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု

**မေး။ ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးကိစ္စတွေမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်နေမှုတွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ရခိုင်ပြည်နယ်ကို အောင်အောင်မြင်မြင်နဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ တိုးတက်ပြောင်းလဲမှုတွေကို သိသာမြင်သာတဲ့ အနေအထားမျိုးအထိ ဆောင်ရွက်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့ အခြေအနေ တိုးတက်ပြောင်းလဲမှုဖြစ်အောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့တစ်ခုတည်းနဲ့ မဟုတ်ဘဲ၊ ပြည်ထောင်စုအစိုးရရဲ့ ပံ့ပိုးထောက်ပံ့မှုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အခြားပံ့ပိုးကူညီသူတွေအပါအဝင် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် သိသာမြင်သာတဲ့ တိုးတက်ပြောင်းလဲမှုတွေရရှိခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုတွေကို ဆက်ပြီး ဆောင်ရွက်လာနိုင်တဲ့ အနေအထားဖြစ်ပါတယ်။

သိသိသာသာ ပြောင်းလဲမှုတွေထဲက အဓိကလုံခြုံရေးဆောင်ရွက်တဲ့အခါမှာ နံပါတ် (၁) နယ်ခြားစောင့်ကွပ်ကဲမှုရုံး၊ နံပါတ်(၂) အမှတ်(၄)လုံခြုံရေးကွပ်ကဲမှုအဖွဲ့ရုံး၊ နံပါတ်(၃) ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဆိုပြီး ဌာနကြီး(၃)ခုက လုံခြုံရေးကိစ္စတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယနေ့ဆိုရင် စစ်တွေမြို့ကြီးအပါအဝင် တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်ထားနိုင်တဲ့ အနေအထားရှိပါတယ်။ အားလုံးကို လုံခြုံတည်ငြိမ်အောင် လုပ်ထားနိုင်တဲ့အနေအထားမဟုတ်ပါဘူး။ တိုက်ပွဲတွေကလည်း ရှိနေပါတယ်။ ဒီဌာနကြီး သုံးခုကနေပြီး လုံခြုံတည်ငြိမ်မှုကို ထိန်းသိမ်းပြီး ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ တရားမဝင်၊ ဥပဒေနဲ့မညီ ဆောင်ရွက်တဲ့ကိစ္စတွေကို အရေးယူဖမ်းဆီးဆောင်ရွက်ခဲ့တာတွေရှိပါတယ်။

၂၀၁၉ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၁၈၀ နဲ့ တရားခံ ၃၀၅ ဦး၊ ဆေးပြားအနေနဲ့ ဆေးပြားပေါင်း ၇၉ သိန်းကျော် ဖမ်းဆီးရရှိပါတယ်။ နောက် အခြောက်နဲ့၊ ဆေးခြောက်၊ ဘိန်းမည်းနဲ့ ALPRAZOLAM တို့ဒါတွေလည်း ဖမ်းဆီးရမိပါတယ်။ **မွတ်ဆလင်လူမျိုးတွေနဲ့ပတ်သက်ပြီး** တရားမဝင်ဖြတ်ကျော်သွေးဆောင်ပြီး ခေါ်ဆောင်တာတွေကို တားဆီးဆောင်ရွက်နိုင်ခဲ့ပါတယ်။

အကျဉ်းဦးစီးဌာနအနေနဲ့ အကျဉ်းသားညှဉ်တွေ့မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အချိန်ပိုပြီး ခွင့်ပြုပေးတာတွေရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးတဲ့လုပ်ငန်းကို သစ္စာစီမံချက်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် တစ်နှစ်တာကာလမှာ အသက် ၁၀ နှစ်ပြည့်နဲ့ အသက် ၁၈ နှစ်ပြည့်သူတွေကို မှတ်ပုံတင်ကတ်လုပ်ပေးပါတယ်။ ဒါ့အပြင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ National Verification Process နဲ့ ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။ ဒါက ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားနေမှုကို ရှင်းပြပေးပါဦးရှင်။**

**ဖြေ။ ။** ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းကျောင်း ၁၇၄ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၂၂၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၁၈ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၃၀၄ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၇၀၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၃၇၇ ကျောင်းနဲ့ မူလတန်းကျောင်း(ခွဲ) ၂၈၀ စုစုပေါင်း ၃၂၈၅ ကျောင်းရှိပြီး လက်ရှိပညာသင်နှစ်ထိ ကျောင်းအဆင့်တိုးမြှင့်မှုအနေနဲ့ အခြေခံပညာအထက်တန်းကျောင်း ၂၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၁၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း

အထူးကဏ္ဍ [ ခ ] သို့ »»



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သော မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ ပေ ၉၆၀ ရှည် ဒါးလက်ချောင်းတံတားကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်ရဲ့ အခြေအနေတိုးတက် ပြောင်းလဲမှုဖြစ်အောင်ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့တစ်ခုတည်းနဲ့ မဟုတ်ဘဲ၊ ပြည်ထောင်စုအစိုးရရဲ့ ပံ့ပိုးထောက်ပံ့မှုတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အခြားပံ့ပိုးကူညီသူတွေအပါအဝင် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် သိသာမြင်သာတဲ့ တိုးတက်ပြောင်းလဲမှုတွေရရှိခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုတွေကို ဆက်ပြီးဆောင်ရွက်လာနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။

»»» အထူးကဏ္ဍ [ က ] မှ

၁၂၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၃၃ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၆၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၃၅ ကျောင်းနဲ့ မူလတန်းကျောင်း(ခွဲ) ၃၄ ကျောင်း စုစုပေါင်း ၅၂၅ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း စာစစ်ဌာန ၁၂၂ ခုမှာ ကျောင်းသား ၄၂၄၁၆ ဦးနဲ့ ကျောင်းသူ ၁၀၁၆၅ ဦး ဖြေဆိုခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၂၃ ဒသမ ၉၇ ရာခိုင်နှုန်းရှိပြီး တစ်ဘာသာဂုဏ်ထူးရှင် ၆၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦးနဲ့ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၆ ဦး ပေါ်ထွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းအနေနဲ့ ၂၀၁၈ ခုနှစ်က ၂၁ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ၂၃ ဒသမ ၉ ရာခိုင်နှုန်းဖြစ်သည့်အတွက် အောင်ချက်ရာခိုင်နှုန်း ၂ ဒသမ ၅၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေနဲ့ ဟောပြောပွဲတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်ရှင့်။**

**ဖြေ။ ။** ကျန်းမာကဏ္ဍအနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ကုသရေးဦးစီးဌာနအနေနဲ့ လုပ်ငန်း ၂၈ ခု၊ ဆေးရုံအဆောက်အအုံ ၆၈ ခုနဲ့ ဝန်ထမ်းအိမ်ရာ ၆၅ ခုတို့ကို ရန်ပုံငွေကျပ် ၂၉၅၉ ဒသမ ၆၂၆ သန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ လုပ်ငန်း ၄၄ ခု၊ ဆေးရုံအဆောက်အအုံ ၄၄ ခုနဲ့ ဝန်ထမ်းအိမ်ရာ ၅၈ ခုတို့ကို ရန်ပုံငွေကျပ်သန်း ၃၉၆၀ နဲ့ ဆောက်လုပ်ခဲ့ပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှာ သူနာပြုသားဖွားဒီပလိုမာ (၃) နှစ်သင်တန်းကို ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာ ၁၅၅ ဦး တက်ရောက်ခဲ့ပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာတဲ့ အသက် ၂ နှစ်အောက် ကလေးငယ်တွေကို ငွေကြေးထောက်ပံ့မှုအနေနဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ အကျိုးခံစားခွင့်ရှိသူ ၂၄၉၀၇၃ ဦးကို စုစုပေါင်းငွေကျပ် ၁၆၄၆၅၆၂၀၀၀၀ ထောက်ပံ့ပေးခဲ့ပြီး ဘိုးဘွား ၂၇၆၅၁ ဦးကို လူမှုရေးပင်စင်အဖြစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ငွေကျပ် ၈၂၉၅၃၀၀၀၀ ကို ထောက်ပံ့ခဲ့ပါတယ်။

ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရဌာနပိုင် မူလတန်းကြိုကျောင်းတွေ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းတွေ၊ ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်းတွေနဲ့ ဝေးကွာပြီး မူလတန်းကြိုကျောင်းတက်ရန် လက်လှမ်းမမီတဲ့ ကလေးငယ်တွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နဲ့ အာဟာရပြည့်ဝစွာစားသုံးနိုင်မယ့် နည်းလမ်းတွေကို သိရှိစေရန် ရည်ရွယ်ပြီး ပြည်နယ်လူမှုဝန်ထမ်းရုံးရဲ့ ဦးဆောင်မှုနဲ့ မိခင်ဝိုင်းတွေကို တစ်ဝိုင်းလျှင် ၅ နှစ်အောက်ကလေး ၂၀ ဦးစီနဲ့ ဖွဲ့စည်းခဲ့ပြီး မိခင်ဝိုင်းခေါင်းဆောင်တစ်ဦးလျှင် တစ်လငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မိခင်ဝိုင်းအတွင်းရှိ ကလေးတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၅၀ နှုန်းနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ မိခင်ဝိုင်း ၆၅ ဝိုင်းကို ထောက်ပံ့ငွေကျပ် ၁၄၀၀၃၀၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိတဲ့ တိုက်ပွဲတွေနဲ့ အခြားဘေးအန္တရာယ်တွေကြောင့် ထောက်ပံ့ငွေကျပ် ၈၅၃၉၉၀၀၈၀ ကို ပြည်သူတွေ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲ (၄) ကြိမ်၊ BDMC (၁) ကြိမ်နဲ့ သဘာဝဘေးလျော့ပါးရေးဆင့်ပွားသင်တန်း (၁) ကြိမ်တို့ကို ခရိုင်၊ မြို့နယ်တွေမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်းက ပြည်သူတွေ အလုပ်အကိုင်ရရှိဖို့အတွက် ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

**ဖြေ။ ။** ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အလုပ်လက်မဲ့ ပြည်သူတွေ အလုပ်အကိုင်ရရှိစေရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနဲ့ GIZ တို့ ပူးပေါင်းပြီး စစ်တွေမြို့နယ်မှာ စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနဲ့ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ ကျောက်တော်မြို့မှာ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနဲ့ ရေပိုက်ဆက်သင်တန်းတွေကို သင်ကြားပေးလျက်ရှိပါတယ်။ IOM နဲ့ ပူးပေါင်းပြီး ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အထောက်အကူပြုဗဟိုဌာနကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှာ တွဲဖက်ဖွင့်လှစ်ပြီး ရွှေ့ပြောင်းသွားလာသူတွေကို အသိပညာပေးဆွေးနွေးပေးခြင်းနဲ့ ဘေးကင်းလုံခြုံပြီး စနစ်ကျသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ILO နဲ့ ပူးပေါင်းပြီး နှစ်စဉ်လုပ်သားအင်အား စစ်တမ်းကောက်ယူခြင်း အစီရင်ခံစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် စစ်တွေမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(စစ်တွေ)တွင် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၌ ရခိုင်တိုင်းရင်းသား သုံးဦးနဲ့ မရမာကြီးတိုင်းရင်းသား ငါးဦး စုစုပေါင်း ရှစ်ဦး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ ဆုထူးပန်ကျောက်မျက်ကုမ္ပဏီတို့ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့တဲ့ ကျောက်မျက်အချောထည်ထုတ်လုပ်ရေးနှင့် အသက်မွေးမှု အတတ်ပညာသိပ္ပံသင်တန်းကျောင်း(အခမဲ့)၌ ခမီတိုင်းရင်းသားတစ်ဦး၊ ဒိုင်းနက်(သက္ကမ)တိုင်းရင်းသားတစ်ဦး၊ သက်တိုင်းရင်းသားတစ်ဦးနဲ့ ချင်း(လေးတူ)တိုင်းရင်းသားတစ်ဦး စုစုပေါင်း လေးဦး တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့်တာဝန်ရှိသူများ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၈၆ ဒသမ ၁၂၃ သန်းဖြင့် ဆောင်ရွက်သော စစ်တွေမြို့ ကုန်သည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို (၉-၈-၂၀၁၉) ရက်နေ့က ကြည့်ရှုစစ်ဆေးစဉ်။

**မေး။ ။ လျှပ်စစ်ကဏ္ဍနဲ့ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။ ။** လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့ ပတ်သက်ပြီး သိသာမြင်သာတဲ့ တိုးတက်ပြောင်းလဲမှုတွေ အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်နယ်ဟာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထက် ပိုပြီး အပြောင်းအလဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုးတက်မှုလည်းရရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကျေးရွာတွေ အပါအဝင် ၅၀ ရာခိုင်နှုန်းမီးလင်းတဲ့ အထိမ်းအမှတ်တွေ လုပ်နေတဲ့အချိန်အခါမှာ ကျွန်တော်တို့ ပြည်နယ်က ၅၈ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးရရှိခဲ့ပါတယ်။

အထူးသဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ မာန်အောင်မြို့ကို ၂၄ နာရီ မီးရရှိရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါက ဆိုလာစနစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ မဟာဓာတ်အားလိုင်းကနေပြီး လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၆၂ ဒသမ ၉ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၁၀ ဒသမ ၅၁ မိုင်နဲ့ ၁၁/၀ ဒသမ ၄ ကေဗွီအေ ထရန်စဖော်မာက ၂၃၃ လုံးအထိကို တိုးချဲ့တပ်ဆင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နယ်စပ်ဒေသတွေဖြစ်တဲ့ မောင်တောဒေသမှာဆိုရင် မောင်တောမြို့တွင်း ဓာတ်အားခွဲရုံကနေ နယ်စပ်ဒေသ ဓာတ်အားရရှိရေးကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါက JICA အစီအစဉ်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ၆၆ ကေဗွီအေအနေနဲ့ ကြိမ်ချောင်းဓာတ်အားလိုင်းကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ၆၆/၃၁၊ ၆၆/၃၃၊ ၁၁ ကေဗွီ/၁၀ အမ်ဘီအေ ဓာတ်အားခွဲရုံကို ကြိမ်ချောင်းမှာ တည်ဆောက်ပြီး ကြိမ်ချောင်းနဲ့



၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ပန္နူ–အင်းဒင်–စေတီပြင် တောင်ကျော်လမ်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာ ၁၆ ရွာက အိမ်ထောင်စု ၁၄၅၃ စုကို ဒီနှစ်ထဲမှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာမှာ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၆၇ မိုင်၊ ၆၆ /၁၁ ကေဗွီ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်ပြီး အနီးပတ်ဝန်းကျင်မှာရှိတဲ့ ၆၉ ရွာ အိမ်ထောင်စု ၄၇၄၈ စုကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ JICA အစီအစဉ်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ အမ်းမြို့မှာ ကန်စွန်းကိုင်းကျေးရွာမှာ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၄ ဒသမ ၅၁ မိုင်၊ ၃၃ /၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ကန်စွန်းကိုင်းကျေးရွာနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာ ၅၃ ရွာ၊ အိမ်ထောင်စု ၄၂၆၉ စုကို မဟာဓာတ်အားလိုင်းရရှိဖို့အတွက်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ NEP စနစ်နဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မီးရရှိရေးဆောင်ရွက်တဲ့နေရာမှာ ယခုနှစ်စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ သံတွဲနဲ့ အမ်းမြို့နယ်တွေမှာရှိတဲ့ ကျေးရွာ ၁၇ ရွာကို မီးရရှိရေးအတွက် ဆက်လက်ပြီး ဆောင်ရွက်နေပါတယ်။

၂၀၁၈ – ၂၀၁၉ ပြည်ထောင်စုပြည်နယ်ဘတ်ဂျက်မှာပါတဲ့ လုပ်ငန်းတွေကို လုပ်နိုင်ခဲ့တာက ဓာတ်အားစနစ် ၂၂ မြို့၊ ဒီဇယ်စနစ်နဲ့ တောင်ပြိုလက်ဝဲမြို့၊ ဆိုလာစနစ်နဲ့ မာန်အောင်မြို့ စုစုပေါင်း ၂၄ မြို့ကို မီးလင်းပြီးဖြစ်ပါတယ်။ ကျေးရွာအနေနဲ့ ၃၇၄၂ ရွာ၊ ဓာတ်အားစနစ်နဲ့ ၅၆၆ ရွာ၊ ဒီဇယ်နဲ့ ၈၅၃ ရွာ ၊ ဆိုလာနဲ့ ၆၇၅ ရွာ စုစုပေါင်း ၂၀၈၄ ရွာ ရာခိုင်နှုန်းအနေနဲ့ ၅၆ ရာခိုင်နှုန်း ဓာတ်အားရရှိပြီးဖြစ်ပါတယ်။

**မေး။ ။ စိုက်ပျိုးရေး၊ သစ်တောနဲ့ ပတ်သက်ပြီးဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။**

**ဖြေ။** ။ ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ထိုင်းနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပေါင်းစည်းလယ်ယာစနစ်အတွက် စစ်တွေမြို့နယ် အောင်ဒိုင်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၀ ဧကတွင် Sufficiency Economy Philosophy (SEP) အခြေပြု Community Development Center ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်သစ်တောကဏ္ဍအနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အထိ သစ်တောကြိုးဝိုင်း ၁၄ ခု၊ ကြိုးပြင်ကာကွယ်တော ၂၅ ခုနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ တစ်ခု၊ စုစုပေါင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၀ ဖွဲ့စည်းထားနိုင်ခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကြိုးပြင်ကာကွယ်တော ၅ ခုကို ထပ်မံတိုးချဲ့သတ်မှတ်နိုင်ခဲ့တဲ့အတွက် ၂၀၁၉ ခုနှစ်အထိ ရခိုင်ပြည်နယ်တွင် စုစုပေါင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၅ ခု၊ ဧရိယာအားဖြင့် ၂၆၅၉၁၇၄ ဒသမ ၆၃ ဧကကို တိုးချဲ့ဖွဲ့စည်းထားနိုင်ခဲ့ပါတယ်။

**မေး။ ။ လယ်ယာမြေနဲ့ပတ်သက်ပြီး ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း အစည်းအဝေး (၄) ကြိမ်ပြုလုပ်ခဲ့ပြီး အမှုတွဲ ၁၇၄ တွဲကို ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ပါတယ်။ ၎င်းအမှု တွဲတွေအနက် လယ ၃၀ (က) ခွင့်ပြုပေးသည့် အမှုတွဲ ၁၄ တွဲနဲ့ ဧရိယာ ၅၉ ဒသမ ၈၄ ဧက၊ လယ ၃၀ (ခ) ခွင့်ပြုပေးသည့် အမှုတွဲ ၂၃ တွဲနဲ့ ဧရိယာ ၁၂၆ ဒသမ ၆၈ ဧကကို လုပ်ပိုင်ခွင့် ခွင့်ပြုပေးခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပုံစံ (၇)ထုတ်ပေးမှုအနေနဲ့ တောင်သူ ၁၁၅၇ ဦးအတွက် ဧရိယာ ၅၇၉၇ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးနိုင်ခဲ့ပါတယ်။

ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း အစည်းအဝေး (၄) ကြိမ်ပြုလုပ်ခဲ့ပြီး ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ မြေလွတ်၊ မြေရိုင်း ဧရိယာ ၃ ဒသမ ၉၅ ဧကကို တောင်သူလေးဦးထံ လုပ်ပိုင်ခွင့်ချထားပေးခဲ့ပါတယ်။ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကနေ မြေလွတ်နဲ့ မြေရိုင်းဧရိယာ ၅၇၅ ဒသမ ၃၀ ဧကကို တောင်သူ ၆၇ ဦးသို့ လုပ်ပိုင်ခွင့် ခွင့်ပြုပေးထားနိုင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း (၁) မှ (၁၈) အထိ အမှုတွဲပေါင်း ၈၄၂ မှုအနက် ဖြေရှင်းပြီးအမှု ၇၅၅ မှုရှိပြီး ကျန်ရှိတဲ့အမှု ၈၇ မှုအပေါ် ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ၇၄ မှု ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဖြေရှင်းဆောင်ရွက်ဆဲအမှု ၁၃ မှုရှိပါတယ်။

ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြား


JICA မှ ODA ချေးငွေဖြင့် ဆောင်ရွက်သည့် စစ်တွေမြို့ ရေပေးရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရေသန့်စင်စက်ရုံအား (၉–၈–၂၀၁၉) ရက်နေ့က ဝေဟင်မှ တွေ့ရစဉ်။

မြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ဗဟိုကော်မတီကနေ လွှဲပြောင်းပေးပို့လာတဲ့ မြေယာတိုင်ကြားစာ ၄၁၆ တွဲအနက် ၃၀၇ တွဲကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဖြေရှင်းဆောင်ရွက်နေတဲ့ အမှုတွဲ ၁၀၉ တွဲ ကျန်ရှိပါတယ်။ ကျန်ရှိတဲ့အမှုတွဲ ၁၀၉ တွဲကို ၂၀၂၀ ပြည့်နှစ်အကုန် အပြီးဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို တိုက်ရိုက်တိုင်ကြားစာ ၃၃၆ စောင်အနက် ၂၈၄ စောင်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြေရှင်းဆောင်ရွက်ဆဲတိုင်ကြားစာ ၅၂ စောင်ကျန်ရှိပါတယ်။ ကျန်ရှိတဲ့ တိုင်ကြားစာ ၅၂ စောင်ကိုလည်း ၂၀၂၀ ပြည့်နှစ်မှာ အပြီးဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၄ နှစ်တာကာလအတွင်း သိမ်းဆည်းမြေတွေထဲက အမှုတွဲ ၃၂၃ တွဲပါ မြေဧရိယာ ၃၀၆၉၆ ဒသမ ၃၃၇ ဧကကို ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မူရင်းပိုင်ရှင် တောင်သူ ၄၃၇၃ ဦးနဲ့ ဌာန၊ အဖွဲ့အစည်းတွေထံကို ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်တွင် သိမ်းဆည်းမြေတွေနဲ့ ပတ်သက်ပြီး ဗဟိုကော်မတီကပေးပို့တဲ့ အမှုတွဲတွေအနက် ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိတဲ့အတွက် လျော်ကြေး၊ နစ်နာကြေးပေးအပ်မှုအနေနဲ့ အမှုတွဲပေါင်း ၁၈ တွဲရှိပြီး တောင်သူ ၆၂ ဦးရဲ့ မြေဧရိယာ ၁၆၃ ဒသမ ၇၉၈ ဧကအတွက် လျော်ကြေးနဲ့ နစ်နာကြေး ငွေကျပ်သန်းပေါင်း ၁၅၀၆ ဒသမ ၆၆၂ သန်းကို ပေး လျော်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ပြင် ပြည်နယ်ကော်မတီကို တိုက်ရိုက်တိုင်ကြားတဲ့ အမှုတွဲတွေအနက် ပြန်လည်စွန့်လွှတ်နိုင်ခြင်းမရှိတဲ့အတွက် လျော်ကြေးနဲ့ နစ်နာကြေးပေးအပ်မှုအနေနဲ့ အမှုတွဲပေါင်း ၂ တွဲရှိပြီး တောင်သူ ၂၈ ဦးရဲ့ မြေနေရာ ၁၁၇ ဒသမ ၆၀ ဧကအတွက် လျော်ကြေးနဲ့ နစ်နာကြေး ငွေကျပ်သန်းပေါင်း ၄၃၉ ဒသမ ၅၀ ပေးအပ်ခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် အဓိကကျတဲ့ အခြေခံအဆောက်အအုံတွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**ဖြေ။** ။ ကျွန်တော်တို့ပြည်နယ်အစိုးရအနေနဲ့ တာဝန်ယူတဲ့ အချိန်ကနေစပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို ပြည်တွင်းပညာရှင်တွေ၊ နိုင်ငံတကာကအဖွဲ့အစည်းတွေ ကုလသမဂ္ဂ အပါအဝင် ပူးပေါင်းပြီး အဓိကလုပ်ငန်းတွေကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။


သံတွဲခရိုင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မဒီဓာတ်အားခွဲရုံကို တွေ့ရစဉ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအဆောက်အအုံတွေကို ဦးစားပေးပြီး ဆောင်ရွက်ပါလို့ ညွှန်ကြားထားပါတယ်။ ဒီညွှန်ကြားချက်နဲ့အညီ အခြေခံအဆောက်အအုံတွေကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့် ရခိုင်ပြည်နယ်မှာ အခြေခံအဆောက်အအုံတွေကို တကယ့်အခြေခံလိုအပ်ချက်တွေနဲ့အညီ ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ခဲ့ပြီလို့ ပြောနိုင်ပါတယ်။

အထူးသဖြင့် ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီး၊ ရေရရှိရေးနဲ့ လူမှုရေးကဏ္ဍတွေ ဖြစ်ပါတယ်။ ဒီလိုအဓိကကျတဲ့ အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းနိုင်ခဲ့တာ လမ်း၊ တံတားတွေကို မြင်တွေ့နိုင်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ တောင်ဘက်အစွန်ဆုံးမြို့ဖြစ်တဲ့ ဂွမြို့မှာ ချောင်းကိုဖြတ်ပြီး ပေ ၁၃၀၀ ကျော် တံတားတစ်စင်း တည်ဆောက်နေပါတယ်။ ဒီတံတားပြီးစီးရင် ရခိုင်ပြည်နယ် တစ်နံတစ်လျားကို ကုန်းလမ်းသာမကနီးစပ်တဲ့ ဧရာဝတီနဲ့ ပဲခူးတိုင်းဒေသကြီးတွေကို ဆက်သွယ်ပြီး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့ နေရာမှာ အဓိကကျတဲ့ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခဲ့မှုကို သိချင်ပါတယ်။**

**ဖြေ။** ။ ၂၀၁၉ – ၂၀၂၀ ဘတ်ဂျက်မှာ ပြည်နယ်အနေနဲ့ ငွေကျပ် ၂၀၈ ဒသမ ၄၉၇ ဘီလီယံနဲ့ ပြည်ထောင်စုအနေနဲ့ ငွေကျပ် ၁၉၀ ဒသမ ၉၀၃ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၉၉ ဒသမ ၄၀၀ ဘီလီယံ သုံးစွဲနိုင်ခဲ့ပါတယ်။ ၂၀၂၀ – ၂၀၂၁ ဘတ်ဂျက်အတွက် ငွေကျပ် ၂၁၆ ဘီလီယံ လျာထားပါတယ်။

**မေး။ ။ ခရီးသွားကဏ္ဍ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ ရခိုင်ပြည်နယ်အတွင်း ခရီးစဉ်ဒေသတွေဖြစ်တဲ့ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ ဂွနဲ့ ငပလီမြို့တို့တွင် ဟိုတယ် ခုနစ်ခုနဲ့ အိပ်ခန်းပေါင်း ၂၄၃ ခန်း၊ တည်းခိုရိပ်သာ ၁၇ ခုနဲ့ အိပ်ခန်းပေါင်း ၃၂၀ ၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်သုံးခု ထပ်မံခွင့်ပြုပေးခဲ့တဲ့အတွက် ပြည်နယ်အတွင်း ဟိုတယ် ၄၆ လုံးနဲ့ အိပ်ခန်းပေါင်း ၁၈၆၆ ခန်း၊ တည်းခိုခန်း ၄၈ လုံးနဲ့ အိပ်ခန်းပေါင်း ၁၀၀၅ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

ကိုးခုကို ခွင့်ပြုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ဒေသဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ငပလီကမ်းခြေကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်လည်ပတ်လာစေဖို့၊ ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ချက်တွေနဲ့ **“ငပလီကမ်းခြေ ဆောင်းဦးပွဲတော် Nagpali Beach Autumn Festival 2019”** အခမ်းအနားကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှာ ရိုးရာအားကစားပြိုင်ပွဲတွေ၊ ရိုးရာအစားအစာပြပွဲတွေ၊ ဒေသထွက်ကုန်လက်မှုပစ္စည်းတွေ ရောင်းချခြင်းတို့နဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ခရီးစဉ်ဒေသအသီးသီးမှာ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနဲ့ ခရီးသွားလုပ်ငန်းနဲ့ဆက်နွှယ်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုတိုးတက်လာနိုင်ရေးအတွက် ရည်ရွယ်ပြီး Rakhine State Tourism Master Plan (2020– 2030) ရေးဆွဲနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ Tourism Master Plan ရေးဆွဲနိုင်ဖို့အတွက် အထောက်အကူပြု အစီအစဉ်တစ်ခုဖြစ်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို Comprehensive Strategy for Responsible and Sustainable Tourism Development for Rakhine State 2020 – 2030 ခေါင်းစဉ်နဲ့ ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ Amazing Ngapali Resort ဟိုတယ်မှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း စီးပွားရေးဇုန်တွေ အကောင်အထည်ဖော်နေမှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကညင်ချောင်းစီးပွားရေးဇုန်ကို ၂၀၁၇ ခုနှစ်မှစတင်၍ ပြည်နယ်အစိုးရအဖွဲ့ ထည့်ဝင်ငွေ ၆၅ ရာခိုင်နှုန်းနဲ့ ပုဂ္ဂလိကမှ ထည့်ဝင်ငွေ ၃၅ ရာခိုင်နှုန်း အချိုးဖြင့် ထည့်ဝင်ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်တဲ့အတွက် ကညင်ချောင်းစီးပွားရေးဇုန်ကို ၂၀၂၀ ပြည့်နှစ်အတွင်း ဖွင့်လှစ်ဖို့လျာထားပါတယ်။ ကညင်ချောင်းစီးပွားရေးဇုန် ဖွင့်လှစ်ပြီးရင် စီးပွားရေးဇုန်အတွင်း ဆောင်ရွက်မယ့် လုပ်ငန်းတွေကို လျင်မြန်သွက်လက် မြန်ဆန်စွာ အချိန်တိုအတွင်း ပြီးစီးနိုင်အောင် One Stop Service စနစ်နဲ့ ဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့ CITIC GROUP ဥက္ကဋ္ဌတို့က Exchange of Letter (EOL) ကို ၂၀၁၇ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ရေးထိုးခဲ့ပြီး မူဘောင်သဘောတူညီချက်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် လက်မှတ်ရေးထိုး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မြန်မာနိုင်ငံခရီးစဉ်အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၈ ရက်မှာ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းဆိုင်ရာ သဘောတူစာချုပ်၊ အစုရှယ်ယာများနှင့်သက်ဆိုင်တဲ့ သဘောတူစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ် မတ်လအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ငွေကျပ် ၂၀၃၃ ဒသမ ၇၈၀ သန်းတန်ဖိုးရှိ စက်မှုလုပ်ငန်းတစ်ခု၊ ငွေကျပ် ၂၀၀၄ ဒသမ ၅ သန်း တန်ဖိုးရှိ ဟိုတယ်လုပ်ငန်း တစ်ခုနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ စက်မှုလုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်းသုံးခုကို အတည်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဒီလုပ်ငန်းတွေကနေ အလုပ်အကိုင် အခွင့်အလမ်း စုစုပေါင်း ၄၀၃ ဦး ဖန်တီးပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။**

**ဖြေ။** ။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ မြို့ပြကတ္တရာလမ်း ၂ မိုင် ၇ ဒသမ ၃၉၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၅ ဒသမ ၂၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၄ မိုင် ၁ ဒသမ ၁၃၆ ဖာလုံ၊ အခြား ၈၇ ခု စုစုပေါင်း လမ်းအရှည် ၂၄ မိုင် ၅ ဒသမ ၇၇၉ ဖာလုံကို ငွေကျပ်သန်းပေါင်း ၁၃၄၀၆ ဒသမ ၇၉၈ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

မြို့ပြကွန်ကရစ်တံတား ၆၇ စင်း၊ ရေပြွန် ၉၂ စင်း၊ အခြား ရှစ်ခု စုစုပေါင်း ၁၆၇ ခုကို ငွေကျပ် ၁၅၀၈ ဒသမ ၃၇၁ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့ရေပေးဝေရေးအနေနဲ့ အခြားရေပေးဝေရေးနဲ့ ဆက်စပ်တဲ့လုပ်ငန်း ၂၅ ခုကို ငွေကျပ် ၁၆၈၇ ဒသမ ၉၅၀ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ JICA – ODA Loan ချေးငွေကျပ် ၁၀၃ သန်းနဲ့ ရဲမာန်ကုမ္ပဏီကနေ ကန်တော်ကြီး ရေစစ်ကန်နဲ့ ကန်ပိုင်ရေစစ်ကန်တို့မှာ Blower System ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဂွမြို့နယ် ရေပေးရေးအတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၁၅၀ နဲ့ ကျိန္တလီမြို့ တစ်ဖက်ပိတ်လျှိုပိတ်ဆည်ကနေ မြို့အဝင်အထိ ပင်မရေပိုက်သွယ်တန်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်။**

**ဖြေ။** ။ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေ၊ ဌာနဝန်ထမ်းတွေနဲ့ UNESCO က ပညာရှင်တွေ ညှိနှိုင်းပူးပေါင်းပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်မှာ Nomination Dossier Draft (မူကြမ်း) တင်သွင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်တွင် အဆိုပါမူကြမ်းကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ကို တင်ပြထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အသိပညာ တိုးတက်ဖို့အတွက် ပြည်နယ်အတွင်း စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ ကလေးတွေရဲ့ စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ဗဟုသုတရရှိရေးနဲ့ ပညာရည်မြင့်မားရေးတို့အတွက်ကို ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ပြည်သူများ အသိပညာ၊ ဗဟုသုတတိုးပွားစေရေး၊ အစိုးရနဲ့ ပြည်သူလူထုအကြားမှာ နွေးထွေးစွာတိုင်ပင်ရမယ့် အကြောင်းကိစ္စတွေ ပွင့်လင်းမြင်သာစွာ ပါဝင်ဆွေးနွေးနိုင်ဖို့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး လူထုအခြေပြုဗဟိုဌာန (Community Center) ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရဲ့ မိုလ်ဘိုင်းမော်တော်ယာဉ်နဲ့ သုတ၊ ရသစာအုပ် ၃၀၀၀ ကို ၂၀၁၈ ခုနှစ်ကစပြီး အသိပညာပေးလုပ်ငန်း (၆၀၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ။



၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ပုဏ္ဏားကျွန်း–ရသေ့တောင် ဆက်သွယ်သော ပေ ၈၈၀ အရှည်ရှိ ရသေ့တောင်ချောင်းတံတား ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

**“ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ် မတ်လအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ငွေကျပ် ၂၀၃၃ ဒသမ ၇၈၀ သန်းတန်ဖိုးရှိ စက်မှုလုပ်ငန်းတစ်ခု၊ ငွေကျပ် ၂၀၀၄ ဒသမ ၅ သန်း တန်ဖိုးရှိ ဟိုတယ်လုပ်ငန်းတစ်ခုနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအနေနဲ့ အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ စက်မှုလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်းသုံးခုကို အတည်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဒီလုပ်ငန်းတွေကနေ အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၄၀၃ ဦး ဖန်တီးပေးနိုင်ခဲ့**